www.free4readers.com



နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ပညာရေးကဏ္ဍ တိုးတက်ဖို့ လုပ်ဆောင်ရမှာတွေ ပြောကြား

စာ-၁၆,၁၇

စီးပွားရေးသတင်းဂျာနယ်



ပုဂံမှာ သုံးဘီးနဲ့ အီး-ဘိုက် ဈေးကွက်ဖြိုင်ကြတော့မလား

စာ-၄

အမှတ် ၆၄၂ | *The Modern Weekly* | ၇ ဒီဇင်ဘာ ၂၀၁၈၊ သောကြာနေ့

# ဒေါ်လာကျ ရွှေကျ အောက်ခြေဘဝတွေမှာတော့...

စာ-၆,၇



မန္တလေးစီးပွား လာမယ့်နှစ်မှာ ကောင်းလာနိုင်သလား



စာ-၁၀,၁၁

ဒေါ်လာ အတက်အကျ မှန်းဆဖို့ ခက်နေသေး

စာ-၅



ဒေါ်လာဈေးကျ၊ ရွှေဈေးကျ ရွေ့အလားအလာက တည်ငြိမ်မှု



စာ-၈,၉

www.free4readers.com



# မန္တလေး အသားထုတ်လုပ်ရေးလုပ်ငန်းတွေ တိုးတက်ဖို့ တင်ပြထား



လက်ရှိ ကျင့်သုံးနေတဲ့လိုင်စင်စီစနစ်က အသားထုတ်လုပ်ရေးကဏ္ဍမှာ တင်မဟုတ်ဘဲ မွေးမြူရေးကဏ္ဍကိုပါ ထိခိုက်မှုရှိတယ်။

**မန္တလေး၊ ဒီဇင်ဘာ ၅** – မန္တလေးမြို့မှာ အသားထုတ်လုပ်ရေးလုပ်ငန်းတွေ အခုထက်ပိုမိုဖွံ့ဖြိုးလာအောင် ဥပဒေ၊ နည်းဥပဒေအချို့ကို ပြောင်းလဲပေးဖို့ လိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ အကြံပြုတင်ပြထားတယ်လို့ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး)က သိရပါတယ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေနှင့် ပတ်သက်ပြီး ပြည်သူ့အသံကြားနာပွဲကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှာ သည်လ (ဒီဇင်ဘာလ) ၇ ရက်မှ ၉ ရက်အထိ ပြုလုပ်မှာဖြစ်ပါတယ်။ အဆိုပါပြည်သူ့အသံကြားနာပွဲမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ ဈေးနှင့် သားသတ်ဌာနနဲ့ ပတ်သက်တာတွေ ဆွေးနွေးမှာဖြစ်ပြီး သည့်အတွက် ပြင်ဆင်လိုသည့် ဥပဒေ၊ နည်းဥပဒေများကို တင်ပြခဲ့တာလို့ သိရပါတယ်။

သားသတ်ရုံ အစား အသားထုတ်လုပ်ရုံဟု အမည်ပြောင်းလဲသုံးစွဲဖို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင့်သုံးလျက်ရှိသော အသားလိုင်စင်စီစနစ်ကို ပယ်ဖျက်ဖို့ လိုအပ်တာ၊ ပုဂ္ဂလိကအသားထုတ်လုပ်ရုံ(သားသတ်ရုံ)ထူထောင်လုပ်ကိုင်ခွင့်ပေးပြီးအရည်အသွေးအပြိုင်အဆိုင် ထုတ်လုပ်ရေးအားပေးဖို့ လိုအပ်တာ၊ ပုဂ္ဂလိက အသားထုတ်လုပ်ရုံ (သားသတ်ရုံ)ကို နှစ်ပိုင်းခွဲဖို့၊ အနိမ့်ဆုံးလိုအပ်ချက်အခြေခံလိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများသတ်မှတ်ထားတဲ့ ဒေသဆိုင်ရာ အသားထုတ်လုပ်ရေးလုပ်ငန်းနှင့် အာဆီယံအဆင့် လိုက်နာရမယ့် လုပ်နည်းများသတ်မှတ်ထားတဲ့ အာဆီယံအဆင့်အသားထုတ်လုပ်ရေးစက်ရုံလို့ နှစ်မျိုးခွင့်ပြုပေးသင့်တာ။ အသားထုတ်လုပ်ရုံများအတွက် လုပ်ငန်းစံချိန်စံညွှန်းရေးဆွဲခြင်းနှင့် လက်မှတ် (certificate) ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ယူစစ်ဆေးထုတ်ပေးဖို့နဲ့ အသားထုတ်လုပ်ရုံများတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် အသားအရည်အသွေး စစ်ဆေးခြင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တာဝန်ယူစစ်ဆေးပေးသင့်တာ စတာတွေကို အကြံပြုတင်ပြထားတယ်လို့ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)က သိရပါတယ်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌဒေါက်တာကျော်ထင်က အဓိကတော့ သားသတ်ရုံဆိုတဲ့ နာမည်ကိုပါ ပြောင်းလဲပေးဖို့ပါတယ်။ အသားထုတ်လုပ်ရုံဆိုပြီးတော့ ပြောင်းလဲပေးဖို့ လက်ရှိကျင့်သုံးနေတဲ့ လိုင်စင်စီစနစ်က အသားထုတ်လုပ်ရေးကဏ္ဍမှာ တင်မဟုတ်ဘဲ မွေးမြူရေးကဏ္ဍကိုပါ ထိခိုက်မှုရှိတယ်။ အဲဒါကို

> “အသားထုတ်လုပ်ရေး
> လုပ်ငန်းတွေ အခုထက်
> ပိုမိုဖွံ့ဖြိုးလာအောင် ဥပဒေ၊
> နည်းဥပဒေအချို့ကို
> ပြောင်းလဲပေးဖို့ လိုအပ်ကြောင်း
> အကြံပြု တင်ပြထားတယ်”

ဖျက်သိမ်းပြီး အခြားသင့်တော်တဲ့စနစ်တစ်ခုကို ကျင့်သုံးပေးဖို့ပါ။ အသားထုတ်လုပ်ရုံကို ပုဂ္ဂလိကကို အပြိုင်အဆိုင် လုပ်ကိုင်ခွင့်ပေးပြီးတော့ ထုတ်လုပ်မယ့် အကောင်ရေအလိုက် အခွန်ကောက်တာ ဖြစ်ဖြစ်၊ အခြားသင့်တော်တဲ့စနစ်နဲ့ အခွန်ကောက်တာပဲဖြစ်ဖြစ် လုပ်ဖို့ တောင်းဆိုထားတယ်လို့ ပြောပါတယ်။

**နိုးမြင့်ထွန်း**




# မြန်မာ့ရှေ့ဆောင်ဘဏ်မှာ အက်စ်အမ်အီးချေးငွေ သိန်း ၅၀၀ အထိ ထုတ်တုန်ချေးနိုင်

**ရန်ကုန်၊ ဒီဇင်ဘာ ၅** – မြန်မာ့ရှေ့ဆောင်ဘဏ် (MAB)ရဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း SME ချေးငွေအမျိုးအစား နှစ်မျိုးကို လျှောက်ထားနိုင်ပြီး ကုန်ပစ္စည်းနဲ့ ကုန်ကြမ်းတွေ ဝယ်ယူဖို့ ချေးငွေနဲ့ ဒုတိယအမျိုးအစားမှာ ကာလရှည်ရင်းနှီးမြှုပ်နှံမှုအတွက် ကျပ် တစ်သိန်းကနေ သိန်း ၅၀၀ အထိ ထုတ်ချေးနိုင်တယ်လို့ သိရပါတယ်။

‘ဂျာမန် Development Bank တစ်ခုဖြစ်တဲ့ (kfw) ကနေပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ အက်စ်အမ်အီးကနေ ချေးငွေတွေကို ပံ့ပိုးတဲ့နေရာမှာ အထောက်အကူဖြစ်နိုင်အောင်လို့ ကျွန်တော်တို့ကိုနည်းပညာအကူအညီနဲ့ ဘဏ္ဍာရေးအကူအညီပေးပါတယ်၊ နည်းပညာကို ကျွန်တော်တို့ဆီမှာရှိတဲ့ ဝန်ထမ်းတွေကို သုံးလ သင်တန်းပေးပါတယ်၊ သူတို့ဘဏ်မှာ ကျင့်သုံးခဲ့တဲ့နည်းစနစ်တွေအတိုင်း သွားနိုင်အောင် ကျွန်တော်တို့ဝန်ထမ်းတွေကို လေ့ကျင့် ပေးပါတယ်၊ လေ့ကျင့်ပြီးတဲ့အတွက် ပြီးခဲ့တဲ့နိုဝင်ဘာ ၂၈ ရက်နေ့မှာ သီရိမင်္ဂလာဈေးမှာရှိတဲ့ ဘဏ်ခွဲမှာ အက်စ်အမ်အီး စင်တာကို တွဲပြီး ဖွင့်လှစ်လိုက်ပါတယ်’ လို့ မြန်မာ့ရှေ့ဆောင်ဘဏ် Deputy Chief Business Officer ဦးဇော်မိုးအောင်က ပြောပါတယ်။

## အမျိုးအစား နှစ်မျိုး

ချေးငွေအမျိုးအစား နှစ်ခုမှာ ပထမအမျိုးအစားက ကုန်ပစ္စည်းနဲ့ ကုန်ကြမ်းတွေ ဝယ်ယူဖို့ရည်ရွယ်ပြီးလည်းကောင်း၊ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်တွေဖြစ်တဲ့ လစာ၊ လျှပ်စစ်မီတာ စသည်တို့ကို ရည်ရွယ်ပြီးလည်းကောင်း လျှောက်ထားလာတဲ့ လုပ်ငန်းလည်ပတ်အရင်းအနှီး (working capital) အတွက်ဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ကာလရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့စက်ပစ္စည်း၊ ကိရိယာတန်ဆာပလာဝယ်ယူမှုအပါအဝင် စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုတွေ (အိမ်ခြံမြေ စသဖြင့်) ဝယ်ယူဖို့ လျှောက်ထားလာမှုတွေအတွက်ဖြစ်ကာ ချေးငွေပမာဏဟာ ကျပ်ငွေ ၁၀ သိန်းကနေ သိန်း ၅၀၀ အထိဖြစ်ပြီး ပြန်လည်ပေးချေမှုသက်တမ်းကတော့ အများဆုံး ငါးနှစ်ဖြစ်တယ်လို့ သိရပါတယ်။

‘KFW Bank ဘဏ်ကနေပြီးတော့ ကျွန်တော်တို့ကို မြန်မာကျပ်ငွေ ၁၀.၆ ဘီလျံ ထောက်ပံ့ပေးပါတယ်၊ ကျွန်တော်တို့ဆီမှာရှိနေတဲ့ပြည်သူတွေ အပ်နှံထားတဲ့ စုဆောင်းငွေတွေထဲကနေပြီးတော့လဲ ကျွန်တော်တို့က တစ်စိတ်တစ်ပိုင်းပါဝင်ပြီးတော့မှ ဒီအက်စ်အမ်အီးချေးငွေတွေကို ထုတ်ချေးသွားမှာပါ’ လို့ ဦးဇော်မိုးအောင်က ပြောပါတယ်။

Customer တွေရဲ့ငွေပေးချေမှုစွမ်းရည်အပေါ်ကို အလေးပေးအာရုံစိုက်တဲ့ ဝင်ငွေထွက်ငွေစီးဆင်းမှုကို အခြေခံထားတဲ့ ချေးငွေအမျိုးအစားသစ် တစ်ရပ်ကို မြန်မာ့ရှေ့ဆောင်ဘဏ်က ဂျာမန်ဘဏ်လုပ်ငန်းဆိုင်ရာအတိုင်ပင်ခံအဖွဲ့အစည်းရဲ့ကူညီထောက်ပံ့မှုနဲ့ မိတ်ဆက်သွားမှာဖြစ်ပြီး မြန်မာ့ရှေ့ဆောင်ဘဏ်ရဲ့ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုတွေကို စီးပွားရေးလုပ်ငန်းရှင် customer တွေအတွက် လျှောက်ထားခွင့်ရရှိနိုင်ဖို့ အထောက်အကူဖြစ်စေမှာဖြစ်ကြောင်းသိရပါတယ်။ မြန်မာ့ရှေ့ဆောင်ဘဏ်မှ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းချေးငွေဌာနတွေ မကြာမီမှာ ဖွင့်လှစ်မယ်လို့ သိရပါတယ်။

**ဇာလီထွန်း**

www.free4readers.com



# မူဆယ်နယ်စပ်ကနေ တရုတ်ကို ဆန်တန်ချိန် ၂၀၀၀ ကျော် နေ့စဉ်တင်ပို့



ဆန်အပါအဝင် တရုတ်ဘက်ကို တင်ပို့တဲ့ ပို့ကုန်အများစုကို တရားမဝင် သတ်မှတ်ထားတာကြောင့် ဖမ်းဆီးစစ်ဆေးမှုတွေမကြာခဏဖြစ်ပေါ် လျက် ရှိပါတယ်။

**နေပြည်တော်၊ ဒီဇင်ဘာ ၅–** လက်ရှိမှာမူဆယ်နယ်စပ်ကုန်သွယ်ရေးအခြေအနေ အနည်းငယ်ပြန်ကောင်းလာပြီဖြစ်တဲ့အတွက် တရုတ်ဘက်ကို မူဆယ်နယ်စပ်ကနေတစ်ဆင့် တစ်နေ့ကို ဆန်တန်ချိန် ၂၀၀၀ ကျော်ကနေ ၃၀၀၀ ကျော်အတွင်း တင်ပို့ လျက် ရှိတယ်လို့ သိရပါတယ်။

မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာနမှ တာဝန်ခံဦးခွန်မင်းသန့်က 'နိုဝင်ဘာလလယ်လောက်ကစပြီး ကိုတာနဲ့ ပါမစ်နဲ့ပြန်သွားကြတယ်လေ၊ အဲဒီတော့ အရောင်းအဝယ် နည်းနည်းပြန်လိုက်လာတယ်' လို့ ပြောပါတယ်။

ဖမ်းဆီးစစ်ဆေးမှုတွေ မတင်းကျပ်ခင်က ပုံမှန်အားဖြင့် တရုတ်ဘက်ကို ဆန်တန်ချိန် တစ်နေ့ကို ၃၀၀၀ ကျော်ကနေ ၄၀၀၀ ကျော် အထိ ဝင်ရောက်နေတာ ဖြစ်ပါတယ်။ စစ်ဆေးမှုတွေ ပြုလုပ်တဲ့ စက်တင်ဘာလောက်မှာတော့ တစ်နေ့ကို ဆန်တန်ချိန် ၂၀၀၀ အောက်ပဲ သွားနေခဲ့ရပြီး အခု နောက်ပိုင်းမှ တန်ချိန် ၂၀၀၀ ကျော်ကနေ ၃၀၀၀ ကျော်အတွင်း တင်ပို့ခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံကို ဆန်တင်ပို့ရာမှာ မြန်မာ–တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးစခန်းကနေတစ်ဆင့် အဓိကတင်ပို့နေတာဖြစ်ပြီး သည်တင်ပို့မှုပမာဏဟာ ပြည်ပကို ဆန်တင်ပို့မှုစုစုပေါင်းရဲ့ ရာခိုင်နှုန်းထက်ဝက် ကျော်အထိ ရှိပါတယ်။ ဒါပေမဲ့ ဆန်အပါအဝင် တရုတ်ဘက်ကို တင်ပို့တဲ့ ပို့ကုန်အများစုကို တစ်ဖက်နိုင်ငံက တရားမဝင် သတ်မှတ်ထားတာကြောင့် ဖမ်းဆီး စစ်ဆေးမှုတွေ မကြာခဏဖြစ်ပေါ်လျက်ရှိပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၄ရက်နေ့မှာတော့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာချန်ဟောင်းတို့ တွေ့ဆုံခဲ့စဉ်မှာတော့ မြန်မာ–တရုတ်နယ်စပ်ဒေသရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးတွေကို အဓိက ကဏ္ဍမှာ ထည့်သွင်းပြီး ဆွေးနွေးခဲ့ကြတယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

ဒါ့အပြင် ဒီဇင်ဘာလ ၁၂ ရက်နေ့ကနေ ၁၆ ရက်အထိ ငါးရက်တာ မူဆယ်မြို့မှာ ကျင်းပမယ့် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးဆွေးနွေးပွဲမှာလည်း နယ်စပ်ကုန်သွယ်ရေးမှာ လက်ရှိကြုံတွေ့နေကြရတဲ့ အခက်အခဲတွေကို မြန်မာဘက်ကနေ အလေးထားဆွေးနွေးသွားဖို့ ရှိတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရပါတယ်။

**မာရီနိုင်**

# ရွှေဈေးကျပေမဲ့ ဆက်ကျဖို့တော့ မရှိနိုင်



**နေပြည်တော်၊ ဒီဇင်ဘာ ၅ –** လက်ရှိမှာ ဒေါ်လာဈေးကျတာကြောင့် ရွှေဈေးတွေပါ ကျနေပေမဲ့ လည်း ဆက်ပြီးကျဖို့ အလားအလာ မရှိနိုင်ဘူးလို့ ပြည်တွင်းရွှေကုန်သည်အချို့က သုံးသပ်ကြပါတယ်။

ပြီးခဲ့တဲ့လက ရွှေဈေး ကျပ် ၁,၀၃၀,၀၀၀ ကျော်က မနေ့ကအထိ ကျပ်၁,၀၀၅,၀၀၀ ကျော်အတွင်း ကျသွားပါတယ်။ မနေ့ကအထိ အခေါက်ရွှေဈေး ၁,၀၀၅,၀၀၀ နဲ့ ရိုးရိုးရွှေဈေး ၉၄၀,၀၀၀ ဝန်းကျင် ကျသွားပြီး အရောင်းအဝယ်တွေ ကျနေတယ်လို့ သိရပါတယ်။

'ဒေါ်လာဈေးကျလို့ ရွှေဈေးတွေပါကျနေတာဖြစ်ပြီး ရွှေဈေးက ဆက်ကျဖို့မရှိဘူး၊ ဒါ ဂိတ်ဆုံးလောက်ပဲလို့ ထင်တယ်၊ ကျသွားရင်လဲ အရမ်းကျပြီး တက်လဲအရမ်း မြန်တယ်' လို့ နေပြည်တော် ရွှေကုန်သည် တစ်ဦးက ပြောပါတယ်။

အရောင်းအဝယ်အခြေအနေကတော့ ရွှေဈေးမကျခင်ကတည်းက သီတင်းကျွတ်နောက်ပိုင်းကနေ လက်ရှိအချိန်အထိ အေးနေတာပါ။ ကမ္ဘာ့ရွှေဈေးတက်ရင် ပြည်တွင်းရွှေဈေးတက်မှာ ဖြစ်တယ်လို့ သိရပါတယ်။

**ထက်ထက်**

# ပြည်ပပို့ကုန်တင်ပို့မှု ဒေါ်လာ သန်း ၂၀၀၀ ကျော် ရရှိထား

**နေပြည်တော်၊ ဒီဇင်ဘာ ၅ –** လက်ရှိဘဏ္ဍာနှစ်နှစ်လအတွင်း ပြည်ပကို ပို့ကုန်တင်ပို့မှုကနေ အမေရိကန် ဒေါ်လာ သန်း ၂၀၀၀ ကျော် ရရှိထားတယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းတွေအရ သိရပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလကနေ နိုဝင်ဘာလ ၂၃ ရက်နေ့အထိ ပြည်ပကို ပို့ကုန်တန်ဖိုး ဒေါ်လာ ၂၁၁၃.၂၃၅ သန်းအထိ ရရှိထားပြီး ပြီးခဲ့တဲ့ ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၄၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

အဓိက တင်ပို့နေတဲ့ ပို့ကုန်တွေကတော့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းတွေနဲ့ အခြားပစ္စည်းတွေဖြစ်ပြီး လူသုံးကုန်ပစ္စည်းပွေ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် လိုအပ်တဲ့ ပစ္စည်းတွေကို ပြည်ပကနေ အဓိက တင်သွင်းနေတာ ဖြစ်ပါတယ်။ **မာရီနိုင်**

# ရွှေ ငွေ တဖြုတ်ဖြုတ်ကြွေ

**ရန်ကုန်၊ ဒီဇင်ဘာ ၅ –** ရွှေဈေးရော ငွေဈေးတွေပါ သည်ရက်ထဲမှာကျလာပါတယ်။

စစချင်းကျတဲ့နေ့ဆို ကျပ် ၁၀ သိန်းအောက်အထိ ကျသွားပါတယ်။ နောက်ရက်မှာတော့ ၁၀ သိန်းအထက်ကို ပြန် တက် လာပါ–တယ်။ အရင် ဈေးလောက်တော့ ပြန် မတက် သွားသေးပါဘူး။ ကျပ် ၁,၀၁၂,၀၀၀ ပတ်ချာ လည် မှာ ရှိ နေ ပါတယ်။

ယနေ့မှာ ဒေါ်လာဈေးလည်း ကျပ် ၁၅၃၀ ရှိပါတယ်။ ၁၅၂၀ လောက် အထိကျခဲ့ပြီး ပြန်တက်လာတာမျိုးပါ။ ဒေါ်လာအပြင် တခြားငွေ ဈေးတွေ လည်း အနည်းငယ်လိုက်ကျလာပါတယ်။



အရောင်းအဝယ်ကတော့ ခပ် ဆဆလေး ရှိနေပါတယ်။ ထပ်ကျမလား စောင့်ကြည့်နေကြတာကြောင့်ပါ။ **တုံတုံ**

## ရွှေဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းထားများ

| | ၂၉-၁၁-၁၈ | ၃၀-၁၁-၁၈ | ၁-၁၁-၁၈ | ၂-၁၁-၁၈ | ၃-၁၁-၁၈ | ၄-၁၁-၁၈ | ၅-၁၁-၁၈ |
|---|---|---|---|---|---|---|---|
| အကယ်ဒမီအခေါက် | ၁,၀၃၃,၅၀၀ | ၁,၀၃၂,၅၀၀ | ၁,၀၂၇,၀၀၀ | ၁,၀၂၁,၅၀၀ | ၁,၀၁၆,၀၀၀ | ၉၈၇,၀၀၀ | ၁,၀၀၉,၅၀၀ |
| ကမ္ဘာ့ရွှေတစ်အောင်စ(ဒေါ်လာ) | ၁၂၂၆ | ၁၂၂၅ | ၁၂၂၃ | ၁၂၂၃ | ၁၂၂၅ | ၁၂၃၁ | ၁၂၃၅ |
| အမေရိကန်(ဒေါ်လာ) | ၁၅၈၂ | ၁၅၇၆ | ၁၅၆၈ | ၁၅၆၅ | ၁၅၅၀ | ၁၅၂၀ | ၁၅၃၀ |
| ယူရို | ၁၇၉၀ | ၁၇၉၀ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၀ | ၁၇၆၀ | ၁၇၃၅ |
| ထိုင်း(ဘတ်) | ၄၈.၃၀ | ၄၈.၁၀ | ၄၈.၁၀ | ၄၈.၁၀ | ၄၇.၉၀ | ၄၇.၅၀ | ၄၇.၁၀ |
| မလေးရှား(ရင်းဂစ်) | ၃၇၇ | ၃၇၇ | ၃၇၅ | ၃၇၅ | ၃၇၄ | ၃၇၂ | ၃၇၀ |
| စင်ကာပူ | ၁၁၅၄ | ၁၁၅၃ | ၁၁၅၀ | ၁၁၅၀ | ၁၁၄၆ | ၁၁၃၅ | ၁၁၃၀ |
| ဩစတြေးလျ | ၁၁၃၅ | ၁၁၃၀ | ၁၁၂၉ | ၁၁၂၉ | ၁၁၂၈ | ၁၁၁၇ | ၂၁၁၂ |
| ဂျပန်(ယန်း) | ၁၃.၆၀ | ၁၃.၅၀ | ၁၃.၃၀ | ၁၃.၃၀ | ၁၃ | ၁၃ | ၁၃ |
| တရုတ် (ယွမ်) | ၂၂၇ | ၂၂၇ | ၂၂၇ | ၂၂၇ | ၂၂၆ | ၂၂၅ | ၂၂၅ |
| ရူပီး | ၂၀.၇၅ | ၂၀.၇၅ | ၂၀.၇၅ | ၂၀.၇၅ | ၂၀ | ၂၀ | ၂၀ |
| ပို့ကုန်ဝင်ငွေ | – | – | – | – | – | – | – |

*ငွေဈေးများသည် ရောင်းဈေးများဖြစ်ပြီး တစ်ပတ်တာ အပိတ်ဈေးများဖြစ်ပါသည်။

www.free4readers.com





ဂရက်ဘ်သုံးဘီးယာဉ်တွေရဲ့ ငှားရမ်းခဈေးနှုန်းတွေကတော့ နှစ်နာရီကို ၁၀,၀၀၀ကျပ်၊ လေးနာရီကို ၁၅,၀၀၀ ကျပ်၊ရှစ်နာရီကို ၂၅,၀၀၀ ကျပ်နဲ့ လေဆိပ်၊ ကားဂိတ်၊ ရထားဘူတာ၊ သင်္ဘောဆိပ်ခရီးစဉ်တစ်ကြောင်းကိုကျပ် ၅၀၀၀ သတ်မှတ်ထားပါတယ်။

# ပုဂံမှာ သုံးဘီးနဲ့ အီး-ဘိုက် ဈေးတွက်ဖြိုင်ကြတော့မလား

ရန်ကုန်၊ဒီဇင်ဘာ၄- Grabရဲ့သုံးဘီး အငှားယာဉ်ဝန်ဆောင်မှု Grab Thone Bane ကိုပုဂံမြို့မှာတိုးချဲ့ပြေးဆွဲဖို့စီစဉ်နေပေမဲ့ လက်ရှိအသုံးပြုနေတဲ့အီးဘိုက်ဆိုင်ကယ်အငှားတွေကို ရိုက်ခတ်မှု မရှိနိုင်ဘူးလို့ ဆိုပါတယ်။

လက်ရှိအချိန်မှာ အသုံးများနေတဲ့ အီးဘိုက်ဆိုင်ကယ်တွေက လူနှစ်ယောက်စီးလို့ရပြီး တစ်နေ့ကို ကျပ် ၆၀၀၀ ကနေ ၈၀၀၀ အထိငှားနေရပြီး နေ့တစ်ဝက်လည်းငှားလို့ရတာကြောင့် လူငယ်တွေနဲ့လူလတ်ပိုင်းတွေ အငှားများနေကြတာပါ။

ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ စတင်မိတ်ဆက်ခဲ့ပြီးနောက် Grabဝန်ဆောင်မှုအသုံးပြုနိုင်တဲ့မြန်မာနိုင်ငံရဲ့ တတိယမြောက်မြို့အဖြစ် မိတ်ဆက်လိုက်တာဖြစ်ပါတယ်။

နိုင်ငံခြားသားတွေကတော့ အီးဘိုက်ဆိုင်ကယ်တွေကိုသာ ပိုမိုနှစ်သက်ကြပြီး ချောင်ကြိုချောင်ကြားမှာရှိနေတဲ့ ဘုရားတွေနဲ့အဆောက်အအုံတွေကို လေ့လာဖို့ ငှားရမ်းကြတာများပါတယ်။

အီးဘိုက်ဆိုင်ကယ်တွေ ပေါ်လာလို့မြင်းလှည်းမောင်းသူတွေ ဝင်ငွေထိခိုက်မှုတွေရှိခဲ့ပေမဲ့ အခုလို Grab သုံးဘီးတွေပေါ်လာရင်အီးဘိုက်ဆိုင်ကယ်တွေ ဝင်ငွေလျော့မကျနိုင်ဘူးလို့ ပုဂံမြို့က အီးဘိုက်ဆိုင်ကယ်ပိုင်ရှင်တွေနဲ့ ပုဂံမြို့ခံတွေ၊ ဧည့်လမ်းညွှန်တွေက သုံးသပ်ပါတယ်။

Grab Thone Bane ဟာ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် ပိုမိုစိတ်ချလုံခြုံစွာဖြင့် လည်ပတ်နိုင်ရန် ဝန်ဆောင်မှုပေးသွားမယ်လို့ ကြေညာထားပေမဲ့ ယူထားတဲ့ဈေးနှုန်းဟာ အီးဘိုက်ဆိုင်ကယ်တွေထက် များနေတယ်လို့ ပုဂံမြို့ခံအချို့က ပြောပါတယ်။

ပုဂံဒေသခံ ကိုသောင်းဝင်းက 'ခုထိတော့အီးဘိုက်က အငှားသွက်နေတုန်း ကျွန်တော်တို့ရွာမှာဆို အီးဘိုက်ဆိုင်ကယ်တွေ ခုမှ စလုပ်နေတုန်းစိတ်ဝင်စားကြတယ်၊ လာတဲ့သူတွေက လွတ်လွတ်လပ်လပ်လည်ချင်တာ ယာဉ်မောင်းပါနေတာ မကြိုက်ကြတာများတယ်' လို့ပြောပါတယ်။

Grabသုံးဘီးယာဉ်တွေရဲ့ငှားရမ်းခဈေးနှုန်းတွေကတော့ နှစ်နာရီကို ၁၀,၀၀၀ကျပ်၊ လေးနာရီကို ၁၅,၀၀၀ ကျပ်၊ ရှစ်နာရီကို ၂၅,၀၀၀ ကျပ်နဲ့လေဆိပ်၊ ကားဂိတ်၊ ရထားဘူတာ၊ သင်္ဘောဆိပ် ခရီးစဉ်တစ်ကြောင်းကို ကျပ် ၅၀၀၀ သတ်မှတ်ထားပါတယ်။

## ဖုန်းနဲ့ခေါ်

ပုဂံမြို့မှာ Grab Thone Bane တစ်စီးငှားရမ်းတဲ့ ပုံစံက မြန်မာနိုင်ငံရှိ အခြားသောမြို့များမှာ Grab အက်ပလီကေးရှင်းအသုံးပြုငှားရမ်းရတဲ့ပုံစံနဲ့ မတူညီပါဘူး။ ပုဂံမြို့ရှိခရီးသည်တွေအနေနဲ့ Grab Call Centre, Grab Thone Bane တစ်စီး ငှားရမ်းလိုကြောင်း ဖုန်းခေါ်ဆိုကာ ငှားရမ်းရမှာဖြစ်ပါတယ်။

'I Love Travelling' ဆိုရှယ်မီဒီယာဘလော့(ဂ်) တည်ထောင်သူ နာမည်ကြီးပြည်တွင်း Travel Blogger တစ်ဦးဖြစ်တဲ့ မမေဇွန်ဝင်းကတော့ 'ဒီနေ့ခေတ်မှာ ခရီးသွားတဲ့သူတွေများလာပြီးပြည်တွင်းမှာရှိတဲ့ နေရာဒေသအသစ်တွေဆီကို ပိုပြီးလှည့်လည်သွားလာချင်လာကြတာ တွေ့ရပါတယ်၊ Grab Thone Bane က လေ့ကျင့်ပေးထားတဲ့ ဒေသခံ Grab ယာဉ်မောင်းတစ်ဦး ကိုယ်နဲ့အတူရှိနေတဲ့အတွက် ဘယ်လမ်းက သွားမလဲဆိုတာ ကိုယ်ကိုယ်တိုင်ရှာရမယ့် အချိန်နည်းသွားပြီး အေးအေးဆေးဆေးသွားလို့ ရတာပေါ့' လို့ ပြောပါတယ်။

Grab Thone Bane ကိုအောက်တိုဘာလ ၁၅ ရက်နေ့က သုံးဘီးယာဉ် အစီးရေ ၃၀ဖြင့် စတင်စမ်းသပ်ပြေးဆွဲခဲ့ပြီး ဒေသခံများအတွက် ဝင်ငွေပိုမိုရှာဖွေနိုင်မယ့် အခွင့်အလမ်းတွေ ဖန်တီးပေးမယ်လို့ Grab တာဝန်ရှိသူတွေက အာမခံထားပါတယ်။

Grab Myanmar ရဲ့ Acting Country Manager ဖြစ်သူ Alvin Loh က 'ပုဂံကို လာရောက်သူ ခရီးသွားတွေရဲ့ လိုအပ်ချက်ကို သေသေချာချာလေ့လာပြီးမှ ကျွန်တော်တို့ရဲ့ Grab Thone Bane ဝန်ဆောင်မှုကို အဲဒီအရပ်ဒေသနဲ့ ကိုက်ညီမှုရှိအောင် ဖန်တီးပေးခဲ့တာပါ၊ ကျွန်တော်တို့ရဲ့ မိတ်ဖက်ယာဉ်မောင်းတွေကိုလဲ' ငှားရမ်းစီးနင်းဖို့ အကောင်းဆုံးဒေသခံကျွမ်းကျင်သူတွေ' အဖြစ်ဝန်ဆောင်မှုပေးနိုင်အောင် လေ့ကျင့်သင်ကြားထားလို့ ခရီးသွားဧည့်သည်တွေအနေနဲ့ ဒေသခံတစ်ဦးနဲ့အတူ ခရီးသွားနေရသလိုမျိုး စိတ်အေးချမ်းသာသွားလာနိုင်မှာ ဖြစ်ပါတယ်' လို့ပြောပါတယ်။

ပုဂံမြို့မှာ Grab Thone Bane ဝန်ဆောင်မှုဟာ စုံတွဲများနဲ့ မိသားစုဝင်အနည်းငယ်ပါဝင်တဲ့ ခရီးသွားဧည့်သည်တွေအတွက်ရည်ရွယ်ထားတာလို့ ဆိုပါတယ်။

အီးဘိုက်ကိုသာ ငှားရမ်းဖို့ အားသန်နေတဲ့ မိသားစုအလိုက် ပုဂံကိုသွားရောက်ခဲ့တဲ့ မနန္ဒာက 'ကျွန်မတို့မိသားစု လေးယောက်လာတယ်၊ နှစ်စင်းငှားတာမှ တစ်ရက်ကို ၁၅,၀၀၀ ပဲ ပေးရတယ်လေ၊ ဟိုတယ်ထိ ယူထားလို့ရတယ်၊ လူပိုမပါတော့ ပိုလွတ်လပ်တယ်' လို့သူ့အမြင် ပြောပါတယ်။

## ခရီးသွားများ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ပုဂံကို လာရောက်လည်ပတ်သူဦးရေမှာ နှစ်စဉ်တိုးတက်နေတယ်လို့ ဆိုပါတယ်။ ၂၀၁၆ ခုနှစ်မှာ ပုဂံသို့လာရောက်လည်ပတ်သူဦးရေ ၂၉၀,၀၀၀ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်ထက် ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။

မန္တလေးမြို့က Grab Thone Bane ဝန်ဆောင်မှုကို အသုံးပြုသူတိုးပွားနေသလို ပုဂံမြို့မှာ စမ်းသပ်ပြေးဆွဲနေတဲ့ Grab Thone Bane ငှားရမ်းစီးနင်းမှုတွေကလည်း ပုံမှန်တိုးပွားလာခဲ့တယ်လို့ Grab တာဝန်ရှိသူတွေက ပြောပါတယ်။

ပုဂံမြို့မှာ ခရီးသည်များက ငှားရမ်းစီးနင်းမှု ခရီးစဉ်ပေါင်း ၁၅၀ ခန့်ရှိနေပြီဖြစ်လို့ Grab အနေနဲ့ ယာဉ်မောင်းအသစ်တွေကို လေ့ကျင့်သင်ကြားပေးခြင်း၊ မြို့တွင်းသွားလာနိုင်မယ့် သုံးဘီးယာဉ်အစီးရေထပ်မံတိုးချဲ့နေတယ်လို့ ဆိုပါတယ်။

'ကြိုက်တာစီးကြပါ၊ ဒေသခံတွေကနေ ငှားရင်သူတို့အတွက် တစ်စီးကို ၂၀၀၀ ကျပ်ပေးရတယ်၊ တစ်နေကုန်အတွက် ပွဲစားခပုံစံပေါ့၊ နေ့တစ်ပိုင်းဆို ၁၀၀၀ ပေးတယ်၊ အားကုန်ရင်ကြိုက်တဲ့နေရာက ဆက်လိုက် ဘက်ထရီလာပို့ပေးတယ်၊ တစ်နေကုန်လျှောက်စီးလို့ရပါတယ်၊ ဆက်သွယ်ရမယ့် ဖုန်းတွေ အကုန်ကပ်ထားပေးပါတယ်' လို့ ညောင်ဦးမြို့မှာနေတဲ့ အီးဘိုက်ဆိုင်ကယ်အငှားဝန်ဆောင်မှုပေးနေတဲ့ ကိုဝင်းမြင့်က ပြောပါတယ်။

Grab Thone Bane တစ်စီးကို တစ်နာရီ ကြိုတင်ခေါ်ဆိုရမှာဖြစ်ပြီး နံနက်ခင်းနဲ့ နေ့လယ်ခင်းချိန်များမှာ ရှုမျှော်ခင်းကြည့်ရန်ခရီးစဉ်တွေ စီစဉ်ထားပါက တစ်ရက် ကြိုတင်ခေါ်ဆိုပေးရမှာ ဖြစ်ပါတယ်။

Grab Thone Bane နဲ့ သွားလာမယ့် ခရီးစဉ်တစ်ကြောင်းကိုခရီးသည်နှစ်ဦးနဲ့ ခရီးဆောင်အိတ်နှစ်အိတ်အထိ သယ်ဆောင်သွားလာနိုင်ပြီး Grab Thone Bane အငှားယာဉ်တိုင်းမှာ ယာဉ်မောင်းရဲ့ အချက်အလက်ကတ်ပြားကို ကြည့်ရှုလေ့လာနိုင်တယ်လို့ ဆိုပါတယ်။

ပုဂံမြို့မှာ Grab နဲ့ လက်တွဲလုပ်ကိုင်ဖို့ စိတ်ပါဝင်စားတဲ့ သုံးဘီးမော်တော်ယာဉ် ယာဉ်မောင်းတွေကို စာရင်းပေးသွင်းဖို့ဖိတ်ခေါ်ထားပါတယ်။

ရန်ကုန်ကနေပုဂံကို သွားရောက်ခဲ့တဲ့ မဆွေရီက' လူကြီးတွေကတော့ အဆင်ပြေပါတယ်၊ လူငယ်တွေကတော့ အိတ်တွေ မလိုပါဘူး၊ ဟိုတယ်ကနေ ချိတ်ပေးတဲ့ အီးဘိုက်ဆိုင်ကယ်နဲ့သွားတာ အဆင်ပြေနေသေးတယ်၊ မိုးတွင်းဆိုရင်တော့ မပြောတတ်ဘူးပေါ့' လို့ သူ့အမြင် ပြောပါတယ်။

အေးအေးအောင်

www.free4readers.com







အားလုံးအဆင်ပြေဖို့နဲ့ ရေရှည်အတွက်တော့ ဒေါ်လာဈေးတက်တာ ကျတာထက် တည်ငြိမ်နေဖို့ အရေးကြီးတယ်။

# ဒေါ်လာ အတက်အကျ မှန်းဆဖို့ ခက်နေသေး

နေပြည်တော်၊ ဒီဇင်ဘာ ၅ - ပြည်တွင်းငွေကြေးဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုး ရုတ်တရက် ကျဆင်းလာပေမဲ့လည်း စောင့်ကြည့်ရဦးမယ့် အခြေအနေမှာပဲ ရှိနေသေးပြီး မှန်းဆဖို့ ခက်ခဲနေသေးတဲ့အချိန်ဖြစ်တယ်လို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အချို့နဲ့ စီးပွားရေးလေ့လာသူအချို့က သုံးသပ်ကြပါတယ်။

စီးပွားရေးလုပ်ငန်းရှင် ဦးမောင်ဝိတ်က 'ဒေါ်လာဈေး ဆက်တက်ဖို့ကတော့ နည်းနည်းတော့ ခက်သွားပြီလို့ ပြောလို့ရပါတယ်၊ ဘယ်လောက်အထိကျနိုင်မလဲ ဆိုတာတော့ အခြေအနေလဲ ကြည့်ရဦးမှာပေါ့နော်၊ စောင့်ကြည့်ရမယ့် အခြေအနေမှာပဲ ရှိနေသေးတာပေါ့'လို့ ပြောပါတယ်။

ပြည်တွင်းဒေါ်လာဈေးဟာ နိုဝင်ဘာလက တစ်ဒေါ်လာကို ကျပ် ၁၅၈၀ ဝန်းကျင်နဲ့ အတက်အကျ အနည်းငယ်သာရှိခဲ့ပြီး လက်ရှိရက်မှာတော့ အကျဘက်ကို ဦးတည်နေပါတယ်။ ဒီဇင်ဘာလ ၄ ရက်နေ့မှာတော့ တစ်ဒေါ်လာကိုကျပ် ၁၅၁၀ ဝန်းကျင်အထိ ထိုးကျလာတာ ဖြစ်ပါတယ်။ အချိန်အနည်းငယ်အတွင်း အမေရိကန်ဒေါ်လာတန်ဖိုး အပြောင်းအလဲများစွာဖြစ်နေပေမဲ့လည်းဗဟိုဘဏ်ရဲ့ရည်ညွှန်းငွေလဲနှုန်းကတော့ တစ်ဒေါ်လာကို ကျပ် ၁၅၇၀ မှာ ရှိနေပါတယ်။

## ဘာကြောင့်လဲ

ပြီးခဲ့တဲ့ ဩဂုတ်လလောက်ကတည်းက ပြည်တွင်းဒေါ်လာဈေးသိသိသာသာ မြင့်တက်လာခဲ့တာဖြစ်ပြီး သည်လိုဒေါ်လာဈေး မြင့်တက်လာမှုကို အကြောင်းပြုပြီး ဩဂုတ်လ ၂၇ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကိုပင် ကျင်းပခဲ့ပါသေးတယ်။ ဒါ့အပြင် အစိုးရအနေနဲ့ ပြည်တွင်းဒေါ်လာဈေးကစားမှုကို ထိန်းချုပ်မှုတွေပြုလုပ်ခဲ့တဲ့အထိ ဖြစ်ခဲ့ပါတယ်။

အဲသည်တုန်းက ဒေါ်လာဈေးတက်ရတဲ့ အဓိကအကြောင်းရင်းတွေကတော့ အမေရိကန်နဲ့ တရုတ်ရဲ့ကုန်သွယ်ရေးအခြေအနေကြောင့်ဖြစ်သလို ပြည်တွင်းဒေါ်လာဈေးကစားတဲ့သူတွေကြောင့်ဖြစ်တယ်လို့ စီးပွားရေးလေ့လာသူအချို့နဲ့ လုပ်ငန်းရှင်အများစုက သုံးသပ်ကြပါတယ်။

လက်ရှိဒေါ်လာဈေးရုတ်တရက် ကျလာတာကလည်း အမေရိကန်နဲ့ တရုတ်ရဲ့ကုန်သွယ်ရေးအခြေအနေ ပြန်အဆင်ပြေလာတယ်ဆိုတဲ့သတင်းတွေ ဖြစ်ပေါ်လာတာကြောင့်ဖြစ်တယ်လို့ စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြပါတယ်။

အပြန်အလှန်အခွန်ကောက်ခံမှုကြောင့် ကမ္ဘာ့အကြီးဆုံးစီးပွားရေးနှစ်နိုင်ငံကြား ဒေါ်လာဘီလျံများစွာတန်ဖိုးရှိတဲ့ ကုန်ပစ္စည်းစီးဆင်းမှုအပေါ် အနှောင့်အယှက်ဖြစ်စေခဲ့တဲ့ ကုန်သွယ်ရေးတင်းမာမှုကို ယာယီရပ်ဆိုင်းဖို့ အမေရိကန်သမ္မတနဲ့ တရုတ်သမ္မတတို့ ဒီဇင်ဘာ ၃ ရက်နေ့မှာ သဘောတူညီမှု ရရှိခဲ့တယ်လို့ Reuters သတင်းဌာနရဲ့ဖော်ပြချက်အရ သိရပါတယ်။ နှစ်နိုင်ငံကြားနောက်ထပ်အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကိုလည်း ဒီဇင်ဘာလ ၁ရက်နေ့ကနေ ရက်ပေါင်း ၉၀ ရပ်ဆိုင်းဖို့ သဘောတူညီထားတယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် စီးပွားရေးလေ့လာသုံးသပ်သူအချို့က လက်ရှိဒေါ်လာဈေးကျလာခြင်းဟာ စက်သုံးဆီ တင်သွင်းနေတဲ့လုပ်ငန်းရှင်အချို့က နိုင်ငံတကာရေနံဈေးဆက်တိုက်ကျဆင်းလာတာကြောင့် စောင့်ကြည့်နေချိန်ဖြစ်ပြီး လျှော့ချတင်သွင်းမှုတွေရှိနေတဲ့အတွက် ဒေါ်လာအသုံးနည်းကာ ဈေးကျလာတာလည်း ဖြစ်နိုင်တယ်လို့သုံးသပ်ကြပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ရေနံဈေးကျတာကတော့ တစ်လကျော်လောက်တော့ရှိပြီလို့ သိရပါတယ်။

ပါရမီစကားဝိုင်းက စီးပွားရေးပညာရှင် ဦးတင်ချိုက 'စက်သုံးဆီတွေ ချိန်ပြီးတင်သွင်းနေတာကြောင့်လဲ ဒေါ်လာဈေးကျလာတာဖြစ်နိုင်တာပေါ့၊ ဈေးအတက်အကျပေါ်မူတည်ပြီးတော့ သွင်းတဲ့နှုန်းကို နည်းနည်းလေးထိန်းနေတာကို။ ထိန်းလဲထိန်းမှာပဲ၊ စီးပွားရေးလုပ်ငန်းလုပ်တဲ့သူပဲလေ'လို့ ပြောပါတယ်။



ပြည်တွင်းမှာလည်း အခုချိန်က တောင်သူတွေအနေနဲ့ လယ်ယာထွက်ကုန်သီးနှံအများစု ရိတ်သိမ်းချိန်ဖြစ်တာကြောင့် လယ်ယာထွက်ကုန်ရဲ့ export များနေချိန်ဖြစ်တာကလည်း ဒေါ်လာဈေးကျခြင်းကို အထောက်အပံ့ပေးနေတယ်လို့ သိရပါတယ်။

ဒီဇင်ဘာလ ၅ ရက်နေ့ရဲ့ ဒေါ်လာဈေးအခြေအနေကတော့ ရောင်းဈေး ကျပ် ၁၅၃၅ အထိဖြစ်ပြီး ဝယ်ဈေးကတော့ ကျပ် ၁၅၁၅ မှာ ရှိနေဆဲဖြစ်တာကြောင့် အကျဘက်မှာပဲ ရှိနေဆဲဖြစ်ပါတယ်။

## တည်ငြိမ်ဖို့လို

လူသုံးကုန်ပစ္စည်းက အစပြည်ပသွင်းကုန်တွေအပေါ် အဓိက မှီခိုနေရတဲ့မြန်မာနိုင်ငံအနေနဲ့ ဒေါ်လာတန်ဖိုးကျဆင်းပြီး မြန်မာကျပ်ငွေတန်ဖိုးတက်လာတာဟာယေဘုယျအားဖြင့် ကောင်းတဲ့ လက္ခဏာလို့ စီးပွားရေးလုပ်ငန်းရှင်တွေက သုံးသပ်ကြပါတယ်။ ဒါပေမဲ့ အချိန်တိုအတွင်း ဒေါ်လာတန်ဖိုး ရုတ်တရက် အပြောင်းအလဲများတာက ပို့ကုန်လုပ်ငန်းရှင်တွေအတွက် အခက်အခဲဖြစ်စေပြီး အားလုံးအဆင်ပြေဖို့နဲ့ ရေရှည်အတွက်တော့ ဒေါ်လာဈေးတက်တာ ကျတာထက် တည်ငြိမ်နေဖို့ အရေးကြီးတယ်လို့ သိရပါတယ်။

စီးပွားရေးလုပ်ငန်းရှင် ဦးမောင်ဝိတ်က 'ဒေါ်လာဈေးရဲ့ သဘောကတော့ အတက်အကျနည်းရင် ကောင်းတယ်ပေါ့နော်၊ တွက်လို့ချက်လို့ ကောင်းတာပေါ့၊ အလှူပ်အခပ်များတော့ အပေါင်းအနုတ်တွေကြီးသွားတာပေါ့၊ အကောင်းဘက်ကိုတော့ ပိုမြင်ပါတယ်၊ ဒါပေမဲ့ ကျပ်ငွေတန်ဖိုးခိုင်လာရင်အိတ်စပို့သမားတွေအတွက် နည်းနည်းအခက်ဖြစ်စေတာပေါ့'လို့ ပြောပါတယ်။

ကမ္ဘာ့ဈေးကွက်မှာတော့ ဒေါ်လာဈေး ဆက်ပြီး အားကောင်းနေပေမဲ့လည်း အမေရိကန်ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းဆက်လက်တိုးမြှင့်နိုင်ခြေမရှိခြင်း၊ ရေနံလိုမျိုး ကုန်စည်တွေမှာ ဒေါ်လာအစား အခြားငွေကြေးတွေနဲ့ ပေးချေမှုတွေရှိနေတာကြောင့် ဒေါ်လာညွှန်းကိန်းကတော့ ကျလာမယ့်အလားအလာ ရှိတယ်လို့ စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြပါတယ်။

မျိုးစေ့ကမ္ဘာ့ကုမ္ပဏီက ဦးကိုကိုက 'အတက်အကျကြမ်းတာက ကုန်ဈေးနှုန်းလဲ မငြိမ်နိုင်ဘူး၊ ဒါပေမဲ့ ဒေါ်လာဈေးတက်ရင်သာ ကုန်ဈေးနှုန်းက ချက်ချင်းလိုက်တက်တာ ကျရင် ချက်ချင်းလိုက်မကျဘူးရယ်၊ အဓိကကတော့ လက်ကြီးသမားတွေ လုပ်ငန်းလုပ်ရတာ တော်တော်လေး သတိထားရမယ့်အခြေအနေ ဖြစ်လာတာပေါ့'လို့ ပြောပါတယ်။

လက်ရှိမှာတော့ အခုလိုအချိန်တိုအတွင်းဒေါ်လာတန်ဖိုးအပြောင်းအလဲကြီးသွားတာကြောင့် ပြည်တွင်းငွေကြေးဈေးကွက်မှာလည်း အရောင်းအဝယ်ပြုလုပ်သူတွေ များပြီး ဈေးကွက်တည်ငြိမ်မှုမရှိသေးဘူးလို့ သိရပါတယ်။

မာရီနိုင်

www.free4readers.com



# ဒေါ်လာကျ၊ ရွှေကျ၊ အောက်ခြေဘဝတွေမှာတော့ မထူးခြားကြပါ

ရန်ကုန်၊ ဒီဇင်ဘာ ၅ – ဒေါ်လာဈေးတွေ ကျပ် ၁၅၀၀ အထိကျသွားပြီတဲ့။ စက်သုံးဆီဈေးကလည်း ကျသည်ထက် ကျလာတယ်တဲ့။ ရွှေဈေးကလည်း ၁၀ သိန်းအောက်ဆိုတော့ အရပ်ထဲမှာရော လူမှုကွန်ရက်မှာပါ လူတွေ အပြောများနေကြပေမဲ့ မနီလာတို့လို အောက်ခြေလူတန်းစားတွေအတွက်တော့ သည်သတင်းက ရင်မခုန်ပါဘူး။

ဝယ်နေကျ စားသောက်ကုန်ကလည်း သည်ဈေး။ သုံးနေကျလူသုံးကုန်ပစ္စည်းတွေကလည်း ဈေးမကျသလို လက်ရှိငှားနေတဲ့တိုက်ခန်းကလည်း စာချုပ်ချုပ်ရင် ဈေးကတက်တော့မယ်၊ ကျူရှင်လခ၊ လိုင်းကားခ၊ ဒါတွေအားလုံးက ဘယ်တော့မှ ကျတဲ့အထဲမှာ ပါတာမဟုတ်ဘူးဆိုတာ သူတို့လို လူတန်းစားတွေက ကြိုတင် သိပြီးသား ကိစ္စတွေလိုပါပဲ။

ဒီဇင်ဘာလ အစကစပြီး လေးရက်အတွင်း ကျပ် ၆၀ အထိ ကျဆင်းလာနေတာကြောင့် ဒေါ်လာနဲ့ရတဲ့ လခစားတွေနဲ့ ဒေါ်လာ ဝယ်ရောင်း လုပ်သူတွေကတော့ သတိထား စောင့်ကြည့်နေကြပေမဲ့ အခြေခံလူတန်းစားတွေကတော့ သူတို့အတွက် ဒေါ်လာဈေးကျတာ၊ ရွှေဈေးကျတာတွေက သက်ရောက်မှုမရှိဘူးလို့ ပြောကြပါတယ်။

'အဓိကကတော့ ဆန်ဈေးနဲ့ စားသောက်ကုန်ဈေးတွေကျရင်တော်ပါပြီ၊ လက်ရှိအချိန်က ဝင်ငွေနဲ့ ထွက်ငွေကာမိအောင် အပေါဆုံး အစားအစာတွေပဲ ရွေးစားနေရတာ' လို့ လှိုင်သာယာ (၇) ရပ်ကွက်မှာနေထိုင်တဲ့ ရုံးဝန်ထမ်း မစုမြတ်က တွက်ပြပါတယ်။

## ဈေးတက်နေတုန်းပဲ

စက်တင်ဘာလအတွင်း အမြင့်ဆုံး တစ်ဒေါ်လာ ကျပ် ၁၆၅၀ အထိ ဈေးမြင့်တက်ခဲ့တုန်းက အခြေခံ စားသောက်ကုန်ပစ္စည်းတွေပါ မြင့်တက်ခဲ့ပေမဲ့ လက်ရှိအချိန် ဒေါ်လာဈေးတက်တုန်းကအတိုင်း ဝယ်စားနေရတုန်းလို့ လခစားဝန်ထမ်းအချို့နဲ့ ကုမ္ပဏီဝန်ထမ်းအချို့က တွက်ပြပါတယ်။

လက်ရှိအချိန်မှာ ဆန်တစ်ပြည်ချင်း ဝယ်စားရင် အနည်းဆုံး ကျပ် ၁၈၀၀၊ ကျပ် ၂၀၀၀ တန်တွေကိုသာ အများဆုံးစားသောက်နေရတဲ့ အခြေခံလူတန်းစားတွေကတော့ ဟင်းစားအတွက်တော့ ဈေးအသက်သာဆုံးဖြစ်တဲ့ ငါးမြစ်ချင်း ငါးကို တစ်ပိဿာ ကျပ် ၆၀၀၀ ဝန်းကျင်နဲ့ စီပီကြက်သား။ ပုစွန်အသေးလေးတွေကိုသာ အများဆုံး ဝယ်စားနေကြရတယ်လို့ ဆိုပါတယ်။

စားသုံးနေတဲ့ဆီတွေလည်း ပဲဆီစစ်စစ်ဝေးလို့၊ ပဲဆီအနံ့ပါတဲ့ ဆီတွေတောင် မစားနိုင်လို့ တစ်ပိဿာ ကျပ် ၂၀၀၀ ဝန်းကျင်တန် စားအုန်းဆီကိုသာ ဝယ်သုံးနေကြရတယ်လို့ ပြောပါတယ်။

'ပဲဆီစစ်စစ်က ကျပ် ၇၀၀၀ လေ၊ ဘယ်ကလာ ဝယ်စားနိုင်ရမှာလဲ၊ ရွှေဈေးကျနေတဲ့အချိန် ရွှေဝယ်စုထားဖို့မပြောနဲ့၊ ဒေါ်လာဈေးတက်တုန်းက ပေါင်ထားတဲ့ ရွှေလေးတောင် မရွေးနိုင်သေးလို့ အတိုးပဲသွင်းနိုင်သေးတာ' လို့ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်အလုပ်လုပ်နေတဲ့ မယမင်းက ပြောပါတယ်။


မစားမဖြစ်စားနေရတဲ့ စားသုံးကုန်တွေကျမှသာ အခြေခံလူတန်းစားတွေ အသက်ရှူချောင်မယ်။

## ကြက်ဥနဲ့ဘဲဥ

ဝက်သားတစ်ပိဿာ ကျပ် ၁၀,၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၁၂,၀၀၀၊ ဆိတ်သားက ကျပ် ၁၆,၀၀၀၊ ပုစွန်ထုပ်က တစ်ပိဿာ ကျပ် ၂၀,၀၀၀ ကနေ ကျပ် ၄၀,၀၀၀ ဝန်းကျင်ဖြစ်နေလို့ ဒါတွေစားဖို့ထက် ကြက်ဥတစ်လုံးက ကျပ် ၁၂၀၊ ဘဲဥက ကျပ် ၁၆၀ (နေရာဒေသအလိုက် ဈေးနှုန်းပြောင်းလဲနိုင်) ကိုသာ နပ်မှန်အောင် စားနေကြရတယ်လို့ ပြောပါတယ်။

ဒါကြောင့် ပြည်သူလူထုနဲ့ အနီးစပ်ဆုံးရှိနေတဲ့ အများစုစားသုံးနေတဲ့ သည့်စားသုံးကုန်တွေကိုသာ ဈေးသက်သက်သာသာနဲ့ ဝယ်စားရဖို့ပဲ မျှော်လင့်နေတယ်လို့ ပြောကြပါတယ်။

အခြေခံလူတန်းစားအများစုကတော့ ဆိတ်သားနဲ့ အမဲသားကို တစ်လတစ်ခါတောင် မစားနိုင်တဲ့ အနေအထားမျိုးရှိနေတယ်လို့ မြောက်ဥက္ကလာပမြို့နယ်မှာ နေထိုင်တဲ့ ဒေါ်ဇာခြည်ဝင်းက ပြောပါတယ်။

'ရွှေဈေးထက် အမဲသားဈေးလေး၊ ဆိတ်သားဈေးလေး ကျစေချင်တာ၊ တစ်ပတ်တစ်ရက်လောက်တော့ အသားလေးစားချင်တာပေါ့၊ ကြက်ဥနဲ့ငါးတွေသာ အမြဲစားနေရတော့ ကလေးတွေကလဲ ညည်းနေကြပြီ၊ ဆန်ဈေးတွေတက်လို့ ဆန်အကောင်းတောင် မစားနိုင်တာကြာနေပြီ၊ ဟင်းကမကောင်း၊ ဆန်က မကောင်းဆိုတော့ ကလေးတွေကို သနားနေပြီ' လို့ သာကေတမြို့နယ်မှာနေထိုင်တဲ့ အိမ်ရှင်မ ဒေါ်မီးမီးက ညည်းညူပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမွေးမြူရေးဇုန်မှာ မွေးမြူရေးနဲ့ ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေပြီး ဒေသန္တားကျွဲ၊ နို့စားနွား၊ အသားတိုးနွား၊ ဝက်၊ ဆိတ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူထားရှိသော တိရစ္ဆာန်ကောင်ရေမှာ ကျွဲကောင်ရေ ၁၇ သိန်းကျော်၊ နွားကောင်ရေသိန်း ၇၀ ကျော်၊ ဆိတ်ကောင်ရေ ၁၃ သိန်းကျော်၊ ဝက်ကောင်ရေ ၁၄ သိန်းကျော်၊ ကြက်ကောင်ရေ ၄၈ သိန်းကျော်ဖြစ်တယ်လို့ သိရပါတယ်။

သည်တိရစ္ဆာန်တွေဟာပြည်ပ ပို့ကုန်ပစ္စည်းဖြစ်လို့ ဈေးတက်သွားပြီး နောက်ဆက်တွဲအနေနဲ့ အသားငါးဈေးကလည်း တက်သွားကြပါတယ်။

ဒါကြောင့် ပြည်တွင်းထုတ်လုပ်မှုကို ပိုပြီး တိုးတက်ကောင်းမွန်အောင် ကူညီဖို့နဲ့ လက်ရှိအခြေအနေမှာ သားငါးဈေးကြီးမြင့်မှုကြောင့် အခြေခံလူတန်းစားတွေ အာဟာရပြည့်မီစွာ စားသောက်ရေးအတွက်များစွာ အခက်အခဲဖြစ်နေပါတယ်လို့ လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက လွှတ်တော်မှာ မေးမြန်းခဲ့ပါတယ်။

အသားတွေဈေးကြီးလို့ ရန်ကုန်မြို့မှာ နေထိုင်သူမိသားစုတွေဟာ တစ်လကိုအသားဟင်း တစ်ခါတောင် မစားနိုင်တဲ့ မိသားစုတွေ၊ သုံးလလောက်မှ တစ်ခါစားနိုင်တဲ့ မိသားစုတွေရှိနေတာကြောင့် အသားပိုမိုထုတ်လုပ်ဖို့၊ အားပေးဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ဖူးပါတယ်။

'အသားငါးတွေ ဈေးတက်လို့ ပြည်သူတွေ အာဟာရပြည့်မီစွာ စားရဖို့ အရေးကြီးပါတယ်' လို့ ပြောပါတယ်။

## အသားဈေး ငါးဈေးကျပါစေ

လက်ရှိဈေးကွက်အတွင်း ဖြစ်နေတဲ့ စားသုံးကုန်ပစ္စည်းအများစုရဲ့ ဈေးနှုန်းတွေကလည်း ဒေါ်လာ

# အာယုမိုဘိုင်းအပလီကေးရှင်း မိတ်ဆက်

ရန်ကုန်၊ ဒီဇင်ဘာ ၅– အာယုအင်တာနေရှင်နယ်ဆေးရုံကြီးရဲ့ Mobile Application ကိုစတင်မိတ်ဆက်ပါတယ်။အဲသည် Mobile Application ဟာ Android နဲ့ iOS version ဖုန်းအမျိုးအစားနှစ်မျိုးလုံးအတွက် အဆင်ပြေလွယ်ကူချောမွေ့စွာ အသုံးပြုနိုင်ပါတယ်။

အာယု Mobile Application ကို အင်္ဂလိပ်မြန်မာနှစ်ဘာသာအသုံးပြုနိုင်ပါတယ်။ အဲသည် Application ကို အသုံးပြုနိုင်တဲ့ အားသာချက်တွေကတော့ ဆေးရုံရဲ့ သတင်းအချက်အလက်တွေ သိရှိနိုင်တာ၊ ဆရာဝန်အချိန်စာရင်း သိရှိနိုင်တာ၊ ဆရာဝန်ရက်ချိန်းရယူနိုင်တာ၊ ချက်ဘောက်စ်ကနေ တိုက်ရိုက်စကားပြောနိုင်တာ၊ ဖုန်းတိုက်ရိုက်ခေါ်ယူနိုင်တာ၊ အထူးပရိုမိုးရှင်းနဲ့ ပွဲတွေအကြောင်း လေ့လာနိုင်တာ၊ အဲသည် အပလီကေးရှင်းကတစ်ဆင့် Ar Yu Website မှာ ဝင်ရောက်လေ့လာနိုင်တာ၊ ဆေးရုံဓာတ်ပုံတွေကို ဝင်ရောက်လေ့လာနိုင်တာစတဲ့ အားသာချက်တွေ ပါရှိတယ်။

အာယုနိုင်ငံတကာ ဆေးရုံကြီးကို ထိုင်းနိုင်ငံ ဆေးရုံ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ စီမံခန့်ခွဲမှုတွေနဲ့ ၂၀၁၈မှာ စတင်တည်ထောင် လည်ပတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ဂမုန်းပွင့်ကုမ္ပဏီနဲ့ ထိုင်းနိုင်ငံက ထွန်ဘူရိဆေးရုံအုပ်စုတို့ အကျိုးတူပူးပေါင်း တည်ထောင်ထားတာ ဖြစ်တယ်။ ပြည်တွင်းမှာပြီးပြည့်စုံတဲ့ နိုင်ငံတကာ အဆင့်မီကျန်းမာရေးစောင့်ရှောက်မှုတွေ ဝန်ဆောင်မှု ပေးနိုင်ဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်တယ်လို့ဆိုပါတယ်။ **အောင်ထွန်းဦး**



www.free4readers.com





ဒေါ်လာဈေး ရွှေဈေးထက် အသားငါးဈေးကျဆင်းဖို့ ပြည်သူတွေ ပိုပြီး မျှော်လင့်နေကြပါတယ်။

ဈေးတက်ခဲ့တဲ့ စက်တင်ဘာလ တုန်းကရှိနေတဲ့ ဈေးနှုန်းနဲ့ သိပ်မကွာတာကြောင့် ရွှေဈေးထက် အသားငါးဈေးကျဆင်းဖို့ ပြည်သူတွေ ပိုပြီး မျှော်လင့်နေကြပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက နိုင်ငံအတွင်းရှိ စီးပွားဖြစ်မွေးမြူရေးခြံများနဲ့ တစ်နိုင်တစ်ပိုင်မွေးမြူထားရှိသော ကြက်၊ ဘဲအရှင်များကို ပြည်တွင်းစားသုံးမှုကို မထိခိုက်စေဘဲ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အမိန့်အရ ကြက်၊ ဘဲအရှင်များကို ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။

အခြေခံစားသောက်ကုန်တွေ ဈေးနှုန်းကျဆင်းဖို့ဆိုတာက အစိုးရရဲ့ မူဝါဒအကောင်အထည်ဖော်မှုအပေါ် လည်း အများကြီးမူတည်နေပါတယ်။ အသားဈေးကျဖို့ဆိုရင် ဈေးခုံစနစ်ကို ပြင်ဆင်ပေးနိုင်သလို နယ်တင့်သွင်းခွင့်ကဲ့သို့ကိစ္စတွေနဲ့လည်း ကိုင်တွယ်ထိန်းချုပ်နိုင်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲအရှင်များအား ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခဲ့ရာ စမ်းသပ်ကာလ တစ်နှစ်အတွင်း ၃၀–၉–၂၀၁၈ ရက်အထိ ပြည်ပကို စုစုပေါင်း ၇၃၀၀ ကောင် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ပြည်ပကုမ္ပဏီ ၇၃ ခုမှ ဘဲ ၄၉၃၀ ကောင်နဲ့ ကြက် ၂၃၇၀ တင်ပို့ခဲ့တာဖြစ်ပြီး ရန်ကုန်အရှေ့ပိုင်းနဲ့ အနောက်ပိုင်းခရိုင်များက တင်ပို့နိုင်ခြင်းမရှိဘဲ ရန်ကုန်တောင်ပိုင်းနဲ့ မြောက်ပိုင်းခရိုင်များကသာ ပို့ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

လှိုင်သာယာ မွေးမြူရေးဇုန်မှာ တိရစ္ဆာန်မွေးမြူထားရှိမှု အခြေအနေမှာ ဒေသနွားအကောင်ရေ ၄၉ ကောင်၊ အသားစားနွား ၂၃၀ ကောင်၊ နို့စားနွား ၂၉၅ ကောင်၊ ကြွဲကောင်ရေ ၁၆၀ ကောင်၊ ဆိတ်ကောင်ရေ ၁၅၀ ကောင်၊ ဝက်ကောင်ရေ ၁၁၂၈ ကောင်ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအတွင်းမှာနေထိုင်တဲ့ ငါးနှစ်အောက်ကလေးငယ် လေးဦးမှာ တစ်ဦးဟာ ပုညက်နေပြီး ခြောက်ရာခိုင်နှုန်းဟာ ပိန်လှီနေပြီး ကလေးအားလုံးရဲ့ ၁၆ ရာခိုင်နှုန်းကျော်ဟာ ကိုယ်အလေးချိန်မပြည့်တာ၊ ၄၀ ရာခိုင်နှုန်းဟာ သွေးအားနည်းရောဂါခံစားနေရတယ်လို့ အမျိုးသားအာဟာရနှင့် သုတေသနဌာနခွဲက သိရပါတယ်။

လက်ရှိအခြေခံလူတန်းစားတွေ အသုံးများတဲ့ ဆေးတွေရဲ့ ဈေးနှုန်းဟာ ၂၀ ရာခိုင်နှုန်းအထိ ဈေးတက်ခဲ့တာကြောင့် ဆေးဈေးတွေပါ ကျဆင်းစေချင်တယ်လို့ လှိုင်သာယာမြို့နယ်မှာ ဆေးခန်းဖွင့်ထားတဲ့ ဒေါက်တာထက်မြက်က ပြောပါတယ်။

'ဒေါ်လာဈေးကျတာကိုကြိုဆိုပေမဲ့ ဆေးဈေးကိုလဲချပေးစေချင်တယ်၊ ဒေါ်လာဈေးတက်လို့ ဆေးဈေးတွေလိုက်တက်ရတာဆိုတော့ ခုလဲ ဒေါ်လာဈေးကျတာနဲ့ ဆေးဈေးပါချပေးကြပါ၊ အခြေခံလူတန်းစားတွေက နောက်ဆုံးအခြေအနေမှသာ ဆေးခန်းလာကြတာလေ၊ ဆေးဝယ်နိုင်းလိုက်ရင် နောက်ထပ် လာမပြတော့ဘူး' လို့ ပြောပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တချို့ကတော့ ဈေးနှုန်းတည်ငြိမ်ဖို့ အစိုးရက ထိန်းချုပ်သင့်တယ်ဆိုပြီး ဝေဖန်မှုတွေရှိခဲ့ပေမဲ့ အစိုးရတာဝန်ရှိသူတွေကတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတာကြောင့် ထိန်းချုပ်လို့မရဘဲ ထိန်းကျောင်းတဲ့ မူဝါဒနဲ့ လုပ်ဆောင်နေတယ်လို့ ဆိုပါတယ်။

လက်ရှိအသားငါးဈေးနဲ့ စားသောက်ကုန်ဈေးတွေဟာ ဒေါ်လာဈေးကျတဲ့အတွက် ထပ်တက်ဖို့မရှိနိုင်သေးဘူးလို့ ဈေးကွက်အတွင်း ကုန်ပစ္စည်းအရောင်းဆိုင်တွေက ဆိုပါတယ်။

ရွှေဈေးတွေကျနေပေမဲ့ ရွှေအရောင်းဆိုင်တွေမှာ အရောင်းအဝယ် ပုံမှန်သာဖြစ်နေပြီး အခြေခံလူတန်းစားတွေကတော့ ရွှေဝယ်ဖို့ထက် စားဝတ်နေရေးအခြေအနေကြောင့် ရှိလက်စရွှေတွေကို မရောင်းဘဲ ပေါင်နေရတယ်လို့ ဝန်ထမ်းတစ်ဦးဖြစ်တဲ့ မနီလာက ပြောပါတယ်။

သူက 'ရွှေတွေ ငွေတွေကျတာထက် မစားမဖြစ်စားနေရတဲ့ စားသုံးကုန်တွေကျမှသာ အခြေခံလူတန်းစားတွေ အသက်ရှူချောင်မယ်' လို့ ပြောပါတယ်။

ဒေါ်လာဈေးကျတယ်ဆိုတာဟာ ရက်ပိုင်းပဲရှိလို့ အခြေခံစားသောက်ကုန်နဲ့ ကုန်ပစ္စည်းတွေဟာ ဈေးမကျနိုင်သေးဘဲ ဒေါ်လာဈေး သုံးလလောက်အတွင်း ဆက်တိုက်ကျမှသာ ဈေးတွေ သက်သာနိုင်မယ်လို့ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာတင်ဝင်းက ပြောပါတယ်။

ဒါကြောင့် ဒေါ်လာဈေး အတက်ကြမ်းတာ၊ အကျကြမ်းတာတွေထက် ငွေကြေးလဲလှယ်နှုန်းတွေ ငြိမ်နေမှသာ အလုပ်လုပ်လို့ အဆင်ပြေနိုင်မယ်လို့ ဆိုပါတယ်။

သူက 'ဒေါ်လာဈေး ဆက်တိုက်ကျနေရင်တော့ ရှင်းတယ်လေ၊ အပြင်ကနေ ဝယ်ယူနေရတဲ့ဟာတွေက ဈေးပေါမှာပေါ့၊ သွင်းကုန်တွေက ဈေးပေါသွားမှာပေါ့၊ အဓိကကတော့ စက်သုံးဆီဈေးတွေပေါ့၊ ခုလဲ ကျနေပေမဲ့ ဒီထက်မက ကျရမှာပေါ့၊ ခုမှ ဒေါ်လာဈေးကျတာပဲရှိသေးတာ၊ တစ်ရက်နှစ်ရက်နဲ့ ပို့ကုန်တွေလဲ ပို့လို့မရဘူး' လို့ ပြောပါတယ်။

**အေးအေးအောင်**

# ဖူဆိုတီဗီထရပ်တာ အထူးပရိုမိုးရှင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၄** – ကြမ်းတမ်းလှတဲ့ လမ်းကြောင်းခရီးတွေကို လေးလှပါတယ်ဆိုတဲ့ ဝန်တင်ပြီးသွားမယ်ဆိုရင် Fuso TV Tractor ထရပ်ကားတွေကို ဝယ်ယူနိုင်ပါတယ်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ Fuso TV Tractor ဝယ်ယူရင် နှစ်နှစ် ဒါမှမဟုတ် ကီလို တစ်သိန်းအာမခံရရှိပါမယ်။ အင်ဂျင် ဂီယာဘောက်စ် (power train) အတွက် သုံးနှစ် ဒါမှမဟုတ် ကီလို တစ်သိန်းခွဲ အာမခံ ရရှိပါမယ်။

ကီလိုမီတာ နှစ်သိန်းအထိ ထိန်းသိမ်းပြုပြင်စရိတ်ပစ္စည်းနဲ့ လက်ခအခမဲ့ (service contract) စတဲ့ အထူးအခွင့်အရေးတွေ ရရှိနိုင်ပါမယ်။

ကြီးမားလေးလံတဲ့ ဝန်ပစ္စည်းကို တင်ဆောင်မောင်းနှင်ဖို့ အထူးလွယ်ကူတဲ့အပြင် ဆီစားနှုန်းကိုလည်း သက်သာစေပါတယ်။ ဂီယာ အကူးအပြောင်း ညက်ညောမှုကြောင့် မောင်းနှင်သူတွေ အနေနဲ့ အဆင်ပြေလွယ်ကူစေမှာ ဖြစ်တယ်။

Fuso FZ Tractor Head 6x4 ထရပ်ကားတွေကိုလည်း အထူးပရိုမိုးရှင်းအစီအစဉ်နဲ့ ဝယ်ယူနိုင်ပါတယ်။ FZY1WFR2L မော်ဒယ်လ်ဖြစ်တယ်။ 6S20, 6.37 လီတာ, 3-valve per Cyl အင်ဂျင်ကို အသုံးပြုတယ်။ အမြင့်ဆုံးအမြန်နှုန်း တစ်နာရီကို ၉၀ ကီလိုမီတာနှုန်းမောင်းနှင်နိုင်တယ်။ အင်ဂျင်ရဲ့ အမြင့်ဆုံး စွမ်းဆောင်ရည်အနေနဲ့ 2200 rpm မှာ 205 KW နဲ့ အမြင့်ဆုံး ရုန်းအားအနေနဲ့ 1200 rpm ကနေ 1600rpm အတွင်း 1100 NM ရှိပါတယ်။ မန်ချူရယ် ဂီယာ ကိုးချက် ပြောင်းလဲအသုံးပြုနိုင်တယ်။ ၃၈၀ လီတာဝင်ဆံ့တဲ့ ဆီတိုင်ကီ ပါရှိတယ်။ ရန်ကုန်ဖုန်း –၀၉၄၅၆၁၁၁၁၀၁ နဲ့ မန္တလေး ဖုန်း – ၀၉ ၄၀၄ – ၄၇၄၄၀၁ ကို ဆက်သွယ်နိုင်ပါတယ်။



**အောင်ထွန်းဦး**

www.free4readers.com





တရုတ်နဲ့ အမေရိကန် စီးပွားဆက်ဆံရေး ပြေလည်လာတာရယ်၊ ကမ္ဘာ့ရေနံဈေး၊ ရွှေဈေးတွေ ကျဆင်းလာတာကြောင့် ပြည်တွင်းဒေါ်လာဈေး ကျဆင်းရတာဖြစ်တယ်။

မယ်။ လောလောဆယ်မှာ သူတို့နှစ်ဦးက စစ်ပြေငြိမ်းတဲ့အနေအထားမျိုးဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေ . နဲ့ ရွှေ့အလားအလာကောင်းသွားပါတယ်။

အမေရိကန်ဟာ သူ့ရဲ့ဒေါ်လာဈေးနှုန်းကို ပေါက်ဈေးထက်ပိုပြီး တင်ထားတော့ မထိန်းနိုင်တဲ့အခါ ယိုင်လာတယ်။ ဥပမာ ဂျန်နရယ်မော်တာက ဝန်ထမ်းပေါင်း ၁၀,၀၀၀ ကျော် အလုပ်နားလိုက်ရတာက သက်သေပြနေတယ်။ နောက်ထပ်လိုက်ယှဉ်ရင် အမေရိကန်ရဲ့စီးပွားရေးက ပြိုလဲရတော့မယ်။ အဲဒါကြောင့် တရုတ်နဲ့စေ့စပ်ရတဲ့အဆင့်ရောက်လာတယ်။ တကယ်တော့ ပြည်တွင်းမှာ အမေရိကန် ဒေါ်လာဈေးဟာ ကျတာလည်းမကောင်းဘူး။ တက်တာလည်း မကောင်းပါဘူး။ ဈေးနှုန်းတစ်ခုမှာ တည်ငြိမ်နေဖို့ပဲ လိုပါတယ်လို့ ဒေါက်တာ တင်ဝင်းက ပြောပါတယ်။

အမေရိကန် ဒေါ်လာဈေးကျတဲ့အတွက် သွင်းကုန်လုပ်တဲ့သူတွေကတော့ အဆင်ပြေပါတယ်။ ဒေါ်လာပြန်ဝယ်တဲ့အခါ ဈေးသက်သာပါတယ်။ ပို့ကုန်လုပ်တဲ့သူတွေကတော့ ငွေမချေရသေးတဲ့အပိုင်းမှာ လုပ်ရကိုင်ရခက်ခဲသွားပါတယ်။ တန်းတစ်ခုမှာ တည်ငြိမ်နေမှသာ ပိုလွယ်ကူစေတာဖြစ်တယ်။

ပြည်ပသွင်းကုန်လုပ်ငန်းပိုင်းမှာ ပြန်ကြည့်ရင် စက်သုံးဆီဈေးတွေ ပိုမိုကျဆင်းလာဖို့ ရှိနေပါတယ်။ ပြီးခဲ့တဲ့လအတွင်းကစပြီး ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းနေတဲ့အတွက် ပြည်တွင်းစက်သုံးဆီဈေးနှုန်းတွေပါ ကျဆင်းလာပါတယ်။ ဒေါ်လာဈေးကျတဲ့အတွက် စက်သုံးဆီဈေးနှုန်းတွေလည်း ဆက်လက်ကျဆင်းမယ့် အလားအလာရှိနေပါတယ်။

သွင်းကုန်လုပ်ငန်းရှင်တွေအတွက် ပိုကောင်းတဲ့ အခြေအနေရောက်နေပြီး အခြေအနေတွေက ဘာမှ စိုးရိမ်စရာမရှိဘူးလို့ သုံးသပ်သူတွေလည်းရှိပါတယ်။ နိုင်ငံ ခြားကို သူများတွေနဲ့ ပြိုင်ပြီး တင်ပို့ရမယ့်အချိန်ဆိုရင်တော့ ဒေါ်လာဈေးကျနေတာက စိုးရိမ်စရာဖြစ်တယ်။ ပြည်တွင်းက ပို့ကုန်တွေဟာ ဘယ်သူတွေနဲ့မှ ပြိုင်ပြီး ပို့ရတာမျိုးမရှိပါဘူး။ မြန်မာငွေတန်ဖိုးတက်တာ အကောင်းဆုံးပါပဲလို့လည်း သုံးသပ်ပါတယ်။

## ကားဈေးရော ကျမလား

'ဒေါ်လာဈေးကျ၊ ရွှေဈေးကျတော့ ကားဈေးနှုန်းတွေရော ကျမှာလားလို့ မေးလာကြပါတယ်၊ ဂျပန် တစ်ပတ်ရစ် ညာမောင်း ကားဟောင်းတွေကတော့ ဈေးကျဖို့ မရှိပါဘူး'လို့ ဝါရင့်ဝယ်ရောင်း ဦးချစ်ထွေးက ပြောပါတယ်။

ကားပိုင်းတွေမှာ ကားတွေ နည်းသွားတယ်။ အရင်က ဒေါ်လာဈေး၊ ရွှေဈေးကျရင် ကားဈေးတွေပါ လိုက်ကျတဲ့သဘောရှိတယ်။ အရင်က တစ်ပတ်ရစ်ကားဟောင်းတွေ သွင်းခွင့်ရနေတော့ ဒေါ်လာနဲ့ ဝယ်သွင်းရတယ်။ အဲဒါကြောင့် ဒေါ်လာဈေးတက်ရင် ရိုက်ခတ်မှုရှိတယ်။ ဝယ်တဲ့သူကလည်း ဒေါ်လာဈေးကျရင် ကားဈေးတွေ ကျမှာပဲဆိုပြီး စောင့်ဝယ်တဲ့သဘောရှိတယ်။ အဲသည်တော့ ကျပ်လေးငါးဆယ်သိန်း ချရောင်းရတယ်။ ကားပြန် သွင်းတဲ့အခါမှာလည်း ဒေါ်လာဈေးကျနေတော့ တင်သွင်းခတွေ၊ အခွန်တွေ သက်သာတယ်။ အခုလည်း ပြည်ပကတင်သွင်းတဲ့ ဘရန်းနယူးကားသစ်တွေမှာတော့ အမေရိကန်ဒေါ်လာဈေးအတက်အကျပေါ်မူတည်ပြီး အပြောင်းအလဲ ရှိပါတယ်။ ညာမောင်းတစ်ပတ်ရစ်တွေ မတင်သွင်းရဘဲ ဘယ်မောင်းဘရန်းနယူးတွေသာ တင်သွင်းခွင့်ပေးခဲ့တာ နှစ်ပတ်လည်နေပြီဖြစ်တယ်။ အဲဒါကြောင့် တင်သွင်းထားပြီးသား လက်ကျန်တစ်ပတ်ရစ်ကားတွေရဲ့ဈေးနှုန်းက အပြောင်းအလဲမရှိနိုင်ဘဲ ပြည်ပက အသစ်တင်သွင်းထားတဲ့ ဘရန်းနယူးကားဈေးနှုန်းတွေကသာ အပြောင်းအလဲရှိနိုင်ပါတယ်လို့ ဦးချစ်ထွေးက ပြောပါတယ်။

> "ပြည်တွင်းမှာ အမေရိကန် ဒေါ်လာဈေးဟာ ကျတာလည်း မကောင်းဘူး။ တက်တာလည်း မကောင်းပါဘူး။ ဈေးနှုန်းတစ်ခုမှာ တည်ငြိမ်နေဖို့ပဲ လိုပါတယ်"

အပြင်ငွေကြေးဈေးကွက်မှာ အမေရိကန်ဒေါ်လာဈေးဟာ ၁၅၁၅ ကျပ် အထိ ကျဆင်းနေချိန်မှာ ဗဟိုဘဏ်ရဲ့သတ်မှတ်တဲ့ဈေးနှုန်းဟာ ကျပ် ၁၅၇၀ အထိရှိနေပါတယ်။ အမေရိကန်ဒေါ်လာဈေး မြင့်တက်နေတာဖြစ်စေ၊ ကျဆင်းနေတာဖြစ်စေ တည်ငြိမ်အောင် ထိန်းချုပ်ပေးဖို့တော့လိုအပ်တယ်လို့ ငွေကြေးဈေးကွက်ကျွမ်းကျင်သူတွေက သုံးသပ်ပါတယ်။

**အောင်ထွန်းဦး**



# အမ်းမြို့နယ်အတွင်း တရားမဝင် ဘင်္ဂါလီ ကိုးဦး ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**– အမ်းမြို့နယ် အတွင်းတရားမဝင်ဘင်္ဂါလီလူမျိုးကိုးဦးကိုဖမ်းမိခဲ့တယ်လို့သိရပါတယ်။

ရခိုင်ပြည်နယ်၊အမ်းမြို့နယ်၊ ရန်ကုန် – စစ်တွေကားလမ်းအတိုင်း စစ်တွေမှရန်ကုန်ကိုမြောက်ဦးမြို့နယ်နေ ဦးသန်းစိုး(အသက် ၃၃ နှစ်)မောင်းလာတဲ့ အံစာတုံးယာဉ်ဟာ ဒီဇင်ဘာ ၅ရက်၊ နံနက် ၇း၀၀ နာရီခန့်ကကံမြင့်ကံစစ်ဆေးရေးဂိတ်ရောက်တဲ့အခါ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များစစ်ဆေးရာ ပုန်းခိုလိုက်ပါလာတဲ့ ဘင်္ဂါလီလူမျိုးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

ယာဉ်နောက်ခန်းမှာ ပုန်းခိုလိုက်ပါလာတဲ့ဘင်္ဂါလီလူမျိုးအမျိုးသမီး ရှစ်ဦးနဲ့ငါးနှစ်အရွယ်ကလေးတစ်ဦးတို့ကို ဖမ်းဆီးမိခဲ့တာဖြစ်ပါတယ်။

အဆိုပါအမျိုးသမီးတွေဟာ ကျောက်တော်မြို့နယ်မှာနေထိုင်သူတွေဖြစ်ပြီး မှတ်ပုံတင် အထောက်အထားမပါဘဲတရားမဝင်သွားလာခြင်းဖြစ်တယ်လို့ အမ်းမြို့နယ်ရဲတပ်ဖွဲ့ဆီကသိရပါတယ်။

လက်ရှိဖမ်းဆီးရမိတဲ့ဘင်္ဂါလီတွေကို မြို့နယ်လဝကမှ ခေါ်ဆောင်စစ်ဆေးနေပြီး လဝကအက်ဥပဒေအရအရေးယူမယ်လို့ သိရပါတယ်။

အမ်းမြို့မရဲစခန်းက တာဝန်ရှိသူတစ်ဦးက' စစ်ဆေးရေးဂိတ်မှာ တားစစ်တာ။ ဘင်္ဂါလီအမျိုးသမီးတွေကိုကားရဲ့နောက်မှာဝှက်သယ်လာတာ။ ကားမောင်းလာတဲ့ သယ်ဆောင်တဲ့လူကိုတော့ အရေးယူဖို့လုပ်နေတယ်။ ဘင်္ဂါလီတွေကိုတော့ လဝကဥပဒေနဲ့ အရေးယူထားတယ်' လို့ ပြောပါတယ်။

ဘင်္ဂါလီတွေ ဖမ်းဆီးရမိမှုနဲ့ပတ်သက်ပြီး ယာဉ်မောင်းကိုအမ်းမြို့မရဲစခန်းမှာ တရားမဝင်သယ်ဆောင်မှု ပုဒ်မ ၃၆ရ အရအမှုဖွင့်အရေးယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

**နှင်းနှင်း**

www.free4readers.com





မန္တလေးတိုင်းအတွင်းရှိ လုပ်ငန်းတွေထဲက ထောင်နဲ့ချီတဲ့လုပ်ငန်းအများအပြား မန္တလေးစက်မှုဇုန်နဲ့မန္တလေးမြို့ပေါ်မှာ တည်ရှိပါတယ်။

ကွက်ကတော့ လက်ရှိအချိန် (ဒီဇင်ဘာလ) အချိန်ထိ ရောင်းသူရောဝယ်သူရောနှစ်ဖက်စလုံးက စောင့်ကြည့်နေတဲ့ အနေအထားမျိုးသာရှိနေပြီး ကျပ်သိန်းငါးထောင်အထက်မြေအရောင်းအဝယ် မရှိသလောက်နည်းတယ်လို့ အကျိုးဆောင်အချို့ဆီက သိရပါတယ်။

လာမယ့်နှစ်မှာတော့ မန္တလေးမြို့ရဲ့ အိမ်ခြံမြေဈေးကွက်ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အခြေခံပြီး ဈေးကွက်အပြောင်းအလဲတွေ ဖြစ်ပေါ်လာမယ်လို့ အကျိုးဆောင်အချို့က ခန့်မှန်းပါတယ်။

## အက်စ်အမ်အီး

လက်ရှိမှာအောင်မြင်ဖို့ ရုန်းကန်နေရပေမဲ့ အနာဂတ်မှာ မြို့ရဲ့စီးပွားရေးယခုထက်ပိုမိုဖွံ့ဖြိုးရေးကို အဓိကအထောက်အပံ့ဖြစ်စေမယ့် လုပ်ငန်းတွေအဖြစ် အက်စ်အမ်အီးလုပ်ငန်းတွေကို ရှုမြင်ထားတဲ့ စီးပွားရေးလုပ်ငန်းရှင်အချို့ရှိပါတယ်။

မန္တလေးတိုင်းရှိ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်း အက်စ်အမ်အီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ ယခုနှစ်မှာတုန့်ဆိုင်းနေတယ်လို့ MRCCI မန္တလေးတိုင်းအက်စ်အမ်အီးလုပ်ငန်းကော်မတီက သိရပါတယ်။

ခန့်မှန်းတွက်ချက်မှုတွေအရ မြန်မာနိုင်ငံမှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းပေါင်း ၁၂၀,၀၀၀ ခန့်ရှိပြီး သည့်လုပ်ငန်းတွေထဲက ၆၀ ရာခိုင်နှုန်းခန့်ဟာ မန္တလေးတိုင်းမှာရှိတယ်လို့ သိရပါတယ်။

မန္တလေးတိုင်းအတွင်းရှိ လုပ်ငန်းတွေထဲက ထောင်နဲ့ချီတဲ့ လုပ်ငန်းအများအပြားမန္တလေးစက်မှုဇုန်နဲ့ မန္တလေးမြို့ပေါ်မှာ တည်ရှိပါတယ်။

‘ဒီအစိုးရရဲ့မူဝါဒတွေအရ ဖော်မယ် (တရားဝင်နည်းလမ်းတကျ) ထဲကို သွင်းတဲ့သဘောပေါ့၊ နဂိုကတော့ အင်ဖော်မယ်(တရားမဝင်နည်းလမ်းမကျ)သဘောမျိုးဖြစ်နေတဲ့ လုပ်ငန်းတွေကတော်တော်များတာကို တချို့ဆိုစည်ပင်လိုင်စင်လဲ မရှိဘူး၊ စက်မှုလုပ်ငန်းလိုင်စင်လဲမရှိဘူး ဒါမျိုးတွေလဲရှိတယ်၊ အခုကျတော့ စည်ပင်နဲ့ပတ်သက်တဲ့ လုပ်ငန်းလိုင်စင်ရှိရမယ်၊စက်မှုလိုင်စင်ရှိရမယ်၊ နောက် သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ရင် EMP ဆိုတာမျိုးတွေ ဒါတွေ လုပ်ခိုင်းလာတာရှိတယ်၊ ဒါတွေကလဲရှိတဲ့အခါကျတော့ တချို့လုပ်ငန်းတွေက လုပ်ငန်းနဲ့မကိုက်ညီတဲ့အခါကျတော့ ရပ်ဆိုင်းတာတို့ တုန့်ဆိုင်းတာတို့ ဖြစ်ကုန်တာရှိတယ်၊ မန္တလေးမြို့ပေါ် လုပ်ငန်းတွေနဲ့ပတ်သက်လို့ တုန့်ဆိုင်းတယ်ဆိုတဲ့ဟာကိုတော့ သုံးသပ်လို့ရပါတယ်’ လို့ MRCCI မန္တလေးတိုင်းအက်စ်အမ်အီးလုပ်ငန်းကော်မတီက ကော်မတီဝင်တစ်ဦးက ပြောပါတယ်။

မန္တလေးရဲ့စီးပွားရေး ယခုထက်ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အက်စ်အမ်အီးလုပ်ငန်းတွေဟာ အဓိကကျတယ်၊ ကူညီထောက်ပံ့မှုတွေ ပြုပြင်ပြောင်းလဲရေးအချို့ကြောင့် လာမယ့် ၂၀၁၉ မှာတော့ သည့်လုပ်ငန်းတွေရဲ့ ၅၀ ရာခိုင်နှုန်းအထက်ဟာ ယခုထက်ပိုမိုတိုးတက်ဖို့မြင်တယ်လို့ လုပ်ငန်းရှင်အချို့က ခန့်မှန်းပြောဆိုပါတယ်။

အက်စ်အမ်အီးလုပ်ငန်းတွေနဲ့ ပတ်သက်လို့အစိုးရရဲ့ ပေါ်လစီတွေ၊ ထိရောက်တဲ့ငွေကြေးကူညီထောက်ပံ့မှုပြုပြင်ပြောင်းလဲမယ်ဆိုရင် လက်ရှိမှာ တုံ့ဆိုင်းကျဆင်းနေတဲ့ အက်စ်အမ်အီးလုပ်ငန်းတွေဟာ အချိန်တိုအတွင်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်။

မန္တလေးရှိ အက်စ်အမ်အီးလုပ်ငန်းတွေကို ငွေကြေးအရချေးငွေထောက်ပံ့ကူညီမှုတွေပြုလုပ်မှု၊ ရင်းနှီးမြှုပ်နှံဖို့အတွက် ပြည်ပက စိတ်ဝင်တစား လာရောက်ဆက်သွယ်တဲ့ နိုင်ငံအရေအတွက်ဟာ ရွေးကောက်ပွဲကာလမတိုင်ခင် ၂၀၁၅ ခုနှစ်နောက်ပိုင်းလတ်တလောနှစ်တွေမှာ ပိုမိုများပြားတယ်လို့ မန္တလေးတိုင်းဒေသကြီး အက်စ်အမ်အီးလုပ်ငန်းကော်မတီက သိရပါတယ်။

နိုင်ငံခြားကူညီထောက်ပံ့မှုတွေအပြင် အက်စ်အမ်အီးလုပ်ငန်းတွေနဲ့ပတ်သက်လို့ အစိုးရရဲ့ပေါ်လစီတွေ ပြောင်းလဲပစ်ခဲ့မယ်ဆိုရင် လက်ရှိမှာလုပ်ငန်းကျဆင်းနေတဲ့ အက်စ်အမ်အီးလုပ်ငန်းတွေဟာ အချိန်တိုအတွင်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မန္တလေးတိုင်း အက်စ်အမ်အီးလုပ်ငန်းကော်မတီက ကော်မတီဝင်တစ်ဦးက သုံးသပ်ပြောဆိုပါတယ်။

> **“မန္တလေးမြို့ဟာ မြန်မာနိုင်ငံရဲ့ အချက်အချာနေရာဖြစ်ရုံသာမက ဒေသတွင်း အာဆီယံနိုင်ငံတွေ၊ အာရှအင်အားကြီး နိုင်ငံတွေနဲ့ ဆက်သွယ်ကူးလူးဆက်ဆံဖို့ ဖောက်လုပ်နေတဲ့ လမ်းမကြီးတွေရဲ့ အချက်အချာ နေရာမှာလည်း တည်ရှိနေတယ်”**

မန္တလေးမြို့ဟာ စီးပွားရေးအရ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းတွေများစွာရှိနေပြီး ဒါတွေကို အကောင်းဆုံးအသုံးချဖို့ အရင်းအနှီး၊ နည်းပညာ၊စုပေါင်းလုပ်ကိုင်မှု စတာတွေမှာ လိုအပ်ချက်တွေရှိနေတယ်။ ဒေသခံစီးပွားရေးလုပ်ငန်းရှင်အချို့က ဆိုပါတယ်။

မန္တလေးမြို့ဟာ မြန်မာနိုင်ငံရဲ့ အချက်အချာနေရာဖြစ်ရုံသာမက ဒေသတွင်းအာဆီယံနိုင်ငံတွေ၊ အာရှအင်အားကြီးနိုင်ငံတွေနဲ့ ဆက်သွယ်ကူးလူးဆက်ဆံဖို့ ဖောက်လုပ်နေတဲ့ လမ်းမကြီးတွေရဲ့အချက်အချာနေရာမှာလည်း တည်ရှိနေတယ်။

သည်အချက်ကို အခွင့်အရေးအဖြစ် အသုံးချပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရမှာဖြစ်တယ်။ မိသားစုစီးပွားရေးပုံစံမျိုးပြုလုပ်နေတဲ့ အိမ်တွင်းစီးပွားရေးလုပ်ငန်းတွေကိုသာ အပြောင်းအလဲတွေ ပြုလုပ်ခဲ့မယ်ဆိုရင် မန္တလေးမြို့ရဲ့စီးပွားရေးဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲတိုးတက်လာနိုင်မယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြပြောဆိုပါတယ်။

**မိုးမြင့်ထွန်း**

# ကျောက်မီးသွေးစွမ်းအင်သုံးဘိလပ်မြေစက်ရုံဖျက်သိမ်းရေး ဒေသခံအချို့ တောင်းဆို

မန္တလေး၊ ဒီဇင်ဘာ ၅ - ကျောက်မီးသွေးစွမ်းအင်သုံးဘိလပ်မြေစက်ရုံတည်ဆောက်နေမှုကို အပြီးပိုင်ဖျက်သိမ်းပေးရေးတောင်းဆိုရာမှ အိမ်ထောင်ဦးစီးအချို့ ထောင်ကျသွားပြီးနောက် စားဝတ်နေရေးအခက်အခဲကြုံနေရတယ်ဆိုပြီး အောင်သပြေကျေးရွာဒေသခံအချို့ဟာ ဒီဇင်ဘာလ ၅ ရက်က မန္တလေးဈေးချိုတော်မှာ ခွက်လက်ဆွဲတောင်းရမ်းနေကြတာ တွေ့ရပါတယ်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တွာကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာအနီး မြင့်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီမှ ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံတည်ဆောက်နေမှုကို အပြီးပိုင် ဖျက်သိမ်းပေးရေး တောင်းဆိုမှုပြုနေတဲ့ဒေသခံအချို့ ဦးရွှေအုန်းပါ ငါးဦးကို ကုမ္ပဏီက ပုဒ်မ ၃၄၁ ဖြင့်တရားစွဲဆိုရာမှာ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၈ ရက်က ပုသိမ်ကြီးမြို့နယ်မှ ထောင်ဒဏ်တစ်လ ချမှတ်ခဲ့တယ်လို့ သိရပါတယ်။

ဒါအပြင် ဒေသခံတောင်သူ ၁၈ ဦးကိုလည်း လမ်းတံတားဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေတို့ဖြင့် အမှုဖွင့်တရားစွဲဆိုထားတာတွေ ရှိပါတယ်။

ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံတည်ဆောက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လေထုညစ်ညမ်းမှုစသည်တို့ဖြစ်နိုင်တဲ့အတွက်ကြောင့် ဒေသခံများက စက်ရုံတည်ဆောက်မှုကို ကန့်ကွက်နေခြင်းဖြစ်တယ်လို့ ဒေသခံအချို့က ဆိုပါတယ်။

ယင်းကျောက်မီးသွေးစွမ်းအင်သုံးဘိလပ်မြေစက်ရုံအဝင်လမ်းအတွက် ရွာအဝင်လမ်းရှိ ကျွန်းပင် ၃၇၀ ကျော်နဲ့ အခြားအပင် ၇၀၀ ကျော် ခုတ်လှဲခင်းများရှိတယ်လို့ ဆိုပါတယ်။

အဲသည်စက်ရုံစီမံကိန်းမပြုလုပ်ဖို့အတွက် ဒေသခံတွေက ၂၀၁၄ ခုနှစ်ကတည်းက သက်ဆိုင်ရာအဆင့်ဆင့်ကို တိုင်စာများနှင့်ကန့်ကွက်စာများ အကြိမ်ကြိမ်တင်ပြခဲ့ပေမဲ့ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ဘူးလို့ သိရပါတယ်။

စီမံကိန်းပြုလုပ်မယ့် ဧရိယာဟာ အောင်သပြေ၊ တောင်ပုလု၊ သရက်ကိုင်း၊ မြက်သာ၊ ထုံးဘို၊ စာတိုက်တကာ၊ တောင်ကန်၊ ပြည်သာယာစသည့် ကျေးရွာများနှင့် ထိစပ်နေတယ်လို့ဒေသခံအချို့က ဆိုပါတယ်။

**မိုးမြင့်ထွန်း**

www.free4readers.com





ကျေးလက်လူဦးရေဟာ မြို့ပြလူဦးရေနဲ့ နှိုင်းယှဉ်ပါက ချို့တဲ့မှုမျိုးစုံနဲ့ ပိုမိုရင်ဆိုင်ကြုံတွေ့နေရပါတယ်။

# နိုင်ငံလူဦးရေ ၄၀ ရာခိုင်နှုန်း အိမ်ရာချို့တဲ့မှု ခံစားနေရ

နေပြည်တော်၊ ဒီဇင်ဘာ ၄ – နိုင်ငံတစ်ဝန်း လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းကျော် အိမ်ရာချို့တဲ့မှု ခံစားနေရပြီး ရခိုင်ပြည်နယ်က ချို့တဲ့မှုအမြင့်ဆုံးဖြစ်တယ်လို့ ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အခြေခံပြီး ကောက်ခံထားတဲ့ ရှမ်းပြည်နယ်ပယ်စုံ လူမှုဘဝဖူလုံရေး အစီရင်ခံစာအရ သိရပါတယ်။

အိမ်ထောင်စု တစ်စုအနေနဲ့ တစ်နှစ်ခံ တဲအိမ်၊ နှစ်နှစ်ခံတဲအိမ်စသည်ဖြင့် နေထိုင်ပြီး အမိုးအကာအခိုအလှုံဖြင့် နေထိုင်ရခြင်း၊ မီးအလင်းရောင်ရရှိဖို့အတွက် ဖယောင်းတိုင် ဒါမှမဟုတ် ရေနံဆီ သုံးစွဲရခြင်း စသည်ဖြင့် သတ်မှတ်ထားတဲ့ ရှမ်းပြည်နယ်ပယ် တစ်ခုမှာ အနိမ့်ဆုံး အခြေခံ လိုအပ်ချက်တွေကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိတဲ့ အိမ်ထောင်စုကို ချို့တဲ့မှုရှိတယ်လို့ သတ်မှတ်တာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ အလုပ်ရုံ၊ စက်ရုံတွေမရှိတဲ့အတွက်ကြောင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု နောက်ကျတယ်။ အလုပ်အကိုင်ရှားလို့ဒေသခံ လူငယ်တွေက တခြားနေရာတွေမှာ သွားရောက် လုပ်ကိုင်မှုများလာတယ်။ လူနေမှုဘဝဖွံ့ဖြိုးမှုအတွက် အစိုးရအနေနဲ့ အလုပ်အကိုင် အတည်တကျ ပေးသင့်တယ်လို့ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စောဝေက ပြောပါတယ်။

ဒေါ်ခင်စောဝေက 'စက်မှုဇုန်တွေကို အကောင်အထည် မဖော်နိုင်သေးဘူး၊ စက်မှုဇုန် တွေ အကောင်အထည်ဖော်ပေးနိုင်ရင် အလုပ်အကိုင်လဲ အဆင်ပြေနိုင်တယ်လို့ ထင်တယ်၊ စက်မှုဇုန် တွေ အောင်မြင်အောင် လုပ်ဖို့ လိုအပ်ပါတယ်'လို့ ပြောပါတယ်။

ချို့တဲ့မှုညွှန်းကိန်းအတွက် အဓိက အုပ်စု ခြောက်ခုနဲ့ ညွှန်းကိန်း ၁၄ ခု ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ပယ်စုံ ချို့တဲ့မှုညွှန်းကိန်းအုပ်စုမှာ ကျန်းမာရေးအုပ်စုက ချို့တဲ့မှု အနည်းဆုံးနဲ့ တွေ့ရအနည်းဆုံး ဖြစ်ပေမဲ့ သန်းခေါင်စာရင်း ရလဒ်တွေအရ မသန်စွမ်းမှုနဲ့ သေနှုန်းညွှန်းကိန်းတွေရဲ့ မြင့်မားမှုကိုလည်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းဟာ မည်သည့်ညွှန်းကိန်းထဲမှ ချို့တဲ့မှု မရှိကြောင်း တွေ့ရပေမဲ့ ၈၄ ရာခိုင်နှုန်းမှာ အနည်းဆုံး ညွှန်းကိန်းတစ်ခုမှာ ချို့တဲ့မှုကို ရင်ဆိုင်နေရပါတယ်။ သည့်အထဲကမှ ၁.၂ ရာခိုင်နှုန်းဟာ တစ်ခုမကသော ချို့တဲ့မှု တွေ ဖြစ်ပွားနေပြီး ၆၁ ရာခိုင်နှုန်းဟာ အဓိက အုပ်စု နှစ်ခု ဒါမှမဟုတ် နှစ်ခု ထက် ပိုသော ချို့တဲ့မှုကို ခံစားနေရပါတယ်။ ၄၀ ရာခိုင်နှုန်းမှာ သုံးခုထက်ပိုသော ချို့တဲ့မှုကို ခံစားနေရတာ ဖြစ်ပါတယ်။

ကျေးလက်လူဦးရေဟာ မြို့ပြလူဦးရေနဲ့ နှိုင်းယှဉ်ပါက ချို့တဲ့မှုမျိုးစုံနဲ့ ပိုမိုရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ကျေးလက်လူဦးရေ ၅၇ ရာခိုင်နှုန်းက ချို့တဲ့မှုကို ခံစား နေရပြီး မြို့ပြမှာ လူဦးရေ ၂၂ ရာခိုင်နှုန်းသာ ချို့တဲ့မှုကို ခံစားနေရတယ်လို့ အစီရင်ခံစာအရ သိရပါတယ်။

> “ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အကြားမှာ ရခိုင်ပြည်နယ်က ရှမ်းပြည်နယ်ပယ်စုံ ချို့တဲ့မှု အမြင့်မားဆုံးဖြစ်ပြီး ရန်ကုန်တိုင်း ဒေသကြီးကတော့ အနိမ့်ဆုံးဖြစ်တယ် ”

ရခိုင်ပြည်နယ်မှာ လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းဟာ ညွှန်းကိန်းငါးခု ဒါမှမဟုတ် ငါးခုထက်ပိုသော ညွှန်းကိန်းတွေမှာ ချို့တဲ့မှု တစ်ခုကို ခံစားနေရပါတယ်။ ကချင်ပြည်နယ်မှာ လူဦးရေရဲ့ ၃၆ ရာခိုင်နှုန်းဟာလည်း ငါးခုထက်ပိုသော ညွှန်းကိန်းတွေမှာ ချို့တဲ့မှုတစ်ခုကို ခံစားနေရပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးမှာ လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းသာ ခံစားရပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအကြားမှာ ရခိုင်ပြည်နယ်က ရှမ်းပြည်နယ်ပယ်စုံချို့တဲ့မှု အမြင့်မားဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးကတော့ အနိမ့်ဆုံးဖြစ်တယ်။ ဧရာဝတီတိုင်း ဒေသကြီးနဲ့ကရင်ပြည်နယ်ဟာ ရှမ်းပြည်နယ်ပယ်စုံ ချို့တဲ့မှု ဒုတိယနေရာမှာ ရှိပါတယ်။

ထက်ထက်

## ကြားဖြတ်အနေနဲ့ လူဦးရေ ငါးရာခိုင်နှုန်းကို နမူနာ သန်းခေါင်စာရင်း ကောက်မည်

နေပြည်တော်၊ ဒီဇင်ဘာ ၄– တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးက လူဦးရေငါးရာခိုင်နှုန်းကို နမူနာနည်းနဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကြားဖြတ်ကာလအနေနဲ့ ၂၀၁၉ နိုဝင်ဘာလမှာ စတင်ကောက်ယူမယ်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောပါတယ်။

နိုင်ငံအများမှာသန်းခေါင်စာရင်းကောက်ယူမှုကို ၁၀ နှစ်တစ်ကြိမ်သာကောက်ယူပေမဲ့ ကြားကာလမှာ စာရင်းအင်းအချက်အလက်၊ လူဦးရေနဲ့ ပတ်သက်တဲ့ အချက်အလက်လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ နိုင်ငံအချို့မှာ ကောက်ယူပါတယ်။

၁၀ နှစ်အတွင်း ပြတ်သွားတဲ့ စာရင်းဇယားလိုအပ်ချက်၊ လူမှုစီးပွားအချက်အလက်ပြောင်းလဲမှုနဲ့ ကြားကာလ ဒေတာလိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ ရည်ရွယ်တယ်လို့ သိရပါတယ်။

'အစိုးရအနေနဲ့လဲ လိုအပ်တဲ့ ဘတ်ဂျက်တွေကို ခွင့်ပြုပြီး ဖြစ်တယ်၊ ဌာနအနေနဲ့လဲ အရင် ၂၀၁၄ သန်းခေါင်စာရင်းအတွေ့အကြုံကို အခြေခံပြီး လိုအပ်တဲ့အချက်အလက်တွေကို ပိုမိုပြည့်စုံအောင် ကောက်ယူဖို့စီစဉ်ထားတယ်'လို့ ဝန်ကြီးဦးသိန်းဆွေက ပြောပါတယ်။

ဌာနအတွင်းမှာလည်း ကောက်ယူမယ့်သူတွေကို သင်တန်းပေးတာ၊ ပညာပေးတာကို ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဆက်လက်ဆောင်ရွက်မယ်လို့ ဦးသိန်းဆွေက ပြောပါတယ်။

၂၀၁၄ ခုနှစ်မှာ နယ်မြေဆုံးရှုံးမှုကြောင့် မကောက်ခဲ့ရတဲ့ နေရာတွေနဲ့ တိုင်းရင်းသားဒေသတွေကိုလည်း ကောက်ယူဖို့ကြိုးစားနေပါတယ်။

ထက်ထက်

# ပြည်ကြီးတံခွန်ဘက်က မြေကွက်အချို့ အရောင်းအဝယ် ပြန်ဖြစ်စပြု

မန္တလေး၊ ဒီဇင်ဘာ ၅ – မန္တလေးအိမ်ခြံမြေဈေးကွက်မှာ သည်ရက်ပိုင်း ပြည်ကြီးတံခွန်မြို့နယ်ဘက်က မြေကွက်တွေအရောင်းအဝယ်ပြန်ဖြစ်စပြုနေတယ်လို့ အကျိုးဆောင်အချို့က ဆိုပါတယ်။

ဝါမကျွတ်ခင် နဲ့ ဝါကျွတ်ပြီးနောက်ပိုင်း ဒေသဆိုင်ရာစံနှုန်းလေးတွေ ထွက်လာတော့ အရောင်းအဝယ်က ပိုပြီးတော့ ခပ်စိပ်စိပ်လေးသွက်လာတယ်။ စက်မှုဘက်က (ပြည်ကြီးတံခွန်မြို့နယ်) တန်ဖိုးသင့်တဲ့ဟာလေးတွေ အရောင်းအဝယ်ဖြစ်တယ်။ ဒါ့အပြင် ချမ်းမြသာစည်၊ အောင်ပင်လယ်၊ ထန်းကိုးပင်၊ မဟာအောင်မြေ၊ ရဲမွန်တောင်ဘက်တွေမှာလည်းဖြစ်နေတယ်။ ဝါကျွတ်တာရော ရာဖြတ်နှုန်းထားလျှော့ပေးလိုက်တာက အဝယ်ရော၊ အငှားလေးတွေရောဖြစ်စေပြီး အရင်ကထက် ဈေးကွက်သွက်လာစေတယ်လို့ သိရပါတယ်။

၅၀၀ နဲ့ ၁၀၀၀ ကြားလိုက်ပြီး ဖြစ်လာတယ်။ ၁၀၀၀ အောက်ကတော့ အသွက်ဆုံးလို့ သိရပါတယ်။

အရောင်းအဝယ်ပြန်လိုက်စပြုနေတယ်ဆိုပေမဲ့ ယခင်နှစ်ကထက်စာရင် မြေကွက်အချို့ဈေးနှုန်းကျဆင်းတယ်လို့ သိရပါတယ်။ လမ်းအနေအထားနေရာအကျယ်အဝန်းပေါ်မူတည်ပြီး မြေဈေးနှုန်းဟာ ၁၀ ရာခိုင်နှုန်းနဲ့ ၂၀ ရာခိုင်နှုန်းကြား ကျဆင်းတယ်လို့ ဈေးကွက်အတွင်းက စုံစမ်းသိရပါတယ်။

မိုးမြင့်ထွန်း



ဒေသဆိုင်ရာစံနှုန်းလေးတွေ ထွက်လာတော့ အရောင်းအဝယ်က ပိုပြီးတော့ ခပ်စိပ်စိပ်လေးသွက်လာတယ်။



မြေပဲဆန်စျေးကတော့ အခုအချိန်အထိ အတက်အကျ သိပ်မရှိဘဲ စျေးငြိမ်နေပါတယ်။

# ပဲတွေ စျေးကျ၊ နှမ်းတွေ တက်စျေးမှာပဲ ရှိနေ

**နေပြည်တော်၊ ဒီဇင်ဘာ ၅–** သည်တစ်ပတ်မှာတော့ ပဲမျိုးစုံလိုလို စျေးကျနေပြီး နှမ်းမျိုးစုံကတော့ အတက်စျေးနဲ့ပဲ ရှိနေပါသေးတယ်။

## ပဲမျိုးစုံ

သည်တစ်ပတ်တော့ ပဲမျိုးစုံလိုလို စျေးတွေကျလာပါတယ်။ ကုန်စည်ဒိုင်အချို့ရဲ့ပြောပြချက်အရ ဒေါ်လာစျေးတွေ ထိုးကျသွားတဲ့အတွက် အခုလို စျေးကျလာတာလို့သိရပါတယ်။

ပဲစင်းငုံအသစ်ဆိုရင် အရင်တစ်ပတ်က တစ်တင်းကို ကျပ် ၂၅,၀၀၀ ဖြစ်ပြီး အခုတစ်ပတ်မှာ ကျပ် ၂၄,၀၀၀ သာရှိပါတယ်။ တစ်တင်းကို ကျပ် ၁၀၀၀ အထိ စျေးပြန်ကျလာတာပါ။ အဟောင်းကလည်း အရင်တစ်ပတ်က တစ်တင်းကို ကျပ် ၂၆,၂၀၀ ကနေ အခုတစ်ပတ်မှာ တစ်တင်းကို ကျပ် ၂၄,၆၀၀ အထိပြန်ကျလာတဲ့အတွက် ကျပ် ၁၆၀၀ အထိ စျေးကျလာတယ်လို့ ပြည်တွင်းပဲ စျေးကွက်က သိရပါတယ်။

ကုလားပဲဆိုရင်လည်း မန္တလေး ကုန်စည်ဒိုင်မှာ အရင်တစ်ပတ်က သုံးတင်းဝင်တစ်အိတ်ကို ကျပ် ခန့်ရှိခဲ့ပြီး အခု တစ်ပတ်မှာ ကျပ်၈၁,၀၀၀ သာ ရှိတယ်လို့ သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးကျော်သွင်က 'ငွေစျေးကျလာတာနဲ့ ပြန်အေးလာတာပေါ့၊ အဓိကကတော့ ဒီဟာကြောင့် ပဲ မြင်ပါတယ်၊ ပဲမျိုးစုံ နီးပါးလောက်ပါပဲ၊ အရောင်းအဝယ်လဲ သိပ်မဖြစ်ဘူး စျေးကျသွားတော့၊ စျေးကတော့ အခုပုံဆို ခန့်မှန်းလို့ကို မရသေးဘူး၊ ဘယ်လို လာဦးမယ် မသိဘူး' လို့ ပြောပါတယ်။

လက်ရှိမှာ မတ်ပဲ စျေးဆိုရင်လည်းအရင်တစ်ပတ်က တစ်တင်း ကျပ် ၂၉,၀၀၀ အထိရှိခဲ့ပြီး အခုတစ်ပတ်မှာ ကျပ် ၂၆,၅၀၀ အထိ ကျဆင်းလာပါတယ်။ အခု စျေးတွေကျလာတဲ့ မတ်ပဲနဲ့ ကုလားပဲဟာ ဆောင်းသီးနှံတွေဖြစ်တဲ့အတွက် တောင်သူတွေ သည်နှစ်ဆောင်းသီးနှံအတွက် အခက်တွေ့စေနိုင်တယ် လို့လည်း သိရပါတယ်။ မတ်ပဲဆိုရင် တစ်တင်းကို ကျပ် ၃၀,၀၀၀ ကျော်လောက်မှ စျေးမရရင် တောင်သူတွေအတွက် တွက်ခြေမကိုက်ဘူးလို့လည်း တောင်သူတွေရဲ့ပြောပြချက်အရ သိရပါတယ်။ ပဲစင်းငုံအသစ်တွေဆိုရင်လည်း မကြာခင်မှာပဲ စျေးကွက်ထဲကို တော်တော်များများ ဝင်ရောက်လာတော့မှာ ဖြစ်ပါတယ်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်က တောင်သူဦးကျော်လင်းက 'မတ်ပဲပဲစိုက်ကြရမှာပဲ၊ တချို့စိုက်နေပြီ၊ မိုးစပါးစောစောရိတ်ပြီးတဲ့ သူတွေက၊ အစောပိုင်းစျေးလေးဆို ဟုတ်နေတာစျေးလေးက၊ ဒီစျေးနဲ့ကတော့ တောင်သူတွေ မလွယ်သေးဘူး' လို့ပြောပါတယ်။

မတ်ပဲနဲ့ ပဲစင်းငုံစျေးတွေဟာ အိန္ဒိယကနေ တင်သွင်းမှု ကန့်သတ်လိုက်ကတည်းက စျေးတွေကျဆင်းနေတာ ဖြစ်ပေမဲ့ ပြီးခဲ့တဲ့ အောက်တိုဘာလထဲမှာ စျေးတွေ ပြန်ကောင်းလာခဲ့ပါသေးတယ်။

## နှမ်းမျိုးစုံ

နှမ်းမျိုးစုံကတော့ သည်တစ်ပတ်မှာစျေးအနည်းငယ်ထပ်တက်လာတယ်လို့ မကွေးကုန်စည်ဒိုင်က သိရပါတယ်။

သည်တစ်ပတ်မှာ စမုန်နက်နှမ်းကတော့ ၄၅ ပိဿာဝင်တစ်အိတ်ကို ကျပ် ၂၃၅,၀၀၀ ရှိပြီး စျေးအပြောင်းအလဲ မရှိပါဘူး။ ဝွနက်ရိုးရိုးက အရင်တစ်ပတ်က ကျပ် ၁၈၀,၀၀၀ ရှိခဲ့ပြီး အခုတစ်ပတ်မှာ ကျပ် ၁၉၀,၀၀၀ အထိ ဖြစ်လာတဲ့အတွက် တစ်အိတ်ကို ကျပ် ၁၀,၀၀၀ အထိ စျေးတက်လာပါတယ်။

နှမ်းဖြူကတော့ အရင်တစ်ပတ်က ကျပ် ၁၇၀,၀၀၀ ရှိခဲ့ပြီး အခု ကျပ် ၁၈၀,၀၀၀ အထိ စျေးတက်လာပါတယ်။ နှမ်းနီလည်း အရင်တစ်ပတ်က ကျပ် ၁၇၂,၀၀၀ ဖြစ်ပြီး အခုတစ်ပတ်မှာ ကျပ် ၁၇၃,၀၀၀ ဖြစ်လာပါတယ်။

မကွေးကုန်စည်ဒိုင်အတွင်းရေးမှူး ဦးကျော်ထွန်းက 'ပဲတွေစျေးကျပေမဲ့ နှမ်းကတော့ မဆိုးဘူး၊ အတက်စျေးနဲ့ ရှိနေတုန်းပဲ၊ တဖြည်းဖြည်းဆက်တက်မယ့် အနေအထားလို့တော့ ပြောလို့ရတယ်၊ ဘာလို့ဆို အဝင်က အများကြီး ရှိတဲ့ အချိန် မဟုတ်တော့ဘူး' လို့ ပြောပါတယ်။

မကွေးကုန်စည်ဒိုင်မှာ လက်ရှိတစ်နေ့ကို နှမ်းမျိုးစုံအိတ် ၃၀၀ ကနေ ၄၀၀ ကြားအထိ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

## မြေပဲ

လက်ရှိစျေးကွက်ထဲကိုအများအပြားဝင်ရောက်နေဆဲဖြစ်တဲ့ မြေပဲဆန်စျေးကတော့ အခုအချိန်အထိ အတက်အကျ သိပ်မရှိဘဲ စျေးငြိမ်နေပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေတယ်လို့ မန္တလေးကုန်စည်ဒိုင်က သိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာဆိုရင် သည်တစ်ပတ်မှာ မြေပဲလုံးဆန်နီက တစ်ပိဿာကို ကျပ် ၂၉၀၀ ရှိပါတယ်။ အရင်တစ်ပတ်ကလည်း သည်စျေးပဲဖြစ်ပါတယ်။ မြေပဲလုံးဆန် (ဖြူ) ကလည်း အရင်တစ်ပတ်ရော အခုတစ်ပတ်ပါ တစ်ပိဿာကို ကျပ် ၂၇၅၀ နဲ့ စျေးငြိမ်နေပါတယ်။

လက်ရှိမှာ ဆောင်းမြေပဲတွေ စျေးကွက်ထဲကို ဝင်ရောက်နေကြတာဖြစ်ပြီး သည်ဆောင်းမြေပဲတွေ စပေါ်ချိန်တုန်းကတော့ မြေပဲလုံးဆန်(နီ)တစ်ပိဿာကို ကျပ် ၃၀၀၀ ကျော်ဝန်းကျင်အထိ ရှိနေခဲ့တာ ဖြစ်ပါတယ်။

## ကြက်သွန်နီစျေး

ကြက်သွန်နီ အဟောင်းတွေ ကုန်ခါနီးမှာ စျေးတွေကလည်း တဖြည်းဖြည်းကျလာပါတယ်။ သည်တစ် ပတ် မှာ ကြက် သွန် နီ အဟောင်းတစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၄၀၀ ကနေ အမြင့်ဆုံး ကျပ် ၁၀၀၀ အထိသာ စျေးရှိတယ်လို့ ဘုရင့်နောင်ကြက်သွန်နီစျေးကွက်က သိရပါတယ်။ အရင်တစ်ပတ်က အနိမ့်ဆုံး တစ်ပိဿာကိုကျပ် ၇၀၀ ကနေ အမြင့်ဆုံးကျပ် ၁၁၅၀ အထိ ရှိခဲ့တာဖြစ်ပါတယ်။

စျေးကွက်ထဲကို ဝင်စပြုနေတဲ့ ကြက်သွန်နီအသစ်တွေကတော့ တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ကျပ် ၇၅၀ ကြား ရှိနေတယ်လို့ သိရပါတယ်။

ပျော်ဘွယ်မြို့နယ်က ကြက်သွန်နီကုန်သည် ဦးအေးဆွေက 'အခုက ဘယ်လို ဖြစ်နေလဲဆိုတော့ ဝယ်သူရောင်းသူက စျေးအခြေအနေ စောင့်ကြည့်နေတဲ့ အချိန်ပဲ၊ အသစ်တွေပေါ်ပြီ၊ ဒါပေမဲ့ တောင်သူတွေကလဲ သိပ်မရောင်းကြသေးဘူး၊ စျေးကောင်းရအောင် စောင့်မယ်ပေါ့၊ ဝယ်တဲ့သူကလဲ အဟောင်းနဲ့ စျေးချိန်ပြီး ဝယ်နေကြတယ်၊ အဲဒီလို ဖြစ်နေတာ' လို့ ပြောပါတယ်။

ကြက်သွန်နီအသစ်တွေဟာ ဇန်နဝါရီလထဲမှာ စျေးကွက်ထဲကို အများအပြား ဝင်ရောက်လာမယ်လို့ သိရပါတယ်။

## ဖရဲစျေး(ကျ)

ဖရဲသီးကတော့လတ်တလောမှာ ပြန်ကျနေပါတယ်။ မူဆယ်စျေးကွက်မှာ ဖရဲ၊ သခွားတွေ အများအပြား ဝင်ရောက်နေချိန် ဖြစ်ပေမဲ့ အရည်အသွေးကောင်းတဲ့ ပစ္စည်းလောက်ပဲ စျေးကောင်း ရနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ ၁၇ တန်ဆံ့ ဖရဲကားတစ်စီးကို ကျပ်သိန်း ၃၀ နီးပါး ရှိတယ်လို့ သိရပါတယ်။ နိုဝင်ဘာလထဲမှာက တစ်စီးကို သိန်း ၄၀ ကျော်အထိ စျေးရှိခဲ့တာ ဖြစ်ပါတယ်။

နေပြည်တော်က ဖရဲကုန်သည် ဦးဇော်မင်းက 'တောင်ပေါ်သီးလို့ ခေါ်တဲ့ ရှမ်းဖရဲတွေက ပေါ်နေကြပြီ၊ အဲဒီတော့ ဦးတို့ ဒီဘက်က ဖရဲတွေက အရည်အသွေးမှာ သူတို့ကို မယှဉ်နိုင်ဘူး၊ ဒီတော့ ရောင်းမကောင်းတော့ စျေးကျလာတာပေါ့၊ သူတို့နဲ့က ကားခပေးရတာကစပြီး ကွာသွားတာပေါ့၊ အရင်လို စျေးမရတော့ဘူး' လို့ ပြောပါတယ်။

မူဆယ်စျေးကွက်မှာတော့ လက်ရှိမှာ 855 ဖရဲတစ်တန်ကို အမြင့်ဆုံးယွမ် ၁၈၀၀ ကနေ ၂၃၀၀ အတွင်းရှိပြီး ဒုတိယတန်းတွေကတော့ အမြင့်ဆုံးယွမ် ၁၅၀၀ ကနေ ၁၈၀၀ ခန့် ရှိတယ်လို့ သိရပါတယ်။ ဒီဇင်ဘာလ ၅ ရက်နေ့ရဲ့ မူဆယ်စျေးကွက်ရှိ ဖရဲစျေးအခြေအနေက အရောင်းအဝယ် သွက်လျက် ရှိပေမဲ့လည်း အရည်အသွေးနိမ့်တဲ့ အတန်းစားတွေကတော့ အရောင်းအဝယ် သိပ်မဖြစ်ဘူးလို့ သိရပါတယ်။ ယွမ်စျေးကလည်း ဒီဇင်ဘာလ ၅ ရက်နေ့မှာ တစ်ယွမ်ကို ကျပ် ၂၁၀ အထိ ကျလာပြီး ဒီဇင်ဘာ ၁ ရက်နေ့က တစ်ယွမ်ကို ၂၂၅ ကျပ်ရှိခဲ့တယ်လို့ မူဆယ်မြို့ရှိ ခွာညီုသစ်သီးပွဲရုံက သိရပါတယ်။

## စပါးစျေး

စပါးစျေးကတော့ လက်ရှိမှာ စျေးကောင်းရရှိနေတယ်လို့ ပြည်တွင်းစပါးစျေးကွက်က သိရပါတယ်။

အခု စပါးအစိုတင်း ၁၀၀ ကို ကျပ် ၅၈၀,၀၀၀ ကနေ ကျပ် ၆၀၀,၀၀၀ ခန့် စျေးရှိပြီး အခြောက်ကတော့ တင်း ၁၀၀ ကို ကျပ် ၆၂၀,၀၀၀ ခန့် ပေါက်စျေးရှိတယ်လို့ သိရပါတယ်။

နေပြည်တော်က တောင်သူဦးကိုကိုက 'စပါးစျေးတွေက အခု ဒေသတစ်ခုနဲ့တစ်ခု မတိမ်းမယိမ်းတွေပဲ သိပ်မကွာလှပါဘူး၊ အဝယ်တွေလဲ ပေါတယ်၊ ဒါပေမဲ့ ရောင်းတဲ့သူတွေက တော်တော်များများ ရောင်းပြီးနေပြီ၊ အခြောက်ရောင်းမယ့်သူတွေလောက်ပဲ ကျန်တော့ ရောင်းမယ့်သူက သိပ်တော့မရှိဘူး' လို့ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က အခုလိုချိန်မှာ စပါးအစိုစျေးဟာ တင်း ၁၀၀ ကို ကျပ် ၅၅၀,၀၀၀ ဝန်းကျင်သာရှိနေပြီး အခြောက်ဆိုရင် ကျပ် ၆၀၀,၀၀၀ ကျော်ရုံသာ ရှိပါတယ်။ သည့်အတွက် မနှစ်ကနဲ့ ယှဉ်ရင်တော့ စပါးစျေးကောင်းတယ်လို့ တောင်သူအချို့က ပြောပါတယ်။

လက်ရှိမှာ မိုးစပါးတွေ တော်တော်များများ ရိတ်သိမ်းပြီးပြီဖြစ်ပြီး သက်ကြီးစပါးတွေလောက်သာ ရိတ်သိမ်းဖို့ကျန်ရှိတော့တယ်လို့ သိရပါတယ်။

မာရီနိုင်

www.free4readers.com





# နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ပညာရေးကဏ္ဍတိုးတက်ဖို့ လုပ်ဆောင်ရမှာတွေ ပြောကြား

နေပြည်တော်၊ ဒီဇင်ဘာ ၄- ပညာရေးကဏ္ဍ တိုးတက်ဖို့ အစိုးရ လုပ်ဆောင်နေတဲ့ ကိစ္စ၊ လုပ်ဆောင်စေချင်တဲ့ကိစ္စနဲ့ တိုက်တွန်းမှုတွေ ပါဝင်တဲ့အချက်တွေကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) မှာ ပြောကြားပါတယ်။



ကလေးတွေကို စည်းကမ်းရှိအောင် ပျိုးထောင်ပေးဖို့၊ ကိုယ်ကာယကျန်းမာအောင် ပျိုးထောင်ပေးဖို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောဆိုပါတယ်။

## ပညာရေးအသုံးစရိတ်

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က 'နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုဆိုတာဟာ လူသားရင်းမြစ် (Human Resource) နဲ့ ဘယ်လောက်အထိ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်နိုင်စွမ်းရှိသလဲ အပေါ်မှာ မူတည်ပါတယ်၊ လူသားရင်းမြစ်တွေ တန်ဖိုးတက်လာဖို့အရည်အသွေးရှိသော ပညာရေးကို ခိုင်မာအောင် တည်ဆောက်ကြရမှာဖြစ်ပြီး ဒီလိုအရည်အသွေးရှိတဲ့ပညာရေးကို တည်ဆောက်နိုင်ဖို့ များစွာ ရင်းနှီးမြှုပ်နှံဖို့လိုတယ်' လို့ ပြောပါတယ်။

၂၀၁၅ အမျိုးသားပညာရေး ဥပဒေမှာ 'နိုင်ငံတော်၏ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်' လို့ အတိအလင်းဖော်ပြထားသလို နိုင်ငံတော်အနေနဲ့ နှစ်စဉ်ပညာရေးအသုံးစရိတ်တွေ ပိုမို တိုးမြှင့်သုံးစွဲနိုင်အောင် ကြိုးစားဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံရာမှာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအင်အားက အရေးကြီးကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားပါတယ်။

လူ့ဘောင်လောကမှာ ရပ်တည်ရှင်သန်နိုင်ဖို့အချက်အလက်တွေကို မှတ်မိရုံသာမက တွေးတတ်၊ ခေါ်တတ်၊ စိစစ်တတ်ပြီးပြဿနာတွေကို ဖြေရှင်းတတ်ဖို့ အလွန်အရေးကြီးပါတယ်။ လူငယ်တွေ၊ ကျောင်းသူကျောင်းသားတွေကိုပြဿနာတွေကို မကြောက်တတ်ဖို့ လေ့ကျင့်ပေးဖို့ လိုပါတယ်။ လုပ်ငန်းရှိရင် ပြဿနာရှိမယ်၊ ပြဿနာဆိုတာ ကြောက်စရာမဟုတ်ဘူး၊ ဖြေရှင်းနိုင်တဲ့အကောင်းဆုံးနည်းလမ်းကို ရှာဖွေတတ်ဖို့က သာ အရေးကြီးတယ်ဆိုတာကို ငယ်စဉ်ကတည်းက သင်ထားပေးရပါမယ်။

ကျောင်းသူ ကျောင်းသားတွေကို အလွတ်ကျက်မှတ်တဲ့ အလေ့အကျင့်နဲ့ သင်ယူစေတဲ့ အခြေအနေကနေ ကျိုးကြောင်း ဆက်စပ်တွေးခေါ် သင်ယူတတ်တဲ့ ကလေးတွေဖြစ်အောင် လေ့ကျင့်ပေးဖို့ အရေးကြီးပါတယ်။ သည်လိုလေ့ကျင့်သင်ကြားရာမှာ ကျောင်းသူ ကျောင်းသားတွေကို သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများသာမက ပြင်ပအကြောင်းအရာတွေကိုပါ ဆက်စပ်လေ့လာတတ်ဖို့အတွက် ယေဘုယျအားဖြင့် အချက်အလက်စုဆောင်းတတ်ခြင်း၊ စိစစ်ခြင်း၊ ပြဿနာများ အဖြေရှာခြင်း၊ ဆွေးနွေးခြင်းစတဲ့အချက်တွေနဲ့ ဆောင်ရွက်နိုင်အောင် အခြေခံပညာကျောင်းတွေမှာ စပြီးတော့ အစုအဖွဲ့နဲ့ လေ့လာပူးပေါင်းဆောင်ရွက်တတ်စေမယ့် သင်ကြား၊ သင်ယူမှုနည်းလမ်းတွေကို အသုံးပြုရပါတယ်။

ကလေးဘဝကစပြီး အခြေခံကျောင်းတွေမှာ လိုက်လျောညီထွေတဲ့ စကားလုံးတွေသုံးပြီး အဂတိလိုက်စားမှုရဲ့ ဆိုးကျိုးနဲ့ အဂတိလိုက်စားမှု ကင်းစင်ခြင်းရဲ့တန်ဖိုးကို နားလည်အောင် သင်ကြားပျိုးထောင်ပေးဖို့လည်း လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်နိုင်ဖို့ ကလေးဘဝကစပြီး လေ့ကျင့်ပျိုးထောင်ပေးဖို့လိုပါတယ်။ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာနဲ့ တိုးတက်မှုအတွက် အဂတိလိုက်စားမှုကင်းစင်ခြင်းရဲ့တန်ဖိုးကို နားလည်စေဖို့ အခြေခံပညာကျောင်းတွေမှာ သင်ကြားဖို့အရေးကြီးပါတယ်။ အသက်အရွယ်နဲ့ကိုက်ညီတဲ့ဝေါဟာရတွေ၊ စကားလုံးတွေကို သုံးပြီးအဂတိလိုက်စားမှုရဲ့ ဆိုးကျိုးများနဲ့ မိမိပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်ပုံတွေ၊ ရိုးသားတဲ့ အမူအကျင့်တွေ၊ ကိုယ်ကျိုးနဲ့အများအကျိုးရဲ့ ဆက်စပ်နေမှုနဲ့ ကိုယ်ကျင့်တရားကောင်းမွန်မှုတွေကို ဖျော်ဖြေရေးပုံစံနဲ့ ပညာပေးတဲ့အစီအစဉ်တွေ အကောင်အထည်ဖော်ဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ သည်အစီအစဉ်တွေဟာ ကလေးတွေအတွက်သာမက နိုင်ငံအတွက် အလွန်ကောင်းမွန်နိုင်မှာလို့လည်း သူက ဆိုပါတယ်။

> “
> **လူသားရင်းမြစ်တွေ တန်ဖိုးတက်လာဖို့ အရည်အသွေးရှိသော ပညာရေးကို ခိုင်မာအောင် တည်ဆောက်ကြရမှာ ဖြစ်ပြီး ဒီလိုအရည်အသွေးရှိတဲ့ပညာရေးကို တည်ဆောက်နိုင်ဖို့ များစွာ ရင်းနှီးမြှုပ်နှံဖို့ လိုတယ်**
> ”

ကလေးတွေကို စည်းကမ်းရှိအောင် ပျိုးထောင်ပေးဖို့၊ အချိန်ကို လေးစားတတ်အောင်လေ့ကျင့်ပေးဖို့နဲ့ အားကစားလုပ်ခြင်းဖြင့် ကိုယ်ကာယကျန်းမာအောင်ပျိုးထောင်ပေးဖို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောဆိုပါတယ်။

## ကျောင်းဆရာလုပ်ကြပါ

'ပညာရေးမှာ ဆရာမတွေ သာမက ဆရာတွေ များလာအောင်လဲ ဆောင်ရွက်ဖို့အတွက် မူဝါဒတွေ ချမှတ်ဆောင်ရွက်ဖို့ လိုပါတယ်၊ ဆရာမတွေဟာ ဆရာတွေထက်စာရင် ၉၀ ရာခိုင်နှုန်းဖြစ်နေပါတယ်၊ ပညာရေးဘက်မှာ အမျိုးသားတွေပါဝင်ခြင်းဟာ အရေးကြီးပါတယ်၊ ပညာရေးဟာ လူတိုင်းနဲ့ဆိုင်တယ်၊ ပညာပေးရတဲ့အလုပ်ဟာ အင်မတန်မှ မွန်မြတ်ပါတယ်၊ အမျိုးသမီးတွေသာ လုပ်ရတာမဟုတ်ဘဲ အမျိုးသားတွေပါ လုပ်သင့်ပါတယ်' ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပါတယ်။

ဝေးလံခေါင်ဖျားမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ ဆရာမတွေရဲ့ ဘဝတွေကို နားလည်ဖို့ လိုပါတယ်။ သူတို့ရဲ့ခံစားချက်ကိုသိမှ ဘာတွေကို ပံ့ပိုးရမလဲဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ဆရာ ဆရာမတွေဘဝ လုံခြုံမှ သူတို့ပြုစုပျိုးထောင်ပေးနေတဲ့ ကလေးတွေလည်း ငြိမ်းချမ်းစွာနဲ့ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ မြေပြန့်၊ တောင်ပေါ်မခွဲခြားဘဲ ပညာသင်ယူမှု အခွင့်အလမ်းတွေ တန်းတူရအောင် ဖန်တီးပေးရပါမယ်။ ဆရာ

စာမျက်နှာ ၁၇ သို့

# ပညာရေးမှာ KG+12 စနစ်အတွက် လိုအပ်ချက်တွေ ရှိနေသေး



နေပြည်တော်၊ ဒီဇင်ဘာ ၅ - ပညာရေး စနစ်ပြုပြင်ပြောင်းလဲမှုတွေအနေနဲ့ KG+12 စနစ်ကို အကောင်အထည်ဖော်ဖို့အတွက် လိုအပ်ချက်တွေရှိနေသေးတယ်လို့ သိရပါတယ်။

KG+12 စနစ်ကို အကောင်အထည်ဖော်တဲ့အခါမှာ အခြေခံပညာကဏ္ဍမှာ အတန်းတွေကပိုပြီး များလာမှာဖြစ်ပြီး ကျောင်းသားတွေအတွက် စာသင်ဆောင်တွေ၊ ပရိဘောဂတွေ ကျောင်းတွေနဲ့ ပတ်သက်တဲ့ operational course တွေ အများကြီးလိုအပ်နေပါတယ်။

ဒါ့အပြင် လုပ်ဆောင်ရမယ့် လုပ်ငန်းတွေ များလာတာနဲ့အမျှ ဘတ်ဂျက်တွေလည်း လိုအပ်နေပြီး Human Resources ကလည်း အထူးလိုအပ်ချက်အနေနဲ့ ရှိနေတယ်လို့ သိရပါတယ်။

'Grade 12 တိုးလာတယ်ဆိုရင် ကျွန်တော်တို့က အထက်တန်းအဆင့်မှာ အရည်အသွေးရှိတဲ့ ဆရာတွေ ထပ်ခန့်ရဦးမှာ၊ မခန့်ဘဲနေလို့ မရဘူးလေ' လို့ အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြောပါတယ်။

သူက ဆက်ပြီး 'KG တစ်တန်းအောက်ဘက်မှာ တိုးတယ်ဆိုရင် အောက်ဘက်က KG တန်းတွေအတွက် မူလက KG အဟောင်းဆရာ ဆရာမတွေ သုံးထားတာဖြစ်ပြီး ငါးနှစ်ပြည့်တဲ့အချိန်မှာ ခြောက်နှစ်ပြည့်တဲ့အချိန်မှာ နောက်ထပ် KG ကို သင်မယ့် ဆရာ ဆရာမ အနည်းဆုံး ၆၀,၀၀၀ အထက်မှာ ထပ်ခန့်ရမှာ' လို့ ပြောပါတယ်။

မြန်မာနိုင်ငံရဲ့အခြေခံပညာရေးစနစ်ကို ၅း၄း၂ စနစ်မှ KG+ ၅း၄း၃ စနစ်သို့ (၂၀၁၆-၂၀၁၇) ပညာသင်နှစ်မှစတင်၍ ပြုပြင်ပြောင်းလဲ အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးစနစ်ပြုပြင်ပြောင်းလဲခြင်းနှင့်အတူ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေးနည်းစနစ်များကို ပြုပြင်ပြောင်းလဲခဲ့ကြောင်း သိရပါတယ်။ ထိရောက်တဲ့သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များဖြစ်ပေါ်လာစေဖို့ ကျောင်းအုပ်ကြီးတွေရဲ့စွမ်းဆောင်ရည်နဲ့ ဦးဆောင်မှုအခန်းကဏ္ဍတွေကိုလည်း မြှင့်တင်ပေးဖို့ လိုအပ်လာကြောင်း သိရှိရပါတယ်။

KKT

www.free4readers.com






# အလန်းစားမားကက်တင်းဗျူဟာရဲ့ အဓိကအစိတ်အပိုင်းသုံးခု

မားကက်တင်းဗျူဟာရေးဆွဲတဲ့အခါ အကောင်းဆုံးဖြစ်စေဖို့က ပထမဆုံးအချက် မားကက်တင်းဆိုတာ ဘာလဲ သိရမယ်၊ နားလည်ရမယ်။ အမေရိကန်မားကက်တင်းအဖွဲ့အစည်းကတော့ ဝယ်သူတွေ၊ ဖောက်သည်တွေ၊ ပါတနာတွေနဲ့ လူ့အဖွဲ့အစည်းတွေအတွက် တန်ဖိုးရှိတဲ့အရာတွေ ဖန်တီးပေးခြင်း၊ ဆက်သွယ်ပေးခြင်း၊ ဖြန့်ဖြူးပေးခြင်း၊ လဲလှယ်ပေးခြင်းအတွက် လုပ်ဆောင်ချက်၊ လုပ်ငန်းစဉ်တစ်ခုလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

မားကက်တင်းဗျူဟာတစ်ခုကို အလန်းစားဖြစ်စေချင်ရင် ကျစ်လျစ်ရမယ်၊ အသေးစိတ်ဂရုစိုက်ရမယ်။ မားကက်တင်းအဓိပ္ပာယ်ကို မှန်ကန်စွာသိထားမှလည်း သည်လိုဗျူဟာရေးဆွဲနိုင်မှာပါ။

ဝယ်သူတွေက သူတို့ ဘာကို လိုအပ်နေလဲ၊ ဘာကို လိုအပ်မလဲ၊ ဘာဝယ်မလဲ သိတယ်ထင်ထားကြတယ်။ အလားတူပဲ ရောင်းသူတွေကလည်း ဘာပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေ ဖန်တီးမလဲ၊ ဘာတွေရောင်းမလဲ သိတယ်ထင်ထားကြတယ်။ တကယ်တမ်းကျ အရောင်းနဲ့အဝယ်ကြားမှာ အခက်အခဲတွေ အများကြီးရှိနိုင်တယ်။

ဥပမာ ဝယ်သူတွေက သူတို့ ဘာလိုချင်တာလည်း မသိတာ ရှိနိုင်ပါတယ်။ ဒါမှမဟုတ် ကိုယ်တတ်နိုင်တာထက် ပိုပြီး လိုချင်ကြတယ်။ ဒါမှမဟုတ် ပစ္စည်းနှစ်ခုကို ယှဉ်ပြီး ရွေးရခက်နေတတ်တယ်။ သည်အချက်တွေက အရောင်းပိုင်းကို အခက်အခဲတွေ ဖြစ်စေနိုင်ပါတယ်။

ထုတ်လုပ်သူတွေဘက်ကလည်း သူတို့ရဲ့ကုန်ပစ္စည်းကို ဝယ်ချင်စိတ်ဖြစ်လာမယ့်သူတွေကို ကြိုးစားရှာရတယ်။ သူတို့တွေမှာလည်း ဝယ်သူဆီက ပိုက်ဆံ ဘယ်လိုရှာမလဲ၊ ကုန်ပစ္စည်းတွေကို ဘယ်လိုဝန်ဆောင်မှုပေးရမလဲဆိုတာတွေက အရောင်းပိုင်းကို ပိုခက်ခဲစေပါတယ်။

**(၁) ဝယ်သူဖြစ်လာမယ့်သူတွေအတွက် နီးစပ်မှုနဲ့ အချိန်ကို သတိထားမိအောင် လုပ်ခြင်း**

ဝယ်သူက ကိုယ်ဘာကို လိုအပ်နေတာလဲဆိုတာမသိတဲ့အခါ အရောင်းနဲ့အဝယ်မှာကြုံရတဲ့ပထမဆုံးအခက်အခဲပါ။ ကိုယ်ဘာရောင်းနေလဲဆိုတာ သူတို့မသိရင်လည်း ရောင်းရမှာကို မဟုတ်ပါဘူး။

မားကက်တင်းအများစုက အမှတ်တံဆိပ်၊ အမျိုးအစား၊ လုပ်ဆောင်ချက်နဲ့ အားသာချက်တွေကို အာရုံစိုက် မားကက်တင်း ဆင်းကြပါတယ်။ ဒါပေမဲ့ ဝယ်သူအများစုက ဒါတွေကို သိပ်ဂရုမစိုက်ဘူး။ သူတို့သိချင်တာက သည်ကုန်ပစ္စည်းက သူတို့အတွက် ဘယ်လိုအကျိုးရှိမလဲဆိုတာပဲ။ ဒါမှ ဝယ်ရတာ တန်မတန်ကို သိချင်သေးတယ်လေ။

အလန်းစားမားကက်တင်းဗျူဟာတစ်ခုက ဝယ်သူရဲ့လိုချင်တဲ့ဆန္ဒနဲ့ ကိုယ်က ပေးနိုင်တဲ့အရာကို ထည့်သွင်းစဉ်းစားပြီး ဝယ်သူရဲ့စိတ်ထဲမှာ ချိတ်ဆက်မှုတစ်ခုဖြစ်အောင် ဖန်တီးယူတာဖြစ်ပါတယ်။

**(၂) ကိုယ်ပေးချင်တဲ့ သတင်းစကားကို ဖြန့်ဖြူးပေးနိုင်မယ့် ကြားခံများ**

ဝယ်သူတွေအတွက် စီစဉ်ထားတဲ့ သတင်းစကားကိုဖန်တီးရေးဆွဲပြီးတဲ့အခါ ထပ်ကြုံရမယ့်နောက်အခက်အခဲတစ်ခုက ရောင်းသူနဲ့ဝယ်သူကြားက ဆက်သွယ်မှုကွာဟချက်ပါပဲ။ ကိုယ့်မားကက်တင်းအစီအစဉ်အတိုင်း အော်ရွတ်ပြနေလည်း သူတို့မကြားရင် ဝယ်မှာမဟုတ်ဘူးလေ။

ဝယ်သူတွေဆီ ရောက်နိုင်မယ့်နည်းလမ်းက အများကြီးရှိပါတယ်။ ကြော်ငြာလုပ်ငန်း၊ ဂျာနယ်၊ အွန်လိုင်းဝက်ဘ်ဆိုက်တွေ၊ လူမှုကွန်ရက်တွေစုံလို့ပါပဲ။ အလန်းစားဗျူဟာမှာတော့ အလုပ်ဖြစ်မယ့် အကောင်းဆုံးဆက်သွယ်မှုလမ်းကြောင်းကို ရှာရပါလိမ့်မယ်။

သည်မှာ အရေးကြီးတာက တိုင်းတာနိုင်စွမ်းပါ။ တိုင်းတာစစ်ဆေးမှုမရှိဘဲ ကိုယ့်ဗျူဟာက ထိရောက်ရဲ့လား၊ ဝယ်သူတွေဆီ ရောက်ရဲ့လားမသိနိုင်ဘူးလေ။ ဥပမာ ဂျာနယ်မှာ ကြော်ငြာလိုက်တယ်ထား၊ မကြော်ငြာခင်နဲ့ ကြော်ငြာပြီးချိန် အဲသည်နယ်ပယ်အတွင်း ရောင်းအားအတက်အကျကို တိုင်းတာမယ်။ ဝက်ဘ်ဆိုက် သို့မဟုတ် အီးမေးလ်က မားကက်တင်း ဆင်းထားတာဆိုရင် ပိုတောင်တွက်ချက်လို့ လွယ်ပါသေးတယ်။

အလန်းစားမားကက်တင်းဗျူဟာဟာ ကိုယ့်မားကက်တင်းအတွက် အလုပ်ဖြစ်မယ့် အကောင်းဆုံး ဆက်သွယ်မှုလမ်းကြောင်းကို ရှာအသုံးချနိုင်ပါလိမ့်မယ်။

**(၃) ဝယ်သူတွေဆီကို အကျိုးရှိစေမယ့် နည်းလမ်းများ**

မားကက်တင်းကအလုပ်ဖြစ်တယ်ဆိုရင် ဆက်လုပ်ရမှာကအရောင်းကောင်းတာတွေ၊ အစီအစဉ်တွေလုပ်ပေးဖို့ပါပဲ။ အစမ်းအသုံးပြုခွင့်ကာလ၊ အွန်လိုင်းအမှာစာလက်ခံခြင်း၊ ဖြန့်ဖြူးရေးကွန်ရက်၊ လက်လီအရောင်းကောင်းတာ၊ လက်ကားအရောင်းပြပွဲ၊ ပူးတွဲရောင်းချခြင်းစတဲ့ နည်းလမ်းတွေပါရပါမယ်။

ဝယ်ယူလို့ရမယ့်နည်းလမ်းတွေက လွယ်လည်းလွယ်ကူရမယ်။ ကိုယ့်ပစ္စည်းက ဝယ်လို့လွယ်လေ ရောင်းရလေပဲ။ ကြော်ငြာထားပြီး ဈေးကွက်မှာ ရှာရခက်နေမှတော့ မုန်းသလောက် ရောင်းရဖို့ မမျှော်လင့်ပါနဲ့ပေါ့။

**YunSandi**

[ref:Inc.Asean, Dec 5, 2018]

# ဗြိတိသျှကောင်စီက ဖွင့်တဲ့ အင်္ဂလိပ်စာသင်တန်း လျှောက်ထားနိုင်

ရန်ကုန်၊ ဒီဇင်ဘာ ၅-ဗြိတိသျှကောင်စီကနေ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာဖွင့်လှစ်မယ့် အထွေထွေအင်္ဂလိပ်စာအခြေခံသင်တန်းအတွက် စတင်လျှောက်ထားနိုင်တယ်လို့ သိရပါတယ်။

General English (အသက် ၁၆နှစ် အထက် အတွက်) နဲ့ IELTS သင်တန်း (အသက် ၁၈ နှစ် အထက်အတွက်)တွေ တက်ရောက်ဖို့ placement test ဖြေဆိုလိုပါက https:// goo.gl/vQyZHF မှာ အွန်လိုင်းကနေ စာရင်းပေးသွင်းနိုင်ပါတယ်။ (အနီးဆုံးရနိုင်တဲ့ဖြေဆိုဖို့ နေ့နဲ့ အချိန်တွေ link မှာ ပါရှိပါတယ်။)

အွန်လိုင်းကနေစာရင်းပေးပြီး နှစ်ရက်အတွင်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၅,၀၀၀ ကို (တနင်္လာမှ သောကြာနေ့နံနက် ၈း၃၀ ကနေ ၄း၀၀ နာရီ အတွင်း) ဗြိတိသျှကောင်စီမှာလာရောက်ပေးသွင်းရမှာဖြစ်ပြီး သတ်မှတ်ရက်အတွင်း ငွေမပေးသွင်းရင် စာရင်းပေးမှုပျက်ပြယ်မှာဖြစ်ပါတယ်။

သင်တန်းကြေးတွေက General English (60 hours)>အသက် ၁၈ နဲ့အထက် ကျောင်းသူကျောင်းသားတွေအတွက် ကျပ် ၄၃၅,၀၀၀၊ General English (60 hours) > အသက် ၁၆မှ ၁၇ နှစ်ကျောင်းသူ၊ ကျောင်းသားတွေအတွက် ကျပ်၄၈၅,၀၀၀၊ IELTS Foundation (60 hours) > ကျပ် ၄၈၅,၀၀၀ (ဝင်ခွင့်စာမေးပွဲမှာ Intermediate level ရရှိဖို့လိုပါတယ်)ဖြစ်ပြီး IELTS Preparation(60hours)> ကျပ် ၄၈၅,၀၀၀ (ဝင်ခွင့် စာမေးပွဲမှာ Upper Intermediate level ရရှိဖို့ လိုပါတယ်) သတ်မှတ်ထားပါတယ်။

သင်တန်းသားဦးရေ ကန့်သတ်ထားပြီး ဝင်ခွင့်ဖြေဆိုပြီး ရရှိတဲ့ level နဲ့ တက်ရောက်လိုတဲ့ အချိန်မှာ နေရာရှိမှသာ သင်တန်းတက်ရောက်ခွင့်ရရှိမယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အင်္ဂလိပ်စာစွမ်းရည်လေးမျိုးစလုံး ပိုမိုတိုးတက်လာစေဖို့ ဗြိတိသျှကောင်စီကနေ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရအရည်အချင်းပြည့်မီတဲ့ ဆရာ ဆရာမတွေက ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းတွေနဲ့ သင်ကြားပို့ချပေးမယ်လို့ သိရပါတယ်။ အသေးစိတ်အချက်အလက်တွေကို သိရှိလိုပါက www.britishcouncil.org.mm/my/english (မြန်မာဘာသာ အင်တာနက်စာမျက်နှာ)နဲ့ www.britishcouncil.org.mm/english (အင်္ဂလိပ်ဘာသာအင်တာနက်စာမျက်နှာ)မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

အသေးစိတ်သိရှိလိုတယ်ဆိုရင် ဗြိတိသျှကောင်စီ (ရန်ကုန်) ဖုန်း- ၃၇၀၉၃၃၊ ၃၇၀၈၂၉၊ ၃၇၀၈၃၀ ကို တနင်္လာနေ့ကနေ စနေနေ့၊ နံနက် ၈း၃၀ နာရီကနေ ညနေ ၆း၀၀ နာရီအတွင်း၊ တနင်္ဂနွေနေ့ နံနက် ၈း၃၀ နာရီ ကနေ ညနေ ၅း၀၀ နာရီအတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး enquiries @mm. britishcouncil.org ဒါမှမဟုတ် အီးမေးလ်ပို့ပြီးဖြစ်စေ Facebook messenger http://m.me/BritishCouncilMyanmar ကလည်း စုံစမ်းမေးမြန်းနိုင်ပါတယ်။

**မသော်တာမောင်**

www.free4readers.com





# စရိတ်ကျဉ်းကျဉ်း ကြော်ငြာခြင်း (၄)

သည်စာအုပ်က ပထမဆုံးဖတ်ဖူးတဲ့ ကျမ်းစာပါအကြောင်းအရာနဲ့ အစပြုထားတဲ့ ဈေးကွက်ကြော်ငြာရေး စာအုပ်ဖြစ်နိုင်ပါတယ်။ သည်လိုစထားရတာက အကြောင်းရှိပါတယ်။ သည်အဖြစ်အပျက်လေးနဲ့မြင်သာအောင် ဥပမာပေးချင်တာကြောင့်ပါ။ သင့်အနေနဲ့ ဘဝတစ်လျှောက်မှာ 'Goliath' နဲ့ တွေ့ဆုံနိုင်ပါတယ်။ လုပ်ငန်းတူ စီးပွားပြိုင်ဘက်တွေနဲ့ တွေ့ရနိုင်ပါတယ်။

ကဲ ခုနက အကြောင်းလေး ဆက်ပြောလိုက်ရအောင်နော်။ ဘီစီ ၆၀၀ ဝန်းကျင်လောက်က ဂျူးလူငယ်လေးတစ်ယောက်ဟာ သူ့ထက် အင်အား ကြီးမားတဲ့ လူကြီးတစ်ယောက်ကို အနိုင်ရပြီး အစ္စရေးရဲ့ဘုရင်ဖြစ်ခဲ့ဖူးပါတယ်။ ဒေးဗစ်လို့ခေါ်တဲ့ ကလေးငယ်က အဲသည်အချိန်ကနေစလို့ အခုချိန်အထိ အင်အားက အရေးမပါဘူးဆိုတဲ့ မူသဘောတရားကို သက်သေပြနိုင်ခဲ့ပါတယ်။ လူတိုင်းလိုလို သည်အကြောင်းအရာကို သိပြီးဖြစ်မှာပါ။ ဒါပေမဲ့ လူတိုင်းလိုလို အမှတ်တမဲ့ဖြစ်နေတဲ့ အချက်လေးတစ်ခုရှိနေပါတယ်။ ဒေးဗစ်က သူ့အနေနဲ့ သည်ဖြစ်ရပ်မှာ အင်အားမမျှတဲ့ ခပ်ထွားထွားလူကြီးကို အနိုင်ယူပြခဲ့ပါတယ်။ ဒေးဗစ်က အစ္စရေးဘုရင်ကို သူ့အနေနဲ့ Goliath ကိုတိုက်ခိုက်ဖို့ဆန္ဒရှိတယ်လို့ ပြောခဲ့ပါတယ်။ အစ္စရေးဘုရင် Saul က ဒေးဗစ်ကို နိုင်ငံထဲမှာရှိတဲ့ အကောင်းဆုံးသော လက်နက်တွေနဲ့ အတော်ဆုံးသံချပ်ကာတပ်ဖွဲ့ကို ပေးသနားခဲ့ပါတယ်။ ဒါပေမဲ့ ဒေးဗစ်ကတော့ ဘုရင်ပေးသနားမှုကို လက်မခံခဲ့ပါဘူး။ အိတ်ထဲကို ပြောင်ချောလုံးမွတ်နေတဲ့ ကျောက်စာလုံးငါးလုံးထည့်ပြီး လောက်လေးခွနဲ့ သိုးကျောင်းရာမှာသုံးတဲ့တုတ်ကိုပဲ လက်နက်အဖြစ် ယူဆောင်လာခဲ့ပါတယ်။ သည်လက်နက်တွေနဲ့အတူ ဒေးဗစ်က Goliath ကို ရင်ဆိုင်ဖို့ထွက်လာခဲ့တာပါ။

Goliath က အခြေအနေကို သေချာမရိပ်စားမိခင်မှာပဲ ဒေးဗစ်က လူသန်ကြီး Goliath ဆီကို တရစပ်ပြေးဝင်ပြီး လောက်လေးခွမှာ ကျောက်စာလုံးကို ပစ်ဖို့ အသင့်ပြင်လိုက်ပါတယ်။ ဦးခေါင်းကို ချိန်ရွယ်လို့ ပစ်လိုက်ပါတယ်။ ဦးခေါင်းကို ထိမိပြီး Goliath လဲကျသွားချိန်မှာ ဒေးဗစ်က တိုက်ပွဲကို အနိုင်ယူလို့ သူ့နိုင်ငံကို ကာကွယ်ခဲ့ပါတယ်။

နှစ်ထောင်ပေါင်းများစွာ ဒေးဗစ်ဟာ သူ့ရဲ့ကောင်းအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အပေါ်ယံကြည့်ရင်တော့ သည်ပုံပြင်က မဆန်းပါဘူး။ လူငယ်ခပ်သေးသေးလေးက လူသန်ကြီးကို အနိုင်ရသွားတာပေါ့။ ဒါပေမဲ့ သေသေချာချာတွေးကြည့်မယ်ဆိုရင်တော့ သည်သဘောတရားက စရိတ်ကျဉ်းကျဉ်းကြော်ငြာခြင်း အပေါ်မှာ သက်ရောက်မှု ရှိနေပါတယ်။

သည်ပုံပြင်က စရိတ်ကျဉ်းကျဉ်း ကြော်ငြာခြင်းအပေါ် ဘယ်လိုသက်ရောက်နေလဲ မပြောခင် ပုံပြင်ပါအကြောင်းအရာလေးတွေကို ပြန်သုံးသပ်ကြည့်ရအောင်ပါ။ ပုံပြင်ထဲမှာ ဒေးဗစ်နဲ့ Goliath ဆိုတဲ့ အဓိက ဇာတ်ကောင် နှစ်ကောင်ပါပါတယ်။ Goliath က ခန္ဓာကိုယ် ထွားကျိုင်းသလို အရပ်ကလည်း ကိုးပေကျော်ရှည်ပါတယ်။ သူက သန်မာထွားကျိုင်းလွန်းပြီး သူဝတ်ထားတဲ့ ချပ်ဝတ်တန်ဆာကတင် ၁၂၅ ပေါင် အလေးချိန်ရှိနေတာပါ။ သူသာ ဘောလုံးကန်မယ်ဆိုရင် နည်းပြတိုင်း သဘောကျတဲ့ ခံစစ်မှူးတစ်ဦးဖြစ်လာဖို့ ရှိနေပါတယ်။ နောက်ပြီး ပုံပြင်ထဲမှာ သံချပ်ကာဝတ် တပ်သားတစ်ဦးက Goliath ရဲ့ ဒိုင်းအကြီးကြီးကို သယ်လာပေးတယ်လို့ ပါပါသေးတယ်။ တကယ်တော့ သူကိုင်တဲ့ ဒိုင်းကို အနည်းဆုံးတပ်သားနှစ်ဦးလောက် သယ်မှ အဆင်ပြေမှာလို့ သမိုင်းပညာရှင်တွေက ဆိုကြပါတယ်။ နောက်တစ်ချက်က Goliath က သေချာလေ့ကျင့်ထားတဲ့ တပ်သားတစ်ဦးပါ။ သူ့ကို ကလေးဘဝမှာ ပါလက်စတိုင်းတွေက တွေ့ရှိခဲ့ပြီး တိုက်ရည်ခိုက်ရည်ကောင်းမွန်သူအဖြစ် ပျိုးထောင်ခဲ့ကြတာပါ။

အခြားတစ်ဖက်မှာလည်း ဒေးဗစ်က ရှိနေပြန်ပါတယ်။ ဒေးဗစ်က ဆယ်ကျော်သက် သာသာလေးပဲရှိသေးပြီး သိုးကျောင်းသားလေးတစ်ဦးပါ။ စစ်တပ်မှာ တပ်သားအဖြစ် တာဝန်ထမ်းဆောင်ဖို့ အသက်မပြည့်သေးပါဘူး။ သူ့မှာ တိုက်ခိုက်ရေးနဲ့ ပတ်သက်လို့ အတွေ့အကြုံလည်း မရှိပါဘူး။ မြင်ရတဲ့အခြေအနေအရ ဒေးဗစ်က အားနည်းနေပေမဲ့ ကူကယ်ရာမဲ့နေတယ်လို့တော့ မဆိုသာပါဘူး။ သူက သားရဲတိရစ္ဆာန်တွေနဲ့တော့ တိုက်ခိုက်ဖူးပါတယ်။ သူ့ရဲ့သိုးတွေကို သားရဲတိရစ္ဆာန်တွေ လက်ကနေ ကာကွယ်ပေးနေကျပါ။ ဒါကြောင့် သူအကျွမ်းကျင်ဆုံးနည်းလမ်းနဲ့ တိုက်ခိုက်ပြီး Goliath ကို အနိုင်ယူနိုင်ခဲ့တာပါ။

သည်အဖြစ်အပျက်လေးကနေ အဓိကပြောချင်တာကတော့ လုပ်ငန်းတစ်ခုကို စတင်တဲ့အခါ ဘယ်လောက်အရင်းအနှီးရှိမှ၊ ဘယ်လောက်အထိ ကြီးကြီးကျယ်ကျယ် ကြော်ငြာနိုင်မှ ဈေးကွက်မှာ အောင်မြင်တာမဟုတ်ပါဘူး။ စရိတ်ကျဉ်းကျဉ်းနဲ့ ကိုယ်တတ်နိုင်တဲ့ အနေအထားကနေ စတင်လုပ်ဆောင်တာကလည်း အောင်မြင်မှုကို ရစေနိုင်တယ်ဆိုတဲ့အချက်ပါ။ ကဲသည်တော့ အကျွမ်းကျင်အပိုင်နိုင်ဆုံးကနေ အစပြုလို့ လုပ်ငန်းအောင်မြင်အောင် ကြိုးစားကြည့်ပါနော်။

မအေးသီမွန်

## စံ–ဇာဏီဘို ရဲ့ မော်ဒန်ဗေဒင်
### ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ

**မိဿရာသီ (မတ် ၂၁ မှ ဧပြီ ၂၀)**

ရည်မှန်းချက်များ အောင်မြင်မည်။ လိုရာပြည့်မည်။ ဘဝ တိုးတက်မည်။ ကာလအတန်ကြာ ကြိုးစားပမ်းစား ဆောင်ရွက်ထားသည်များမှ အကျိုးကောင်းစွာရမည်။ တစ်မျိုးပြီးတစ်မျိုး အစမ်းသပ်ခံရသည်များအား ကျော်လွှားနိုင်မည်။ ဘဝမျှော်လင့်ချက်များ တစ်ခုပြီးတစ်ခု လက်တွေ့ဖြစ်လာမည်။ စိတ်မတည်မငြိမ်မဖြစ်အောင်နေပါ။ **ယတြာ** ။ ။အင်္ဂါနေ့တွင် စံပယ်ပန်းရစ်ပွင့် ဘုရားကပ်လှူပါ။

**ပြိဿရာသီ (ဧပြီ ၂၁ မှ မေ ၂၁)**

လုပ်သမျှ အောင်မြင်မည်။ ရပ်နေသည်များ၊ ကြန့်ကြာနေသည်များ ပြန်လည်သက်ဝင်အောင် ဆောင်ရွက်နိုင်သည့်ကာလဖြစ်သည်။ ငွေဝင်ခြင်း ကံကောင်းမည်။ သူတစ်ပါးနှင့် အဆင်ပြေစွာ ဆက်ဆံတတ်ခြင်း ရှိမည်။ ကိုယ့်အတွက် တစိုက်မတ်မတ်ကြည့်တတ်သော အတ္တသမားများနှင့်တွေ့တတ်သည်။ သတိရှိပါ။ **ယတြာ**။ ။သောကြာနေ့တွင် သစ်သီးဖျော်ရည် ဒါနပြုပါ။

**မေထုန်ရာသီ (မေ ၂၂ မှ ဇွန် ၂၁)**

ပြောစကား အောင်မည်။ အလုပ်တိုးတက်မည်။ လက်ဆောင်ပစ္စည်းကောင်းများ ရမည်။ အန္တရာယ်များအား ပါးနပ်စွာ ရှောင်ကွင်း၍ တိုးတက်မှုရမည်။ ယှဉ်ပြိုင်လာသူများအား အောင်နိုင်မည်။ မိတ်ဆွေအကြီးအကဲ အကူအညီရမည်။ အရာရာ စေ့စေ့စပ်စပ်အကွက်ချ၍ ဆောင်ရွက်ခြင်းများ အောင်မြင်မည်။ **ယတြာ** ။ ။ဗုဒ္ဓဟူးနေ့တွင် ရွှေသကန်းကပ်လှူပါ။

**ကရကဋ်ရာသီ (ဇွန် ၂၂ မှ ဇူလိုင် ၂၂)**

မထင်မှတ်ဘဲ ကုသိုလ်ကောင်းမှုတစ်ခု ထူးထူးခြားခြားလုပ်ရမည်။ မူလစီစဉ်ထားသည်ကတစ်မျိုး၊ လက်တွေ့ဆောင်ရွက်ရသည်ကတစ်မျိုး ကြုံမည်။ ကာလအတန်ကြာ တွေဝေပြီး မရေရာ မသေချာသောကိစ္စများကို ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်မည်။ ပြဿနာများ ဖြေရှင်းအောင်မြင်မည်။ စိတ်ချမ်းမြေ့ဖွယ်ကြုံမည်။ ထူးခြားသောပုဂ္ဂိုလ်များနှင့် တွေ့တတ်သည်။ **ယတြာ**။ ။တနင်္လာနေ့တွင် ကံ့ကော်ညွန့် ဘုရားကပ်လှူပါ။

**သိဟ်ရာသီ (ဇူလိုင် ၂၃ မှ ဩဂုတ် ၂၃)**

လိုလားရည်မှန်းထားသည်များ အောင်မြင်မည်။ စေတနာနှင့်ကူညီရင်း ထူးခြားသောကောင်းကျိုး ရနိုင်သည်။ စာရွက်စာတမ်း ငွေကြေးကိစ္စများ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းများ ရှောင်သင့်သည်။ ခရီးကိစ္စ အောင်မြင်မည်။ အပြောင်းအလဲနှင့် တိုးတက်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ ပစ္စည်းပျောက်တတ်သည်။ **ယတြာ** ။ ။တနင်္ဂနွေနေ့တွင် ဗယာကြော် ဆွမ်းတော်တင်ပါ။

**ကန်ရာသီ (ဩဂုတ် ၂၄ မှ စက်တင်ဘာ ၂၂)**

ဖန်တီးမှုဉာဏ်နှင့် လုပ်ငန်းလုပ်နိုင်သည့်စွမ်းရည်မြင့်မားမည်။ စီမံထားသည်များမှ ထူးခြားစွာ အကျိုးရရှိမည်။ စိတ်တိုစိတ်ဆတ်ခြင်းနှင့် စိတ်မြန်ခြင်းကြောင့် အေးအေးဆေးဆေးဖြေရှင်းရမည့်ကိစ္စအား ဝရုန်းသုန်းကား တုတ်ဆွဲ၊ ဓားဆွဲမဖြစ်အောင် ထိန်းရမည်။ ခိုက်ရန်ဖြစ်မှုများအား ထိပ်တိုက်တွေ့ရမည်။ **ယတြာ**။ ။ဗုဒ္ဓဟူးနေ့တွင် ရွှေပန်းပွင့် ဘုရားကပ်လှူပါ။

**တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၃)**

အောင်မြင်မှုများ ဆက်တိုက်ကြုံလာမည်။ လိုရာပြည့်စုံခြင်းရှိမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ် အောင်မည်။ အပြောအဆိုလိမ္မာပါးနပ်မှုကြောင့် ထူးထူးခြားခြားတိုးတက်မည်။ ယှဉ်ပြိုင်မှု အောင်မြင်ခြင်းနှင့် ဘဝတိုးတက်ခြင်း အခိုင်အမာရမည်။ စီမံထားသည်များ အောင်မြင်မည်။ ကာလအတန်ကြာ ခက်ခဲနေသည်များ ဖြေရှင်းနိုင်မည်။ **ယတြာ** ။ ။သောကြာနေ့တွင် သော့ပေါင်းများ စွန့်ပစ်ပါ။

**ဗြိစ္ဆာရာသီ(အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂)**

အခါတိုင်းနှင့်မတူ အရာရာအပေါ်မလုပ်မီ စဉ်းစားချင့်ချိန်ဝေဖန်ပိုင်းခြားပြီးလုပ်သောသဘာဝမှ တိုးတက်မှုလမ်းကြောင်းပေါ်မည်။ အလွန်စိတ်ရှည်သည်းခံရမည်။ မိမိအပေါ် အနှောင့်အယှက်ဖြစ်လောက်အောင် အတိုက်အခံ အနှောင့်အယှက်များဝင်နေသည့်ကြားမှ တက်လမ်းများ ရှာရမည့်ကာလဖြစ်သည်။ **ယတြာ** ။ ။အင်္ဂါနေ့တွင် ဇီးညွန့် ဘုရားပန်းကပ်လှူပါ။

**ဓနုရာသီ (နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁)**

မိမိတွင်ရှိသော အရင်းအနှီးထက်ပို၍ ငွေသုံးရကိန်း ပေါ်နေသည်။ လုပ်ငန်းအခွင့်အလမ်းများ တစ်ခုပြီးတစ်ခုပေါ်မည်။ သို့သော် လက်တွင်ငွေမရှိ၍ ထင်တိုင်း မကြံနိုင်။ မည်သည့်အရာကိုမဆိုလုပ်က အောင်မြင်မှုရမည်ဟူသော အတွေးများလည်း ဝင်မည်။ အထူးသတိပေးလိုသည်မှာ ငွေကြေးလှည့်၍ လုပ်ခြင်း၊ အစုစပ်လုပ်ခြင်း ရှောင်ရမည်။
**ယတြာ**။ ။ကြာသပတေးနေ့တွင် ဖရုံယို ဆွမ်းတော်တင်ပါ။

**မကာရရာသီ (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀)**

နှောင့်နှေးမည်။ ဖြစ်သင့်သည်များ ကြန့်ကြာမည်။ ကြိုတင်တွက်ဆထားသည့်အတိုင်း အချိန်မီ ကွက်တိမဖြစ်။ မိမိ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် နည်းအမျိုးမျိုးနှင့် အနှောင့်အယှက်ပေးသူ များများတွေ့တတ်သည်။ တုပဘက်ပြိုင်သောသူ များမည်။ ဤရက်အတွင်း စာရွက်စာတမ်း လက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စ တာဝန်ယူအာမခံခြင်း သတိနှင့် လုပ်ဆောင်ပါ။ **ယတြာ**။ ။စနေနေ့တွင် ဖိနပ်ဟောင်းများ စွန့်ပစ်ပါ။

**ကုံရာသီ (ဇန်နဝါရီ ၂၁ မှ ဖေဖော်ဝါရီ ၁၈)**

အညွှန့်များကင်းစင်၍ အလုံးစုံအဆင်ပြေသောကာလဟု သတ်မှတ်သည်။ မိတ်ဆွေကောင်းအကူအညီရမည်။ မိမိစိတ်တိုင်းကျ အရာရာဖြစ်မည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း၊ တိုးတက်မှုသတင်း ကြုံမည်။ ဖြစ်ကတတ်ဆန်း အလွယ်တကူလုပ်၍ ဖရိုဖရဲဖြစ်နေသည်များအား စနစ်တကျပြန်လည်ဆောင်ရွက် အဆင်ပြေမည်။
**ယတြာ**။ ။စနေနေ့တွင် နွားနို့တစ်ခွက် ဒါနပြုပါ။

**မိန်ရာသီ (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀)**

အနှောင့်အယှက်များစွာ ကြုံပြီးမှ လွန်စွာအောင်မြင်မည်။ ခက်ခက်ခဲခဲလုပ်ရသောကိစ္စများမှ အကျိုးကောင်းခံစားရမည်။ မိမိ မူလစီစဉ်ထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုး ဖရိုဖရဲကြားမှ လုပ်ကိုင်ရမည်။ သူတစ်ပါး မည်မျှ မောက်မာပါစေ အေးအေးဆေးဆေးလုပ်၍ အောင်မြင်မည်။ မိမိအပေါ် အထက်စီးမှ ဆက်ဆံသူ များပြားမည်။
**ယတြာ**။ ။ကြာသပတေးနေ့တွင် လက်ဖက်သုပ်ဒါနပြုပါ။

ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။
စံ– ဇာဏီဘို
(ဖုန်း–၀၉၇၃၁၇၀၇၉၉)

www.free4readers.com





# ဇဝေဇဝါတို့ ယောက်စားနှင့် တိုးသောအခါ

ကိုမိုး

၂၀၀၀ ပြည့်နှစ်က အဖြစ်တစ်ခုပါ။ သိရိမင်္ဂလာဈေးမှာ ကျွန်တော် ကားရပ်ပြီး ဂိတ်ထိုးထားတယ်။ ညနေ ၅း၀၀ နာရီထိုးနေပြီ။ ကျွန်တော့်အိတ်ထဲမှာ ငွေ ကျပ် ၁၀၀၀ပဲ ရှာရသေးတယ်။ မနက်က ဓာတ်ဆီ ဝယ်ထည့်လိုက်တဲ့ ငွေရယ်၊ ကားဆွဲမကောင်းတာရယ်ကြောင့် အိမ်စရိတ် မရသေး။

ထိုခေတ်ထိုအခါက နိုင်ငံရေး နည်းနည်းလှုပ်ပြီဆိုတာနဲ့ လူတွေ တော်ရုံကိစ္စဖြင့် အိမ်ထဲမှ အိမ်ပြင်မထွက်ရဲကြတော့။ ထို့အပြင် ဓာတ်ဆီဈေးကလည်း တက်နေချိန်နဲ့ ကြုံတယ်။ တစ်ဂါလန်ကို ကျပ် ၃၀၀၀ ကျော်ပေးပြီး ကားဆွဲနေရတယ်။ အစိုးရပေးတဲ့ ဓာတ်ဆီက တစ်နေကုန်ကားဆွဲဖို့ လောက်ငမှုမရှိ။ (ယနေ့ခေတ်မှာတော့ ဓာတ်ဆီတစ်ဂါလန် သုံးလေးထောင်ဆိုရင် အော်သံတွေ မတရားထွက်လာပြီ။ ကိုမိုးတို့မှာတော့ ဟိုခေတ်က ငွေကျပ် ၃၀၀၀ကျော်အထိ ဓာတ်ဆီဈေးတက်နေတာ ပါးစပ်ဖွင့်ကို မဖွင့်ရဲ။)

အချိန်ကာလကလည်း မိုးတွင်းဆိုတော့ ညနေ ၅း၀၀ နာရီဆို မှောင်ချင်ပြီ။ သည်အချိန်မှာ ကိုမိုးကို ကားလာငှားတယ်။ ပုလဲမြို့သစ်ကိုသွားမယ်တဲ့။ ငွေကျပ် ၅၀၀၀ နဲ့ ဈေးတည့်သွားပြီ။ ကားကို မောင်းထွက်လာခဲ့တယ်။ တကယ်ကတော့ သည်ခရီးကို လုံးဝမလိုက်ချင်။ အိမ်ပြန် အရမ်းမှောင်နေမည်။ ထို့အပြင် ကိုမိုးကားရဲ့ ရှေ့မီးကြီး တစ်လုံးက နေ့လယ်ကမှ ကျွမ်းသွားသည်။ အသစ်မထည့်ရသေး၊ အမှတ်(၃)လမ်းမနှင့် ခရေပင်လမ်းဆုံတွင် ယာဉ်ထိန်းရဲလှည့်ကင်းအဖွဲ့ အမြဲရှိတတ်သည်ကိုသိ၏။ မတော်၍ အဖမ်းခံရလျှင် ရမည့်ငွေနှင့် လုံးဝအဆင်မပြေ။ အိမ်စရိတ်မရသေး၍သာ လိုက်လာရခြင်း ဖြစ်၏။

ဤသို့ဖြင့် စိတ်ညစ်ညစ်နှင့် မောင်းလာရာ ခရေပင်လမ်းနှင့် အမှတ်(၃)လမ်းဆုံတွင် ထင်သည့်အတိုင်းပင် ယာဉ်ထိန်းက ကိုမိုးကားကို လက်တားပါတော့သည်။ စိတ်အရမ်းညစ်နေချိန်နှင့် အိမ်ပြန်လျှင် စားစရာမရှိတော့မည့်အရေး နှစ်ခုပေါင်းတွေးကာ ကိုမိုး မျက်စိထဲ မီးများ ဝင်းခနဲ တောက်သွားတော့၏။ ကားရပ်ပြီးသည်နှင့် လက်တားသော ယာဉ်ထိန်းကို အကျယ်ကြီး အော်ဟစ်ပါတော့၏။ ကိုမိုး၏ အော်ဟစ်ဆူပူသံများကြောင့် ထိုမီးပွိုင့်တွင် မှတ်တိုင်လုပ်ပြီး ကားစောင့်နေသူများ ဝိုင်းအုံလာသည်။ ထိုအချိန်တွင် လှည့်ကင်းအဖွဲ့မှ ဦးဆောင်သူ တစ်ပွင့်အရာရှိငယ်တစ်ဦး ကျွန်တော့်ထံ ရောက်လာပါတော့သည်။ 'အစ်ကို ဘာများမပြေလည်တာရှိလို့လဲ' ဟု မေးသောအချိန်၌ ကျွန်တော် အသိနှင့် သတိတရားတို့ ခန္ဓာကိုယ်နှင့် ပြန်ကပ်လာပါ၏။

မှားပြီ။ တာဝန်ကျရဲဝန်ထမ်းကို မတရား အော်ဟစ်ဆူပူမှု၊ ဝတ္တရားနှောင့်ယှက်မိပြီ။ လိုင်စင်အဖမ်းခံရမည့်အပြင် ရာဇဝတ်မှုပါ ရောထွေးလာပြီ။ အသိစိတ်ပြန်ဝင်လာ၏။ ချက်ချင်းပင် သည်အဖြစ်အပျက်က ရအောင် ရုန်းထွက်ရမည်ဟု လျှပ်တစ်ပြက် တွေးမိပြီး အရာရှိငယ်အား 'ယာဉ်မောင်းတစ်ယောက်က ယာဉ်ထိန်းတစ်ယောက်ကို အခုလို အကြီးအကျယ်ပြောနေတယ်ဆိုကတည်းက ခင်ဗျားလူ ဘယ်လောက်လွန်လို့လဲဆိုတာ တွေးကြည့်လို့ရတယ်၊ သူ ဘာလုပ်လိုက်လဲ သူ့အသိဆုံး။ သူ့ကိုသာမေး၊ ကျုပ် လာမမေးနဲ့' ဟု ခပ်တည်တည် ဟောက်လွှတ်လိုက်သည်။ ထိုအရာရှိလည်း ကျွန်တော့်ကားကို လက်တားသော ဒုတပ်ကြပ်လေးထံ ပြန်ပြီး မေး၏။ ဒုတပ်ကြပ်လေးမှာလည်း သူ ဘာမှ မပြောမိပါဟုသာ ပြန်ဖြေ၏။ ကျွန်တော်ကလည်း ကားနားမှနေပြီး 'ကိုယ့်လူကိုယ်ရအောင် မေးနော်၊ ရှေ့ဆက်ရရင်တော့ မလွယ်ဘူး ဖြစ်သွားမယ်၊ လွန်လွန်းတယ်၊ မပြောချင်ဘူး' ဟု အော်နေပြန်သည်။

ဒုတပ်ကြပ်လေးအား ဘာမှ မေးမရသလို ကျွန်တော်ကလည်း အော်ဟစ်နေမြဲဖြစ်ကာ လူအုပ်ကြီးမှာလည်း ကြီးသည်ထက် ကြီးလာ၏။ ထို့ကြောင့် ရဲအရာရှိငယ်မှာ ကျွန်တော့်ထံလာပြီး ကျွန်တော့်အား ' ကျွန်တော် သူ့ကို သေချာမေးပြီး ဆုံးမထားပါမယ်၊ အစ်ကိုသွားလို့ရပါပြီ၊ ဘာမှလဲ စိတ်ထဲမထားပါနဲ့' ဟု တောင်းပန်ပြီး လွှတ်လိုက်လေ၏။ ကျွန်တော်လည်း ထိုအခါမှ သက်ပြင်းချပြီး ကားမောင်းထွက်ခဲ့နိုင်တော့၏။ ဒါ တကယ်ဖြစ်ခဲ့တာ။

•

ကျွန်တော့်သူငယ်ချင်းမောင်ဆောင်း။ သူ့ရဲ့စီးပွားရေးက မပြေလည်လှ။ ဘုရင့်နောင်ပွဲရုံမှ ကြံသကာများသယ်ပြီးကျိုကာ ပဲငံပြာရည် အနောက် (ကြာညို) လုပ်ရောင်းသည်။ ကြံသကာဈေးက တက်လာလေ စီးပွားက ကျပ်လာလေပဲ။ ကြံရာမရတော့ မူးယစ်ဆေးဝါးရောင်းဝယ်သည်။ စီးပွားလည်း ခဏချင်းတက်လာ၏။ လုပ်ငန်းတွေ အများကြီး တိုးချဲ့လုပ်ကိုင်လာ၏။ တိုင်းအဆင့် အရာရှိကြီး အတော်များများနှင့်လည်း သိကျွမ်းခင်မင်လာ၏။ မူလ ဗန်းပြလုပ်ငန်းကိုလည်း မဖြုတ်သည့်အပြင် ပဲငံပြာရည်ပုလင်းများ အထုပ်များထဲတွင် ပဲငံပြာရည်ထဲ၌ ပလတ်စတစ် အလုံထုပ်ပိုးထားသော မူးယစ်ဆေးဝါးများထည့်သွင်းကာ ဖြန့်ဖြူး၏။ အများအမြင်၌ ပဲငံပြာရည်လုပ်ငန်းမှာ မတရားရောင်းနေရသလို အခြားဗန်းပြလုပ်ငန်းခွဲများမှလည်းအဆင်ပြေနေ၏။

တစ်နေ့တွင် မောင်ဆောင်း၏ မူးယစ်ဆေးဝါးဖြန့်ဖြူးမှုကို သိရှိသော တာဝန်သိပြည်သူတစ်ယောက်က တိုင်တန်း၏။ ထို့ကြောင့်သက်ဆိုင်ရာမှ ဝရမ်းထုတ်ပြီး ရှာဖွေရန် မောင်ဆောင်း၏အိမ်သို့ ရောက်လာသည်။ ပထမတွင်မူ မောင်ဆောင်းလန့်သွားသည်။ ထို့နောက် ဟန်ကိုယ့်ဖို့ဆိုသည်ကို သတိရမိပြီး ရှာဖွေမည့် တာဝန်ရှိသူများအား ဥပဒေအတိုင်း ဟုတ်မဟုတ် မောင်ဆောင်းက ရှာဖွေဝရမ်း ပြခိုင်း၏။ ရှာဖွေမည့် ဝန်ထမ်းများ၏ ကိုယ်ခန္ဓာများပေါ်တွင် မောင်ဆောင်းက အရင်ရှာဖွေ၏။ မှန်သည်၊ ဒါမှ မတရား ထောင်ချောက်ဆင် အဖမ်းခံရခြင်းမှ ကင်းဝေးမည်။ ဤအပိုင်းပြီးသည်နှင့် တာဝန်ရှိသူများကို မောင်ဆောင်း၏အိမ်အတွင်း လွတ်လပ်စွာ ရှာဖွေခွင့်ပြုရမည်။

ဤသို့မဟုတ်။ မောင်ဆောင်းက ဘယ်သူခိုင်းလို့ လာရှာသလဲဟု တာဝန်ရှိသူများကို ပြန်မေး၏။ သူနှင့်သိသော တိုင်းအဆင့်အရာရှိများ၏အမည်ကို ထုတ်ပြောပြီး ဖုန်းဆက်မေးမည်ဟု ခြိမ်းခြောက်၏။ မည်သည့်နိုင်ငံတွင်မှ ထုတ်ဖော်ပြောလေ့မရှိသော တိုင်ကြားသူ၏အမည်ကို ပြောပြရန်လည်း တောင်းဆို၏။ အိမ်အတွင်း၌ ရှာဖွေနေချိန်လည်း ကြိုက်သလိုရှာဟုဆိုကာ တာဝန်ရှိသူများ ရှာဖွေနေသည့် အစိတ်အပိုင်းများအား ကူညီသလိုလိုနှင့်ဝင်ရှုပ်၏။

များသွားပြီ။ တာဝန်ရှိသူများ၏ ကိုယ်ခန္ဓာပေါ်အထိ မောင်ဆောင်း ရှာပြီးပြီပဲ။ တာဝန်ရှိသူများ ရှာဖွေနေသည်ကို ဗီဒီယိုရိုက်ချင်ရိုက်ထားပါ၊ ဘာမျှ အော်ဟစ်ပြောဆိုပြီးလည်းကောင်း၊ ရှာဖွေနေခြင်းကိုလည်းကောင်း ဝင်ရောက်နှောင့်ယှက်ပိုင်ခွင့် မရှိ။ သို့သော် တာဝန်ကျသူကလည်း ရှာဖွေနေသည်ကို ဝင်ရောက်မပြောဆိုရန်၊ မနှောင့်ယှက်ရန် တားမြစ်ဖို့ သတိမရ။ ကိုယ့်တာဝန်ကို ခေါင်းအေးအေးဖြင့် မလုပ်နိုင်ဘဲ မိမိဘက်အမှုပတ်မှာကြောက်နေ၏။ အတွေ့အကြုံနည်းလွန်း၏။ မောင်ဆောင်းကပင် ပြောလိုက်သေး၏။ ခုလို ရှာဖွေခြင်းဟာ သူနဲ့ သူ့မိသားစုသိက္ခာကျဆင်းစေ၏ဟုပင်။

မမှန်ပါ။ အကယ်၍ မိမိသာ ဘာမျှမလုပ်ထား၍ ဘာမှ ရှာဖွေမတွေ့လျှင် သိက္ခာကျစရာ မလိုပါ။ မလိုသူမှ ချောက်တွန်းသည်ဟုသာ ပတ်ဝန်းကျင်က ရှုမြင်ပေမည်။ ထို့အပြင် နိုင်ငံတော်အသိအမှတ်ပြု ရှာဖွေရာတွင်ပင် အမည်းစက်မရှိသူဟု တံဆိပ်ကပ်ပေးရာရောက်သည်ကိုမတွေး။ မည်သည့်နိုင်ငံမဆို လိုအပ်လျှင် ရှာဖွေရသည်မှာ တာဝန်ရှိသူ၏အလုပ်ပင် ဖြစ်သည်။ ဒါ မဆန်းပါ။ တိကျသေချာမှ တိုင်တန်းပါဟုဆိုရအောင်လည်း သတင်းပေးပြည်သူသည် ထောက်လှမ်းရေးမဟုတ်။

ယခုမူ မောင်ဆောင်း၏သားအငယ်မှာ သူ့အဖေ၏လုပ်ငန်းကို သိရှိထားသူဖြစ်၍ ကြောက်လွန်းကာ သတိပင်မေ့နေပြီ ဖြစ်သည်။ ဒါကိုပင် မောင်ဆောင်းက ထပ်ပြောလိုက်သေး၏။ ရှက်လွန်း၍ သူ့သားလေး သတိမေ့နေပါပြီဟုဆိုသော အခါဝယ် ရှာဖွေသူတို့မှာ ပို၍ တွန့်သွားပေ၏။ တကယ်က ဘာနှင့်တူသလဲဆိုရင် မည်မျှပင် လက်ဖြောင့်သော သေနတ်သမားဖြစ်ပါစေ ပစ်ခတ်ရန် အဆင်သင့်အချိန်တွင် ဘေးမှ 'ဟိတ်' ဟု အော်ပြီး လှန့်လိုက်လျှင် စိတ်မတည်မငြိမ် ဖြစ်ကာ ပစ်မှတ်နှင့် လွဲတော့၏။ ယခုလည်း မောင်ဆောင်း၏ မဟုတ်တမ်းတရား ပြောဆိုမှုတို့ကြောင့် အတွေ့အကြုံနည်းပါးသော ရှာဖွေသူ တာဝန်ရှိသူတို့သည် အပေါ်ယံကြောမျှသာရှာပြီး ပြန်သွားကြလေတော့၏။

ထိုအခါမှ မောင်ဆောင်းသည် သူ၏ ပဲငံပြာရည်များသွန်ပြီး ရှာဖွေမသွားခြင်းနှင့်မြေအောက်တွင်ဝှက်ထားသော မူးယစ်ဆေးဝါးများ ရှာမတွေ့တော့ခြင်းအတွက် သက်ပြင်းချနိုင်လေတော့၏။ ချက်ချင်းပင် မူးယစ်ဆေးဝါးများကိုဖျောက်ဖျက်၍ ထိုလုပ်ငန်းကိုလည်း ရပ်ဆိုင်းထားလေတော့သည်။ မောင်ဆောင်း၏ဗီဒီယိုကိုကြည့်ရသော တာဝန်ရှိသူများကလည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး တိကျမှ သတင်းပေးပါဟူ၍ ဆိုလေတော့၏။ မူးယစ်ဆေးဝါး ရောင်းဝယ်သူအပေါင်းလည်း ပျော်ကြလေတော့သည်။

•

မြန်မာပြည်တွင် တစ်ချိန်တစ်ခါက တာဝန်ရှိသူတို့သည် တာဝန်သိပြည်သူမှ သတင်းပေးတိုင်ကြားလျှင် မသိကျိုးကျွန်ပြုကြ၏။ တိုင်ကြားသူကိုပင် ပြန်၍ အန္တရာယ်ရှိစေနိုင်သည့်အချက်တွေ ထုတ်ပြန်ခဲ့ကြ၏။ ထို့ကြောင့် မူးယစ်ဆေးဝါးမှုမဟုတ်၊ ရာဇဝတ်မှုတွေလည်း များပြားလှပေတော့၏။ ဒါကို နိုင်ငံတော်အဆင့်မှ စနစ်တကျကိုင်တွယ်ပြီး အရေးယူစေ၏။ သတင်းပေးလျှင် ရှာဖွေ၏။ ထို့ကြောင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ သိသာမြင်သာစွာ ဖမ်းဆီးရမိလာ၏။ တစ်ဖန် ပြန်ပြီး လူ့အခွင့်အရေးလိုလို ဘာလိုလိုဖြင့် အမှန်ကို အမှန်အတိုင်း မရှုမြင်ကြဘဲ သတင်းပေးသူကို လက်တွန့်အောင် ပြုလုပ်ကြပြန်လျှင် တိုင်တန်းလို့လည်း မရှာဖွေ၊ မရှာဖွေလို့ ပေါ်များဆိုတာတွေ ပြန်ဖြစ်လာလေတော့မည်။ အမှန်တကယ်မှာ

- ရှာဖွေခြင်းမှာ တာဝန်ရှိသူ အလုပ်ဖြစ်၏။ ကိုယ့်တာဝန်ကိုယ် ပီပီပြင်ပြင်လုပ်ရန်သာ လို၏။ မည်သူ့မျက်နှာမှ ကြည့်ရန် မလိုပေ။ နှောင့်ယှက်လျှင် တရားစွဲရုံသာရှိ၏။
- မည်သည့်နိုင်ငံတွင်မဆို သတင်းပေးတိုင်ကြားလျှင် တတ်နိုင်သမျှ စုံစမ်းရမည်၊ ရှာဖွေရမည်မှာ တာဝန်ရှိသူတို့၏ လက်ခံဆောင်ရွက်ပေးရမည့်အလုပ်ဖြစ်၏။ ဥပမာ ဤအိတ်ထဲတွင် ပေါက်ကွဲစေသောဗုံးများ ရှိပါသည်ဟု သတင်းပေးပါလျက် မရှာဖွေဘဲ နေကြမည်လော။ ဤမျှ အကြမ်းဖက်သမားများ ပေါများသောခေတ်တွင် အမေရိကန်ပင် လက်မခံ၊ ဝင်ရောက်ရှာဖွေကြသည်သာ။ ထို့အတွက်လည်း အိမ်ရှင်မှာ အပြစ်မရှိလျှင် သိက္ခာကျရန် အကြောင်းမရှိပါ။
- ပြည်သူတို့မှာလည်း အားအားယားယား လက်ဆော့၍ တိုင်တန်းသူနည်းပါသည်။ မယုံလျှင် နှစ်ပေါင်းဆယ်ချီ၍ ဆောင်ရွက်ခဲ့သော '199' တွင် တိုင်တန်းသောအမှုပေါင်း မည်မျှတွင် အမှန်တကယ်အပြစ်ရှိသူ မည်မျှဟူသောစာရင်းကို တောင်းယူကြည့်ပါ။ လုပ်ကြံ၍တိုင်တန်းခြင်း (သို့မဟုတ်) လက်တွေ့မမိလိုက်သောအမှု ရာနှုန်းမှာ နည်းပါးပါသည်။ ထို့ကြောင့် တိုင်တန်းလျှင် ရှာဖွေရပါမည်။
- ပြည်သူမှ ပူးပေါင်းပါဝင်ကူညီမှ ရာဇဝတ်မှုခင်းများ လျော့ကျမည်ဆိုသည်မှာ ပြည်သူအား စုံထောက်လုပ်ခိုင်းခြင်း မဟုတ်ပါ။ အမှုမဲ့ အမှတ်မဲ့ ကြုံတွေ့သော မှုခင်းမျိုးအား တာဝန်ရှိသူထံ အကြောင်းကြား အကူအညီပေးရန်နှင့် တာဝန်ရှိသူမှ ရှာဖွေလိုလျှင်လည်း စိတ်လိုလက်ရ ပူးပေါင်းရှာဖွေခံခြင်းဖြင့် ပြည်သူက ကူညီကြစေရန် ရည်ရွယ်သော စကားဖြစ်သည်ကို ပြည်သူ့ဘက်မှ သိရှိနားလည်ထားရန် လို၏။
- ဒါတွေကို တိတိကျကျ ကိုယ့်တာဝန်ကိုယ် ရဲရဲမလုပ်ရဲခြင်း၊ မသိခြင်းတို့ လွှမ်းမိုးလာပါက ခဏနေ သတင်းပေးပါပြောလိုက်၊ ခဏနေ အတိအကျပေးပါပြောလိုက်ဖြင့် ဟိုယိမ်းသည်ယိမ်း ဇဝေဇဝါတွေ ဖြစ်နေကြပါမည်။

အထက်ဖော်ပြပါအဖြစ်အပျက်တို့ကိုလည်း မည်သူ့ကိုမျှ မရည်ရွယ်ဘဲ လူ့သဘာဝဝန်းကျင်၌ ဖြစ်လေ့ရှိသည်ကိုဖွဲ့နွဲ့ ဥပမာပြ၍ ဇဝေဇဝါဖြစ်နေသူများရှိလျှင် မိမိဦးတည်ရာ မိမိတာဝန်ကိုသာ မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ဖြင့် မမိုတ်မသုန် ချီတက်နိုင်ကြစေရန် ကျွန်တော့်အမြင်ကို တင်ပြလိုက်ခြင်းသာ ဖြစ်ပါတော့သည်။

ကိုမိုး (၅-၁၂-၂၀၁၈)



# လမ်းပေါ်မှာ လမ်းချော်သူ

**ခင်မောင်ဝင်း (စစ်တွေ)**

'လုပ်ရမှာထက် ပိုမလုပ်တဲ့သူဟာ ရရမှာထက် ပိုမရဘူး၊ ကိုယ့်လူ၊ သက်သာအောင်နေရင် မသက်မသာဖြစ်တတ်တယ်'

'ဒါတော့ အမှန်ပဲ အစ်ကိုကြီး'

'သိပ္ပံပညာရှင်ကြီး ပါစကယ်က လူတွေအကြောင်း နှစ်ပေါင်းများစွာ လေ့လာပြီး တွေ့ရှိတာက တို့လူသားတွေအတွက် အကြီးဆုံးဒုက္ခတွေထဲမှာ အငြိမ်မနေနိုင်ခြင်းဆိုတဲ့ ဒုက္ခလဲ ပါတယ်တဲ့၊ မှန်တယ်ကွ၊ ငါလဲ အလုပ်တစ်ခုတည်းမှာ တာရှည်လာရင် ဖင်က တယ်မငြိမ်ချင်တော့ဘူး'

ကိုကြီးဖြူမောင်၏ မုန့်မျိုးစုံလုပ်ငန်းမှာ ကျွန်တော်တို့မြို့တွင် အောင်မြင်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ကိုယ်တိုင်ထုတ်လုပ်ပြီး မြို့လယ်ရှိ ကိုယ့်ဆိုင်ခန်းမှာပင် ပြန်လည်ဖြန့်ချိသည်။ သည်လထဲတွင် ဈေးကြီးထဲ၌ ဆိုင်တစ်ဆိုင် ထပ်ဖွင့်သည်။ ပြီးတော့ နယ်မြို့သုံးမြို့တွင် ဆိုင်ခွဲသုံးခု ထပ်ဖွင့်သည်။ မုန့်အမယ်သစ်များ တိုးထုတ်သည်။

*

ကိုကြီးဖြူမောင်ကဲ့သို့ပင် မုန့်မျိုးစုံ ထုတ်လုပ်ရောင်းချနေသော လုပ်ငန်းရှင်ကြီး တစ်ဦးနှင့် တစ်ပိုင်တစ်နိုင်လုပ်နေသော လုပ်ငန်းငယ်များလည်း ရှိသည်။ ကိုယ့်ဈေးကွက်နှင့်ကိုယ်။ တစ်ရက် ကိုကြီးဖြူမောင်က...

'တို့ စီးပွားရေးသမားဆိုတာ ခြသေ့်နဲ့ တောဆိတ်တွေလိုပဲ အမြဲတွေးနေရတယ် မောင်ဝင်း'

'ဘယ်လို တွေးနေကြတာလဲ'

'ခြသေ့်က ဘယ်လိုတွေးသလဲဆိုတော့ ငါ တောဆိတ်ကို ကျော်အောင် မပြေးနိုင်ရင် အစာငတ်မယ်လို့ တွေးတယ်'

'တောဆိတ်ကကော'

'တောဆိတ်ကတော့ ငါ ခြသေ့်ထက် ပိုမြန်အောင် မပြေးနိုင်ရင် ခြသေ့်စာ ဖြစ်လိမ့်မယ်လို့ တွေးတယ်၊ ခုလဲ ကြည့်လေကွာ၊ တခြားမုန့်ဖိုတွေက ထုတ်တဲ့ မုန့်တွေက ထပ်တူကျနေတာလဲ ရှိသလို ဆင်တူယိုးမှားတွေလဲ ရှိနေတယ်၊ ဈေးနှုန်းကလဲ မတိမ်းမယိမ်းပဲ၊ ဒီတော့ ခြသေ့်နဲ့ တောဆိတ်အတွေးမျိုးတွေက ဝင်လာရတော့တာပေါ့'

'အင်း...ဒါတော့ ဟုတ်တယ်ဗျ'

'တို့ စီးပွားရေးလောကဆိုတာက ပြိုင်ဘက်တွေနဲ့ပြိုင်တဲ့အခါ လမ်းပေါ်က ရန်ပွဲမှာ နံချပ်ကူဆွဲထုတ်ပြီး အကွဲအပြဲ ဆော်မဟဲ့ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ရင်ဆိုင်ပြီး ဖိုက်နိုင်မှ တန်ရုံကျတယ်၊ ဘောလုံးကစားနည်းနဲ့ ဥပမာပေးရရင်တော့ တစ်ဖက်အသင်းဆီက ဂိုးရနိုင်ဖို့ တွန်းတွန်း တိုက်တိုက်နဲ့ နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးရအောင် ကစားနိုင်မှ၊ အဲဒီလိုမှ မလုပ်ရင် ဂိုးရမှာ မဟုတ်ဘူး'

'မှန်တာပေါ့ဗျာ'

'ငါပြောတဲ့ စီးပွားရေး ဗဟုသုတတွေကို သေသေချာချာမှတ်ထား၊ စေ့စေ့စပ်စပ်လေ့လာရင် ပတ်ဝန်းကျင်မှာ မြင်ရလိမ့်မယ်၊ အဲဒါမှ ငါ့အစ်ကိုကြီး ပြောခဲ့တဲ့ စကားတွေဟာ မမှားကောင်း စင်စစ်မှန်၏လို့ ပြောလာလိမ့်မယ်'

*

ရက်တွေ အတန်ကြာပြီး တစ်ရက် ကျွန်တော်တို့ ပြန်လည် တွေ့ဆုံခဲ့ကြသည်။ သည်တစ်ခါမှာတော့ အစ်ကိုကြီးဖြူမောင်က...

'မောင်ဝင်းရေ...ငါတော့ နှမ်းစေ့တစ်စေ့နှစ်စေ့ လက်ထဲက အောက်ကျတာကို နှမြောပြီး ကုန်းကောက်လို့ လက်ဆုပ်ထဲက နှမ်းစေ့တွေပါ အောက်ကျကုန်တဲ့ မျောက်လိုဘဝမျိုး ရောက်နေပြီ'

'ဘယ်လိုဖြစ်လို့လဲ အစ်ကိုကြီး'

'ဆင်အလုပ် ဆင်မလုပ်ဘဲ မြင်းအလုပ်တွေ လျှောက်လုပ်တော့ အခု လျှာထွက်နေပြီကွ၊ ပထမတော့ ငါ့ကိုယ်ငါ လုပ်ငန်းအတွေ့အကြုံရှိတယ်၊ သတင်းအချက်အလက်တွေရှိတယ်၊ ဒါတွေကို သင်ခန်းစာယူပြီး လုပ်မယ်ဆိုပြီး လုပ်ငန်းကို တိုးချဲ့ခဲ့တယ်၊ ကိုယ်လျှောက်နေတဲ့ လမ်းပဲ၊ အခက်အခဲရှိမှာ မဟုတ်ပါဘူး။ ရှိခဲ့ရင်လဲ ဖြေရှင်းနိုင်မှာပါဆိုပြီး ဆိုင်ခွဲတွေ လိုက်ဖွင့်၊ မုန့်အမယ်သစ်တွေ အများကြီး ထပ်ထုတ်တယ်'

'ကျွန်တော်သိသားပဲ၊ ကျွန်တော်က အစ်ကိုကြီး စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လို့ ဝမ်းသာပြီး မုဒိတာပွားနေတာ'

'တကယ်လုပ်ကြည့်တော့ လုပ်ငန်းလည်ပတ်ရတာ ထင်သလောက် ခရီးမပေါက်မှန်း သိလာရတယ်၊ အရင်က ဆိုနယ်ဖောက်သည်တွေက ဆိုင်က လာယူ၊ နယ်တွေ ရွာတွေကို သူတို့နည်း သူတို့ဟန်နဲ့ ရောင်းနေကြတာ အဆင်ကို ပြေလို့၊ ကိုယ်တိုင်သွားလုပ်တော့ သူတို့လို အဆင်မပြေဘူး။ သူ့အရပ်နဲ့ သူ့ဇာတ်ကို မကနိုင်ဘူး၊ အမယ်သစ်ထုတ်တဲ့ မုန့်တွေကလဲ ရောင်းအားမရှိဘူး'

'ဒီတော့...'

'နိဂုံးကတော့ကွာ ဆိုင်ခန်းငှားခ၊ ဝန်ထမ်းခ၊ အထွေထွေစရိတ်တွေထည့်ပြီး စာရင်းချုပ်လိုက်တော့ ဆက်လုပ်ဖို့ မသင့်တော့တဲ့ အဖြေ ထွက်လာတယ်'

'နည်းနည်းပါးပါး တောင့်ခံလို့ မရနိုင်တော့ဘူးလား အစ်ကိုကြီး'

'ဘဏ်မှာ အိမ်ပေါင် ငွေချေးပြီး လုပ်ငန်းတိုးချဲ့ခဲ့တာကွ၊ ဘဏ်တိုးက မင်းသိတဲ့အတိုင်းပဲ၊ အသေးအမွှားတွေ လိုက်ကောက်ရင်း ပုဆိုးပါကျွတ်ကျတဲ့ အဆင့်ကို ရောက်သွားသလိုပါပဲကွာ၊ ကားတစ်စီးလုံး ဘယ်လောက်အခြေအနေကောင်းကောင်း ဘက်ထရီ မကောင်းရင်၊ ဘီးမှာ လေမရှိရင် မောင်းလို့မရဘူးဆိုတာ ငါခုမှ သိတော့တယ်'

'အင်း...ကျွန်တော်ကတော့ တို့ အစ်ကိုကြီးတော့ ချမ်းသာတော့မယ် ဆိုပြီး ဝမ်းသာနေတာ'

'ဒီလေ့ကားကို ငါ ဘယ်လိုတက်တက် ရတယ်ဆိုပြီး ခုန်ပျံကျော်လွှားပြီး တက်မိရာက ခြေချော်ပြီး ကျွမ်းပြန်ကျတဲ့ အဖြစ်မျိုးပဲ မောင်ဝင်းရေ'

'လုပ်ငန်းတစ်ခုထူထောင်ဖို့၊ အခြေကျဖို့ တစ်နှစ်လောက်အချိန်ယူရတယ်၊ ခုရေတွင်းတူး ခုရေကြည်သောက်လို့မှ မရတာ အစ်ကိုကြီး'

'တော်ပါပြီကွာ၊ လမ်းပေါ်မှာ လမ်းချော်ခဲ့ပြီးပြီ၊ အမှောင်ထဲ ဝင်မိများလို့ ကိုယ့်မှာရှိတဲ့ အရိပ်ကလေးတောင် ပျောက်မယ့်ကိန်းပဲ'

အမေရိကန်စိတ်ပညာပါမောက္ခတစ်ဦး၏ သုတေသနအရ စိတ်ညစ်စရာပေါင်း ၂၁၀,၀၀၀ ရှိသည်ဟု ၁၉၅၈ ခုနှစ်တွင် ရေးသားခဲ့ဖူးပါသည်။ အဆိုပါ သုတေသနမှာ နှစ်ပေါင်း ၆၀ ကြာမြင့်ခဲ့ပါပြီ။ ယနေ့အချိန်ကာလတွင် ထပ်မံ သုတေသနပြုပါက ထို့ထက် ထို့ထက်မက ရှိပါလိမ့်မည်ဟု ကျွန်တော် စဉ်းစားမိပါတော့သည်။

ခင်မောင်ဝင်း (စစ်တွေ)



MYANMAR SEARCH INT'L
Since 2007

(၁၈) ကြိမ်မြောက် နိုင်ငံတကာပညာရေးပြပွဲကြီး

Certificate Foundation Diploma
Bachelor Master PhD

FREE ADMISSION!

Yangon
Date 8.Dec.2018
Time 10 AM to 1 PM
Place Sule Shangri-La Hotel
( Bago Room )
09 5103915,
09 420037616

Mandalay
Date 9.Dec.2018
Time 1 PM to 4 PM
Place Hilton Mandalay Hotel
( Amarapura Ballroom )
09 402517549
09 788493243

ဆွစ်ဇာလန် ၊ အမေရိကန် ၊ အင်္ဂလန် ၊
ဩစတြေးလျ၊ စင်ကာပူ၊ ထိုင်း၊
မလေးရှားနိုင်ငံတို့မှ တက္ကသိုလ်များ

ပွဲတက်ရောက် ကျောင်းလျှောက်ထားမည့်သူများအတွက်....

- အခမဲ့ ကျောင်းဝင်ကြေး
- အခမဲ့ ကျန်းမာရေး ဆေးစစ်ခွင့်
- အခမဲ့ လေယာဉ်လက်မှတ်

အစရှိသည့် အခွင့်အရေးများ .....

100% SCHOLARSHP & PAID INTERNSHIPS

MSI No.(234), 2nd Floor ( Right ), Shwebontha Street ( Mid Block ), Pabedan Township , Yangon.
Myanmar Search International www.msieducation.com

www.free4readers.com



# မင်းသွေး နှစ်လပြည့် တိုက်ဆိုင်မှုတွေနဲ့ သတ်ကွင်းဇာတ်ကား

ရန်ကုန်၊ ဒီဇင်ဘာ ၄ - သရုပ်ဆောင် မင်းသွေး ကွယ်လွန်ခြင်း နှစ်လပြည့်တဲ့နေ့မှာပဲ သတ်ကွင်းရုပ်ရှင်ဇာတ်ကားကြီးကို မိတ်ဆက်လိုက်ပါတယ်။ ရန်ကုန်မြို့၊ Storybook Studio မှာ ဒီဇင်ဘာလ ၃ ရက်နေ့က စာနယ်ဇင်းမိတ်ဆက်ပွဲပြုလုပ်ခဲ့တာဖြစ်ပါတယ်။

'နှစ်လပြည့်က တိုက်ဆိုင်မှုတစ်ခုဖြစ်သွားတာပေါ့နော်၊ ပထမတော့ ၄ ရက်နေ့ လုပ်ဖို့ရှိပါတယ်၊ ဒါပေမဲ့မနက်ဖြန်ကျွန်တော်ကခရီးသွားမှာဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် နှစ်လပြည့် ၃ ရက်နေ့ဖြစ်သွားတာပေါ့၊ ဘာပဲဖြစ်ဖြစ်သူနဲ့ ပတ်သက်ပြီး အမှတ်တရတွေက အများကြီး တစ်ခုပြီးတစ်ခုဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့အတွက် ပိုပြီး အမှတ်ရစေတယ်' လို့ သရုပ်ဆောင်နေတိုးကပြောတယ်။

သည်းထိတ်ရင်ဖို စွန့်စားမှုဇာတ်ကားအမျိုးအစားဖြစ်တဲ့ သတ်ကွင်းရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ သားညီက ရိုက်ကူးပုံဖော်ထားတာဖြစ်ပါတယ်။

'ဒီဇာတ်ကားမှာ ရိုက်ကွင်းနေရာတွေကိုလဲ တောထဲ တောင်ထဲမှာ တော်တော်လေးအပင်ပန်းခံပြီးတော့သွားရောက်ရိုက်ကူးထားပါတယ်၊ ဇာတ်ကားရုံတင်တဲ့အခါ ပရိသတ်တွေ သွားရောက်အားပေးပါဦးလို့ ပြောချင်ပါတယ်' လို့ ဒါရိုက်တာ သားညီက ပြောတယ်။

သတ်ကွင်းရုပ်ရှင်ဇာတ်ကားကြီးမှာ သရုပ်ဆောင် မင်းသွေး၊ စည်ဖြိုး၊ နေရဲ ညှိသည်သရုပ်ဆောင် နေတိုး၊ သက်မွန်မြင့်နဲ့ ပိုင်ဖြိုးသုတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ သည်ရုပ်ရှင်ဇာတ်ကားကြီးကို လာမယ့် ဒီဇင်ဘာလ ၁၄ ရက်နေ့မြန်မာတစ်ပြည်လုံး ရုံတင်ပြသတော့မှာလည်း ဖြစ်ပါတယ်။

သည်ရုပ်ရှင်ဇာတ်ကားဟာ မင်းသွေးမကွယ်လွန်မီ နောက်ဆုံးရိုက်ခဲ့တဲ့ဇာတ်ကားလည်း ဖြစ်ပါတယ်။ သရုပ်ဆောင်မင်းသွေးဟာ စင်ကာပူနိုင်ငံကပြန်လည်ရောက်ရှိလာပြီးအောက်တိုဘာလ ၃ရက်နေ့ကအပျော်တမ်းဘောလုံးစားရင်း ရုတ်တရက် နှလုံးရပ်ပြီး ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။ **ဇာလီထွန်း**



ရန်ကုန်မြို့၊ Storybook Studio မှာ ဒီဇင်ဘာလ ၃ ရက်နေ့က စာနယ်ဇင်းမိတ်ဆက်ပွဲပြုလုပ်ခဲ့တာဖြစ်ပါတယ်။

# ပန်းချီဝါသနာရှင်တွေ ပါဝင်ဆင်နွှဲခဲ့တဲ့ Art Workshop ပြုလုပ်

ရန်ကုန်၊ ဒီဇင်ဘာ ၄– ပန်းချီအနုပညာချစ်သူတွေအတွက် ပန်းချီပညာရှင် လေးဦးတို့က ၎င်းတို့ကိုယ်တိုင်ရေးဆွဲပြသပြီး ပန်းချီဝါသနာရှင်ကျောင်းသား၊ ကျောင်းသူတွေပါ ပါဝင်ရေးဆွဲနိုင်တဲ့ Art Workshop အစီအစဉ်ကို ပြုလုပ်ခဲ့လို့ သိရပါတယ်။ လက်တွေ့ရေးဆွဲပြသခဲ့တဲ့ အနုပညာရှင် လေးဦးတို့က ဆရာကျော်လင်း၊ ဆရာပန်းကြည်၊ ဆရာအောင်ကိုကို နှင့် ဆရာအောင်စည်သူတို့ဖြစ်ပါတယ်။



ပန်းချီအနုပညာချစ်သူတို့အတွက် အနုပညာရှင် လေးဦးဖြစ်တဲ့ ဆရာကျော်လင်း၊ ဆရာပန်းကြည်၊ ဆရာအောင်ကိုကိုနဲ့ ဆရာအောင်စည်သူ တို့ လေးဦးက Sakura Water Color, Acrylic Color, Tombow Ab-T Brush Pen, Play Color-2 အစရှိတဲ့ မီဒီယမ်မျိုးစုံအသုံးပြုပြီး ရေးဆွဲပြသခဲ့ပါတယ်။

'အပြင်မှာက ပန်းချီနဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ အခြေခံရေးတဲ့ဟာတွေကို ကျောင်းတွေမှာ သင်တာတွေလဲ အများကြီး ရှိတယ်၊ ဒီကလေးတွေကိုပန်းချီဆေးနဲ့ ပတ်သက်ပြီး ထိတွေ့စေချင်တယ်၊ ပန်းချီဆေးတွေ နိုင်ငံခြားကနေ ဘယ်လိုဝင်လာတယ်၊ ဘယ်လို အသုံးပြုလို့ရတယ်ဆိုတာမျိုးနဲ့ ပတ်သက်လို့ သူတို့ကို အသိပေးချင်တယ်၊ လုပ်တဲ့ ကုမ္ပဏီတွေကလဲ ကျောင်းသားတွေကို အဓိက ဦးစားပေးစေချင်တယ်၊ ဒါကြောင့် ဒီလိုပွဲမျိုးလုပ်ဖြစ်တာပါ' လို့ လက်တွေ့ရေးဆွဲပြသခဲ့တဲ့ ပန်းချီဆရာ အောင်ကိုကိုက ပြောပါတယ်။

အဆိုပါ Art Workshop ကိုတော့ ပန်းချီအနုပညာချစ်သူမည်သူမဆို လာရောက်ကြည့်ရှုနိုင်ရုံသာမက ကိုယ်တိုင်ပါဝင်ရေးဆွဲနိုင်ဖို့ကို Fuji Sunflower Stationery Co.,Ltd ကပံ့ပိုးကူညီထားတယ်လို့ သိရပါတယ်။

'ဒီဆေးတွေကတော့ အောက်ဒိုးအတွက်တော့ ကောင်းမယ်ထင်တယ်၊ ကျောင်းသားတွေက ပန်းချီဆွဲတာ စိတ်ဝင်တစားရှိကြပါတယ်' လို့ ပန်းချီဆရာ ပန်းကြည်က ပြောပါတယ်။ Art Workshop ကို ရန်ကုန်မြို့၊ အောင်ဆန်းကွင်းအနောက်ဘက်ရှိ OK Art Gallery တွင် မနက် ၁၀း၀၀ နာရီမှ ညနေ ၃း၃၀ နာရီအတွင်း ကျင်းပခဲ့ပါတယ်။ **ဇာလီထွန်း**

# ချစ်စရာကောင်းတဲ့ တိရစ္ဆာန်ဇာတ်ကောင်လေးတွေရဲ့ Innocent Models ပန်းချီပြပွဲ

ရန်ကုန်၊ ဒီဇင်ဘာ ၃ – 'Innocent Models' လို့ အမည်ရတဲ့ ပန်းချီပြပွဲမှာတော့ ဖြူစင်ပြီး ချစ်စရာကောင်းတဲ့ တိရစ္ဆာန်ဇာတ်ကောင်လေးတွေရဲ့ ပုံရိပ်တွေကိုသာ ရွေးချယ်ပြီး ရေးဆွဲထားတယ်လို့ သိရပါတယ်။

'ပန်းချီပြပွဲခေါင်းစဉ်လေးကိုတော့ Innocent Models လို့ အမည် ပေး ထား တယ်၊ ချစ် စ ရာ ကောင်းပြီး ဖြူစင်တဲ့ ဇာတ်ကောင်လေးတွေရဲ့ပုံကို ရေးဆွဲထားတဲ့အတွက် ဒီနာမည်လေးပေးဖြစ်တာပါ၊ အပြစ်မဲ့တဲ့ ချစ်စရာဇာတ်လိုက်ကလေးတွေပေါ့' လို့ ပန်းချီဆရာမ ရီရီခင်ကပြောတယ်။

ပန်းချီပြပွဲမှာတော့ ပန်းချီဆရာတွေဖြစ်ကြတဲ့ ဦးကျော်ဦး၊ ဒေါ်ငြိမ်းငြိမ်းအိ၊ ဒေါ်ရီရီခင်နဲ့ ဒေါ်ခိုင်ခိုင်မြင့်တို့ ရေးဆွဲထားတဲ့ ငါး၊ ကြောင်၊ ကြွက်နဲ့ ငှက်ပုံရိပ်တွေကို ရေးဆွဲပြသထားတာဖြစ်ပါတယ်။

'ကျွန်မက အဓိက ငါးလေးတွေ ရေးတာ၊ အားလုံး ၁၃ ကား ရှိပါတယ်၊ ပန်းချီဆရာလေးယောက်ပြတဲ့ ပန်းချီပြပွဲပါ၊ တစ်ယောက်က ကြောင်လေးတွေရေးတယ်၊ တစ်ယောက်က ကြွက်ကလေးတွေ ရေးတယ်၊ တစ် ယောက် က ငှက် က လေးတွေ ရေးတယ်၊ တိရစ္ဆာန်လေးတွေပဲ အဓိကပြတဲ့ပွဲပါ၊ အရင်တုန်းကလဲ ပြဖူးပါတယ်၊ ဒီတိရစ္ဆာန်လေးတွေကို စိတ်လဲဝင်စားတယ်၊ ချစ်လဲ ချစ်တယ်၊ ဒါကိုပဲ တစိုက်မတ်မတ် ရေးဖြစ်ကြပါတယ်' လို့ ဆရာမ ရီရီခင်က ပြောပါတယ်။

ပြပွဲမှာ ပြသထားတဲ့ ပန်းချီကားအမျိုးအစားတွေကတော့အခရိုင်းလစ်၊ ရေဆေး၊ ဆီဆေးနဲ့ Paper Art စတဲ့ ပန်းချီအမျိုးအစားတွေ ပါဝင်ပြီး ပန်းချီကားပေါင်း ၆၀ ကျော်ကို ပြသထား တယ်လို့ သိရပါတယ်။

'Paper Art ရေးတဲ့ ဆရာမကကျတော့ သူက ကျောင်းမှာလဲ သူ့ကျောင်းသားတွေကိုသင်တယ်၊ ဆရာအတတ်သင်မှာသင်တာပေါ့၊ အဲဒီသင်တန်းမှာ သင်တဲ့ ကားမျိုးလေးတွေကိုပြထားတာပါ၊ ကလေးတွေကျတော့ ဒါတွေကို စိတ်ဝင်စားတယ်၊ ကလေးတွေရဲ့ လက်ကလေးတွေ သန်မာအောင် လို့ဆိုပြီး Paper Art လေးကိုသုံးလို့ရတယ်၊ ပန်းချီသင်မယ်ဆိုရင် ပန်းချီဆွဲတာတစ်ခုတည်းကို မဟုတ်ဘဲ တခြားဟာတွေလဲသင်ရတယ်' လို့ ပြောပါတယ်။

အဆိုပါပြခန်းမှာ ပြသထားတဲ့ ပန်းချီကားတွေကိုတော့ ပြည်တွင်းပြည်ပရှိ ပန်းချီချစ်သူဝါသနာရှင်တွေက လာရောက်လေ့လာကြည့်ရှုကြပြီး ပန်းချီကားတွေရဲ့တန်ဖိုးကတော့အမေရိကန်ဒေါ်လာ ၅၀ ကနေ ၁၀၀ အထိ ရှိတယ်လို့ သိရပါတယ်။

'Innocent Models ပန်းချီပြပွဲကိုတော့ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနဲ့ ကုန်သည်လမ်းကြားမှာရှိတဲ့ 43 Art Gallery မှာဒီဇင်ဘာ ၁ရက်နေ့ကစပြီး ဒီဇင်ဘာ ၅ ရက်နေ့အထိ နေ့စဉ်နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ ပြသနေတယ်' လို့ သိရပါတယ်။ **ဇာလီထွန်း**



www.free4readers.com



# ဒူတာတီကို ဝေဖန်တဲ့ ဂျာနယ်လစ် တရားစွဲဆိုမှု တွေကို သွားရောက်ရင်ဆိုင်

**ဒီဇင်ဘာ ၃ –** ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတီကိုရင်ဆိုင်တိုက်ခိုက်နေတဲ့ သတင်းဝက်ဘ်ဆိုက်တစ်ခုကို ဦးဆောင်သူ ဂျာနယ်လစ်ဟာ ထောင် ၁၀ နှစ်ခန့်ကျနိုင်တဲ့ သူ့အပေါ်စွဲဆိုထားတဲ့ အခွန်ရှောင်မှုစွဲချက်တစ်ခုကိုရင်ဆိုင်ဖို့ တနင်္လာနေ့က တရားရုံးကိုကိုယ်တိုင်သွားရောက် ရင်ဆိုင်ခဲ့ပါတယ်။



ဖမ်းဝရမ်းထုတ်ခံရမယ့် အခြေအနေကြုံနေရတဲ့ Rappler သတင်းဌာနရဲ့ စီအီးအို မာရီယာရက်ဆာ။

ဖမ်းဝရမ်းထုတ်ခံရမယ့်အခြေအနေ ကြုံနေရတဲ့ Rappler သတင်းဌာနရဲ့ စီအီးအို မာရီယာရက်ဆာဟာ သူ့မွေးရပ်မြေကနေ ဖိလစ်ပိုင်ကို လေယာဉ်နဲ့ ပြန်ရောက်လာပြီး နောက်တစ်ရက်မှာပဲ မနီလာ တရားရုံးတစ်ရုံးကို ကိုယ်တိုင်လာရောက်ခဲ့ပြီးအာမခံကြေးတစ်ခု သွင်းပြီးနောက်မှာ ပြန်လွတ်လာခဲ့ပါတယ်။

လူပေါင်းထောင်ချီအသတ်ခံခဲ့ရတဲ့ မူးယစ်နှိမ်နင်းနဲ့ပတ်သက်ပြီး ဒူတာတီကို ဝေဖန်ရှုတ်ချတဲ့ သတင်းတွေရေးပြီး နောက်ပိုင်းမှာ ဒူတာတီအစိုးရအဖွဲ့က Rappler ကို ပိတ်သိမ်းဖို့ ဖိအားပေးခဲ့ပါတယ်။

ရက်ဆာဟာ ဩဇာညောင်းတဲ့ လူကုံထံတွေရဲ့ လွှမ်းမိုးမှုအောက်မှာရှိတယ်လို့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ဖိလစ်ပိုင်တရားရုံးစနစ်မှာ ရုံးတင်စစ်ဆေးခံရတော့မှာ ဖြစ်ပါတယ်။

'စွဲချက်တွေဟာ နိုင်ငံရေးလှည့်ကွက်တွေပါ၊ ခွင်ဆင်ထားတဲ့ လှည့်ကွက်တွေ' လို့ သူက သတင်းထောက်တွေကိုတရားရုံးပြင်ပမှာ ပြောကြားခဲ့ပါတယ်။

Rappler သာ အခွန်အာဏာပိုင်တွေကို အချက်အလက် အတုတွေပေးခဲ့ကြောင်း အပြစ်ထင်ရှားတွေ့ပါက ရက်ဆာဟာ ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရနိုင်ပါတယ်။ သူဟာ ဒေါ်လာ ၁၁၀၀ နဲ့ညီမျှတဲ့ အာမခံကြေးတစ်ခု ပေးသွင်းခဲ့ရပါတယ်။

သည်လိုတရားစွဲဆိုတာဟာ ဝေဖန်သူတွေကို ကြောက်ရွံ့ထိတ်လန့်သွားအောင်၊ နောင်ကြဉ်သွားအောင်လုပ်တဲ့ အစိုးရအဖွဲ့ရဲ့ အပြုအမူတစ်စိတ်အပိုင်းဖြစ်တယ်လို့ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ ဖိလစ်ပိုင်ရဲ့ သုတေသီ ကားလို့စ်ကွန်ဒီက ပြောပါတယ်။

Rappler Holdings Corp.,' ရက်ဆာနဲ့ သည်သတင်းဝက်ဘ်ဆိုက်ရဲ့ စာရင်းကိုင်တို့ဟာ ၂၀၁၅ ငွေတိုက်စာချုပ်ရောင်းချရေး အခွန်အတွက် အသားတင်အခွန်ငွေ ပီဆို ၁၆၂.၅ သန်းကို ပေးဆောင်ဖို့ ပျက်ကွက်ခဲ့တယ်လို့ အစိုးရက စွပ်စွဲပြောဆိုထားပါတယ်။

ရက်ဆာကို တရားစွဲဆိုတာဟာ ကလဲ့စားချေတာမဟုတ်ဘဲ လုပ်ရပ်မှားရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေသာဖြစ်တယ်လို့ အစိုးရက ပြောပါတယ်။

'အခွန်ဥပဒေကို ချိုးဖောက်ရင် တရားစွဲခံရမှာပဲ' လို့ ဒူတာတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဆယ်ဗာဒိုပန်နီလိုက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

'ကျွန်မကိုရာဇဝတ်ကောင်လို့ လူသိရှင်ကြားသုံးနှုန်းတဲ့ အတွက် အစိုးရအနေနဲ့ တာဝန်ခံရပါလိမ့်မယ်၊ ကျွန်မက ရာဇဝတ်ကောင် မဟုတ်ပါဘူး' လို့ရက်ဆာကပြောပါတယ်။

> “သည်လိုတရားစွဲဆိုတာဟာ ဝေဖန်သူတွေကို ကြောက်ရွံ့ထိတ်လန့် သွားအောင်၊ နောင်ကြဉ်သွား အောင်လုပ်တဲ့ အစိုးရအဖွဲ့ရဲ့ အပြုအမူ တစ်စိတ်အပိုင်းဖြစ်တယ်”

'ကျွန်မဘဝတစ်လျှောက်လုံး သတင်းထောက်တစ်ယောက် အနေနဲ့ ရပ်တည်ခဲ့တာ၊ အစိုးရကို ကိုယ့်တာဝန် ကိုယ်ယူရအောင် ကျွန်မဆက်ပြီးလုပ်ဆောင်သွားမှာပါ' လို့ သူက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

နှင်းသန့်

[ref: AFP, Dec 3, 2018.]

# ရဲထပ်ဖွဲ့ရဲ့ အဂတိလိုက်စားမှုကို တိုင်ကြားဖို့ အရေးပေါ်ဖုန်းလိုင်း ဗီယက်နမ်ဖွင့်လှစ်

**ဒီဇင်ဘာ ၄ –** ရဲတွေအဂတိလိုက်စားတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို တင်ပြနိုင်ဖို့ ပြည်သူတွေအတွက် အရေးပေါ်ဖုန်းလိုင်းတစ်ခုကို ဗီယက်နမ်မှာ စတင်ဖွင့်လှစ်လိုက်ပြီလို့ အင်္ဂါနေ့က နိုင်ငံပိုင်မီဒီယာက ကြေညာခဲ့ပါတယ်။

သည်အရှေ့တောင်အာရှနိုင်ငံမှာလာဘ်စားမှု ဖြိုခွင်းမှုတွေအတွင်း အစိုးရအရာရှိများစွာ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ဒေါ်လာသန်းရာနဲ့ချီတရားမဝင်ရှာဖွေခဲ့တဲ့ မြေအောက်အွန်လိုင်းလောင်းကစားဝိုင်းတစ်ခုကို ဦးစီးလုပ်ကိုင်နေမှုအတွက် အကြီးတန်းရဲအရာရှိ နှစ်ဦးကို ပြီးခဲ့တဲ့ သောကြာနေ့က တရားရုံးတစ်ရုံးက ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခဲ့ပါတယ်။

'တကယ်လို့တိုင်ကြားသူတွေက သူတို့ရဲ့နာမည်အပြည့်အစုံ၊ လိပ်စာနဲ့ ဖုန်းနံပါတ်တွေ မကြေညာဘူး ဒါမှမဟုတ် မပြည့်စုံတဲ့ ဝေဝါးတဲ့ လက်ဆုပ်လက်ကိုင်မဟုတ်တဲ့ သတင်းအချက်အလက်တွေကိုပေးမယ်ဆိုရင် တိုင်ကြားမှုတွေကို ထည့်သွင်းစဉ်းစားမှာမဟုတ်ပါဘူး' လို့ တရားဝင်ဗီယက်နမ်သတင်းအေဂျင်စီ (VNA) က ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဖော်ပြခဲ့ပါတယ်။

'တကယ်လို့ ဖုန်းခေါ်ဆိုသူတွေက အရာရှိတွေရဲ့ တာဝန်ဝတ္တရားကို စော်ကားခဲ့မယ်ဆိုရင်လဲ ထည့်တွက်မှာမဟုတ်ပါဘူး' လို့ တရားဝင်ဗီယက်နမ်သတင်းအေဂျင်စီ VNA က ပြောခဲ့ပါတယ်။

ဗီယက်နမ်ရဲ့အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှာ ကွန်မြူနစ်အစိုးရဟာ စီမံခန့်ခွဲမှုညံ့ဖျင်းတယ်လို့စွပ်စွဲခံရတဲ့အရာရှိပေါင်းရာနဲ့ချီကို စုံစမ်းစစ်ဆေးမှုတွေ စတင်ပြုလုပ်နေပါတယ်။

ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်းတစ်ဦးအပါအဝင် နိုင်ငံပိုင်အင်တာပရိုက်စ်လုပ်ငန်းတွေက အမှုဆောင်အရာရှိပေါင်းများစွာကို စီမံခန့်ခွဲမှုညံ့ဖျင်းမှုနဲ့ အလွဲသုံးစားလုပ်မှုအတွက် ထောင်ဒဏ်ချမှတ်ခဲ့ပါတယ်။

သည်လို ရာထူးကြီးသူတွေရဲ့ ဖြစ်ရပ်အပြင် အသေးစားအပြစ်ချိုးဖောက်မှုတွေအတွက် ယာဉ်မောင်းတွေက ယာဉ်ထိန်းရဲကို လာဘ်ငွေပေးပြီး ဖြေရှင်းတာလိုမျိုး အသေးစားအဂတိလိုက်စားမှုတွေလည်း ဗီယက်နမ်မှာ ရှိနေပြီဖြစ်ပါတယ်။

သည်အရေးပေါ်ဖုန်းလိုင်းကို ရိုက်တာရဲ့ခေါ်ဆိုမှုကို ဖြေကြားခဲ့တဲ့ အရာရှိတစ်ဦးက သည်ဖုန်းလိုင်းဟာ အရင်က ယာဉ်ထိန်းရဲတွေကိုသာတိုင်ကြားဖို့ အသုံးပြုဖူးပြီး အခုတော့ ရဲတစ်ဖွဲ့တစ်ခုလုံးမှာ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး တိုင်ကြားမှုတွေကို လက်ခံနေပြီလို့ ပြောပါတယ်။

မီဒီယာကို ပြောရေးဆိုခွင့်ရှိသူ မဟုတ်တဲ့ အတွက်ကြောင့် သည်ဖုန်းလိုင်းကို တစ်နေ့ဘယ်နှကြိမ်ဖုန်းခေါ်ဆိုသလဲဆိုတဲ့ အရေအတွက်ကိုတော့ သည်အရာရှိက မဖော်ပြခဲ့ပါဘူး။ **မေသက်**

[ref: Reuters. Dec 4, 2018]

# အာဂျင်တီးနားနဲ့ ဒေါ်လာ ကိုးဘီလျံဖိုး ငွေကြေးလဲလှယ်ဖို့ တရုတ်သဘောတူခဲ့

**ဒီဇင်ဘာ ၃ –** အကျပ်အတည်းတွေ့နေတဲ့ တောင်အမေရိကနိုင်ငံရဲ့ ပြည်ပအရန်ငွေကြေးကို တိုးမြှင့်ပေးမယ့် ဒေါ်လာ ကိုးဘီလျံဖိုး ငွေကြေးလဲလှယ်ရေးသဘောတူစာချုပ်တစ်ခုကို တရုတ်နဲ့အာဂျင်တီးနားတို့လက်မှတ်ရေးထိုးခဲ့ကြောင်း အာဂျင်တီးနားဗဟိုဘဏ်က တနင်္ဂနွေနေ့မှာ ကြေညာခဲ့ပါတယ်။

သည်နှစ်အစောပိုင်းမှာ ငွေကြေးအကျပ်အတည်းဖြစ်ခဲ့တဲ့ လက်တင်အမေရိကရဲ့ တတိယစီးပွားရေးအင်အားအကြီးဆုံးတိုင်းပြည်ဟာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့အကူအညီကို တောင်းခံခဲ့ပြီး သည်အဖွဲ့က ဒေါ်လာ ၅၆ ဘီလျံ ထုတ်ချေးဖို့ သဘောတူခဲ့ပါတယ်။

'အခုနောက်ဆုံး သဘောတူညီချက်ကြောင့် နိုင်ငံရဲ့ငွေကြေးတည်ငြိမ်မှုအတွက် အထောက်အပံ့ဖြစ်စေသလို တရုတ်–အာဂျင်တီးနားကုန်သွယ်ရေးအတွက် ပိုမိုချောမွေ့စေတယ်' လို့ အာဂျင်တီးနားဘဏ်က ပြောကြားခဲ့ပါတယ်။

ငွေကြေးဖောင်းပွမှုကိုကာကွယ်တဲ့ အနေနဲ့ ကြိုတင်သတ်မှတ်ငွေလဲနှုန်းတစ်ခုနဲ့ သတ်မှတ်ထားတဲ့ နိုင်ငံခြားငွေကြေးပမာဏတစ်ခုကို လဲလှယ်ဖို့ နှစ်နိုင်ငံ သဘောတူခဲ့ကြတာဖြစ်ပါတယ်။ အာဂျင်တီးနားဗဟိုဘဏ်အနေနဲ့ သည်ငွေကိုအရေးပေါ်ကာလမှာ ထုတ်ယူသုံးစွဲနိုင်ပါတယ်။

အာဂျင်တီးနားသမ္မတ မော်ရီစီယိုမက်ခရီရဲ့ ဖိတ်ကြားချက်အရ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့တွေ့ဆုံခဲ့ချိန်မှာ အခုလို သဘောတူခဲ့တာဖြစ်ပါတယ်။

နှစ်နိုင်ငံကြားကုန်သွယ်ရေးနဲ့ ငွေကြေးဆိုင်ရာ သဘောတူညီချက် အခု ၃၀ ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

'စီးပွားရေး၊ စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာနဲ့ အခြေခံအဆောက်အအုံကိစ္စတွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်သွားမယ်' လို့ ရှီက သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ဘရာဇီးပြီးနောက်တရုတ်ဟာ အာဂျင်တီးနားရဲ့ ဒုတိယအကြီးဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်ပါတယ်။

၂၀၁၄ ကလည်း တရုတ်နဲ့ အာဂျင်တီးနားကြား ဒေါ်လာ ၁၁ ဘီလျံတန်ဖိုးရှိ ငွေကြေးလဲလှယ်စာချုပ်ကို ချုပ်ဆိုခဲ့ကြဖူးပါတယ်။

**နှင်းသန့်** [ref: AFP. Dec 3, 2018]

www.free4readers.com





ပထမအကြိမ် တွေ့ဆုံပွဲမှာ ကင်မ်နဲ့ ထရမ့်တို့က ဗျူကလီးယား ကင်းစင်အောင်ပြုလုပ်ဖို့ သဘောတူခဲ့ကြပေမဲ့ တိုးတက်မှုမရှိသလောက် ဖြစ်ခဲ့ပါတယ်။

# ထရမ့်က ကင်မ်ကို သဘောကျပြီး သူ့ဆန္ဒ ဖြည့်ဆည်းပေးဖို့ အသင့်ရှိနေဟု ဆို

**ဒီဇင်ဘာ ၃** – သမ္မတဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းကိုသူနှစ်သက်ပြီး သူ့ရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးမယ်ဆိုတဲ့အကြောင်းကို ကင်မ်ကိုသိစေချင်ကြောင်း အာဂျင်တီးနားမှာ ကျင်းပတဲ့ စီးပွားရေးညီလာခံမှာ အမေရိကန်သမ္မတနဲ့ တွေ့ဆုံပြီးနောက်တစ်ရက် တနင်္ဂနွေနေ့မှာ တောင်ကိုရီးယားသမ္မတမွန်းဂျေအင်းက ပြောကြားခဲ့ပါတယ်။

သည်နှစ်အစောပိုင်းမှာ သဘောတူထားတဲ့အတိုင်း မကြာခင်မှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းက ဆိုးလ်ကို ပထမဆုံးအကြိမ် လာရောက်လည်ပတ်ကာ မွန်းနဲ့တွေ့ဆုံမှာဖြစ်ပါတယ်။ ထရမ့်က မွန်းကို သည်တွေ့ဆုံပွဲအတွက် စကားပါးလိုက်တယ်လို့ ဆိုပါတယ်။

'သမ္မတကြီးထရမ့်က ဥက္ကဋ္ဌကြီး ကင်မ် ကို လို လား တဲ့ အကြောင်း' စကားပါးလိုက်တယ်လို့ အာဂျင်တီးနားကနေ နယူးဇီလန်ကို လေယာဉ်နဲ့ မထွက်ခွာခင်မှာ မွန်းက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

'ကျန်ရှိနေသေးတဲ့ သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်ဖို့နဲ့ ဥက္ကဋ္ဌကြီးကင်မ်ရဲ့ ဆန္ဒကို လိုက်လျောပေးချင်ကြောင်း သူကကျွန်တော့်ကိုစကားပါးလိုက်ပါတယ်'

ဇွန်လက ထရမ့်နဲ့ ကင်မ်တို့ စင်ကာပူမှာ တွေ့ဆုံခဲ့ပြီး ဇန်နဝါရီ သို့မဟုတ် ဖေဖော်ဝါရီလမှာ မြောက်ကိုရီးယားခေါင်းဆောင်နဲ့ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံလိုကြောင်းနဲ့ ကျင်းပမယ့်နေရာကို စဉ်းစားနေကြောင်း ထရမ့်က စနေနေ့ မှာ ပြောကြားခဲ့ပါတယ်။

'ကျွန်တော်တို့ ဆက်ဆံရေး ကောင်းမွန်ပါတယ်' လို့ G20 ညီလာခံမှ အပြန် အဲဖို့စ်ဝမ်း လေယာဉ်ပေါ်မတက်ခင်မှာ ထရမ့်က သတင်းထောက်တွေကိုပြောကြားခဲ့ပါတယ်။ တစ်ချိန်ချိန်မှာ ကင်မ်ကို အမေရိကန်ကို လာရောက်လည်ပတ်ဖို့ ဖိတ်ဖို့ရှိကြောင်း ထပ်လောင်း ပြောကြားခဲ့ပါတယ်။

ပထမအကြိမ် တွေ့ဆုံပွဲမှာ ကင်မ်နဲ့ ထရမ့်တို့က ဗျူကလီးယား ကင်းစင်အောင်ပြုလုပ်ဖို့ သဘောတူခဲ့ကြပေမဲ့ တိုးတက်မှုမရှိသလောက်ဖြစ်ခဲ့ပါတယ်။

အမေရိကန်သမ္မတ ထရမ့်နဲ့ တရုတ်သမ္မတရှီကျင့်ဖျင်တို့တွေ့ဆုံအပြီးမှာ ကိုရီးယားကျွန်းဆွယ် ဗျူကလီးယားကင်းစင်ရေးအတွက် လက်တွဲလုပ်ဆောင်ဖို့ သဘောတူခဲ့ကြောင်း အိမ်ဖြူတော်က စနေနေ့မှာ ထုတ်ပြန်ပြောကြားခဲ့ပါတယ်။

“
ဇန်နဝါရီ သို့မဟုတ်
ဖေဖော်ဝါရီလမှာ
မြောက်ကိုရီးယားခေါင်းဆောင်နဲ့
ဒုတိယအကြိမ်
ထပ်မံတွေ့ဆုံလိုကြောင်းနဲ့
ကျင်းပမယ့်နေရာကို စဉ်းစားနေ
”

၁၉၅၀ နောက်ပိုင်း သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့တဲ့ အမေရိကန်–မြောက်ကိုရီးယား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့ကြောင်း ကင်မ်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိကြောင်းထရမ့်ကမကြာခဏထုတ်ဖော်ပြောကြားလေ့ရှိပါတယ်။

ကင်မ်–ထရမ့် ဒုတိယအကြိမ်တွေ့ဆုံပွဲဟာ ဝေဖန်ရှုတ်ချမှုတွေကြား နစ်နေတဲ့ မြောက်ကိုရီးယားရဲ့ ဗျူကလီးယားဖျက်သိမ်းရေးကိစ္စနဲ့ပတ်သက်ပြီး သက်သေပြစရာကိစ္စတစ်ခုဖြစ်လာနိုင်တယ်လို့ မွန်းက ပြောကြားခဲ့ပါတယ်။

**နှင်းသန့်**

[ref: Reuters, Dec 3, 2018.]

# ပြင်သစ်အစိုးရက လောင်စာဆီအခွန် တိုးမြှင့်မှုကို ရပ်ဆိုင်းဖို့ ပြင်ဆင်နေ

**ဒီဇင်ဘာ ၄** – လောင်စာဆီဈေးတိုးမြှင့်မှုကိုဆန့်ကျင်တဲ့ ဆူပူဆန္ဒပြမှုတွေ ဖြစ်ပေါ်ပြီးနောက် ပြင်သစ်အစိုးရဟာ လောင်စာဆီအခွန်တိုးမြှင့်မှုကို ရပ်ဆိုင်းဖို့ ပြင်ဆင်နေတယ်လို့ အစိုးရအရင်းအမြစ်တစ်ခုက အင်္ဂါနေ့က ပြောခဲ့ပါတယ်။

အင်္ဂါနေ့ ညနေပိုင်းမှာ သည်ရပ်ဆိုင်းမှုကို ပြင်သစ်ဝန်ကြီးချုပ် အက်ဒွပ်ဖီးလစ်က ကြေညာဖို့ရှိတယ်လို့ သည်အရင်းအမြစ်က ထပ်ပြောခဲ့ပြီး ဒါဟာ ၂၀၁၇ ခုနှစ်ကစတင်ပြီး သမ္မတအီမန်နျူယယ်မက်ခရွန်ရဲ့ အဓိကမူဝါဒတွေကို ပထမဆုံး ထူးခြားတဲ့ နောက်ပြန်လှည့်မှုဖြစ်ပါတယ်။

'ကုတ်အင်္ကျီဝါ' ဆန္ဒပြမှုလို့ခေါ်နေကြတဲ့ နိုဝင်ဘာ ၁၇ရက်က စတင်ခဲ့တဲ့ ဆန္ဒပြမှုဟာ မက်ခရွန်ရဲ့ဒီဇယ်ကို အခွန်တိုးကောက်မှုကြောင့် စတင်ဖြစ်လာခဲ့တာဖြစ်ပြီး အိမ်သုံးစရိတ်ကို အကျပ်အတည်းဖြစ်စေတယ်လို့ ဆန္ဒပြသူတွေက ရှုတ်ချခဲ့ကြပါတယ်။ သမ္မတမက်ခရွန်ကတော့ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ဖို့နဲ့ ရာသီဥတုပြောင်းလဲမှုကို တိုက်ပွဲဝင်ဖို့အတွက် သည်လိုလုပ်ဖို့လိုအပ်တယ်လို့ ပြောကြားခဲ့ပါတယ်။

သည်ဆန္ဒပြပွဲတွေဟာ ပိုကြီးမားပြီး ယေဘုယျအားဖြင့် မက်ခရွန်ကိုဆန့်ကျင်တဲ့ ထကြွမှုကြီးဖြစ်လာကာသမ္မတဟာပြင်သစ်လူ့အဖွဲ့အစည်းထဲက ချမ်းသာကြွယ်ဝတဲ့သူတွေကို အလေးပေးတဲ့ မူဝါဒတွေကို လုပ်ဆောင်နေတယ်လို့ အများစုက ဝေဖန်ထားကြပါတယ်။

သည်ကုတ်အင်္ကျီဝါ ဆန္ဒပြမှုက ပြင်သစ်စီးပွားရေးကိုသိန်းနဲ့ချီ ထိခိုက်စေခဲ့တယ်လို့ ခန့်မှန်းထားပါတယ်။ **မေသက်**

[ref: Reuters, Dec 4, 2018.]

# သီရိလင်္ကာရဲ့ ဖြုတ်ချခံဝန်ကြီးချုပ်က သမ္မတကို ဟစ်တလာနဲ့ နှိုင်းနှိုင်း

**ဒီဇင်ဘာ ၄** – သီရိလင်္ကာရဲ့ဖြုတ်ချခံဝန်ကြီးချုပ်က ရာထူးပြန်ခန့်အပ်ပေးဖို့ တောင်းဆိုချိန်မှာ သမ္မတကို ဟစ်တလာနဲ့ နှိုင်းနှိုင်းခဲ့ပါတယ်။

ရာနီးဝစ်ခရီမက်ဆင်ဟီက နိုင်ငံတော်ခေါင်းဆောင်ကို တိုက်ရိုက်ပြောတဲ့ အပြင်းထန်ဆုံးစကားကို ဝန်ကြီးချုပ်အိမ်တော်မှာ ပြောခဲ့တာဖြစ်ပါတယ်။ သူဟာ အောက်တိုဘာလက ရာထူးကဖြုတ်ချပြီးနောက်ပိုင်း ဝန်ကြီးချုပ်အိမ်တော်ကနေ ပြောင်းရွှေ့ဖို့ ငြင်းဆန်ပြီး ဆက်လက်နေထိုင်နေပါတယ်။

'လွှတ်တော်မှာ အမတ်အများစုကို ဆင့်ခေါ်ပြီး သမ္မတက ကျွန်တော့်ကို ဝန်ကြီးချုပ်ရာထူး ပြန်ခန့်အပ်ပေးပါ' လို့ သူက ဆိုပါတယ်။

'အခြေခံဥပဒေကို ကျော်လွှားပြီးလုပ်တဲ့ ဟစ်တလာလိုမျိုးမလုပ်ပါနဲ့လို့ သမ္မတကို ကျွန်တော်ပြောလိုက်ပါတယ်၊ ကျွန်တော်တို့ သူ့ကို ဒီလိုလုပ်ခွင့်ပေးမှာမဟုတ်ပါဘူး'

သမ္မတ မိုင်သရီပါလာ ဆရီဆန်နာဟာ ဝစ်ခရီမက်ဆင်ဟီကို ရာထူးကဖြုတ်ချပြီး သူ့နေရာမှာ ၂၀၀၉ ခုနှစ်က တမီးလ်ခွဲထွက်ရေးသူပုန်တွေနဲ့ သီရိလင်္ကာပြည်တွင်းစစ် အဆုံးသတ်နိုင်စေခဲ့တဲ့ သမ္မတဟောင်း မဟင်ဒါရာဂျာပက်ဆီကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ပါတယ်။

ဒါပေမဲ့ ဝစ်ခရီမက်ဆင်ဟီကို ထောက်ခံသူတွေက လွှတ်တော်မှာ အမတ်နေရာအများစုကို ဆက်လက်ရရှိထားပြီး အခုကာလတွေမှာ အမတ်တွေအချင်းချင်း ရန်ပွဲတွေ ဖြစ်ခဲ့တဲ့အပြင် ရာဂျာပက်ဆီဟာ အယုံအကြည်မရှိ အဆိုနှစ်ခုမှာ အရေးနိမ့်ခဲ့ပါတယ်။

တနင်္လာနေ့က အယူခံတရားရုံးဟာ ရာဂျာပက်ဆီကို ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခွင့် ရပ်သိမ်းလိုက်ပြီး သူ့အစိုးရအဖွဲ့ရဲ့အာဏာတွေကို သိမ်းယူလိုက်ပါတယ်။ ရာဂျာပက်ဆီဟာ သူနဲ့ သူ့အစိုးရအဖွဲ့ ဥပဒေနဲ့ညီညွတ်ကြောင်းကို ဒီဇင်ဘာ ၁၂ ရက် နောက်ဆုံးထားပြီး သက်သေပြရမှာဖြစ်ပါတယ်။

ရာဂျာပက်ဆီရဲ့အတိုက်အခံဟောင်းဖြစ်ခဲ့တဲ့ ဆီရီဆန်နာက တကယ်လို့ လွှတ်တော်မှာရှိတဲ့ အမတ် ၂၂၅ ဦးစလုံးကဝစ်ခရီမက်ဆင်ဟီကို ထောက်ခံရင်တောင် သူက ရာထူးပြန်ခန့်မှာမဟုတ်ဘူးလို့ တနင်္လာနေ့က လွှတ်တော်အမတ်တစ်ဖွဲ့ကို ပြောခဲ့ပါတယ်။



သီရိလင်္ကာရဲ့ ဖြုတ်ချခံဝန်ကြီးချုပ် ရာနီးဝစ်ခရီမက်ဆင်ဟီ။

ရာဂျာပက်ဆီ က သူ့ကို ထောက်ခံသူတွေကို စိတ်အေးအေးထားကြဖို့နဲ့ ရွေးကောက်ပွဲကို သတ်မှတ်ရက်ထက် နှစ်နှစ်စောပြီး ကျင်းပဖို့ ဖိအားပေးရေးမှာ ပါဝင်ကြဖို့တနင်္လာညက တိုက်တွန်းခဲ့ပါတယ်။

သည်အတောအတွင်း ဆရီဆန်နာက သူနဲ့ ဆွေးနွေးခဲ့တဲ့ တမီးလ်အမတ်တွေကို နိုင်ငံရေးကွက်လပ်ကို ၂၄ နာရီအတွင်း ဖြေရှင်းမယ်လို့ တနင်္လာညက ပြောခဲ့ပါတယ်။

တရားရုံးချုပ်ကလည်း နိုဝင်ဘာလတုန်းကလွှတ်တော်ကို ဖျက်သိမ်းခဲ့တဲ့ဆရီဆန်နာရဲ့လုပ်ရပ်ဟာ အခြေခံဥပဒေနဲ့ ညီညွတ်ခြင်းရှိ မရှိ ကို သည်တစ်ပတ် အတွင်း ဆုံးဖြတ်ဖွယ်ရှိပါတယ်။ **စုပြည့်စုံ**

[ref: AFP, Dec 4, 2018.]

www.free4readers.com



# ခမ်းနားကြီးကျယ်တဲ့ မင်္ဂလာဆောင်တွေကို တရုတ်စတင်နှိမ်နင်း



မင်္ဂလာအသစ်ဆောင်ကြတဲ့စုံတွဲ ၄၂ ရာခိုင်နှုန်းမှာ မင်္ဂလာနေ့အတွက် ယွမ် ၅၀,၀၀၀ကနေ ၁၀၀,၀၀၀ကြားသုံးစွဲကြတယ်။

**ဒီဇင်ဘာ ၄** – ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲတွေ ကျင်းပဖို့အတွက် ကုန်ကျစရိတ်ဟာ ၂၀၂၁ ခုနှစ်လောက်မှာ ယွမ် သုံးထရီလျံအထိ နှစ်ဆတိုးလာနိုင်ကြောင်း အဖွဲ့တစ်ခုက ကြေညာခဲ့ပြီးနောက် တရုတ်ပြည်သူ့ရေးရာဝန်ကြီးဌာနက အများသဘောဆန္ဒအရစည်းစိမ်ခံ မင်္ဂလာ ဆောင် တွေ ကို နှိပ်ကွပ် မယ် လို့ ကြေညာ ခဲ့ ပါတယ်။

မနှစ်က မင်္ဂလာဆောင်အတွက် သုံးစွဲတဲ့ငွေပမာဏဟာ ယွမ် ၁.၄၇ ထရီလျံရှိခဲ့ပေမဲ့ ၂၀၁၈ မှာ ၂၄ရာခိုင်နှုန်းကျော်ပိုမိုမြင့်တက်မယ်လို့ခန့်မှန်းထားတယ်လို့ ရှန်ဟိုင်း အခြေစိုက် ASKCI သုတေသနအဖွဲ့က ထုတ်ပြန်တဲ့ လေ့လာချက်အရသိရပါတယ်။

အစိုးရအချက်အလက်တွေအရ မင်္ဂလာဆောင်သူအရေအတွက် ကျဆင်းခဲ့ပေမဲ့ မင်္ဂလာပွဲစီစဉ်လုပ်ကိုင်ပေးတဲ့လုပ်ငန်းတွေ ပိုမိုများပြားလာပါတယ်။

'လူဦးရေများတဲ့နိုင်ငံဖြစ်တာကြောင့် မင်္ဂလာဆောင်စီစဉ်လုပ်ကိုင်ပေးတဲ့လုပ်ငန်းလိုအပ်မှုဟာ မြင့်မားနေဆဲ ဖြစ်တယ်' လို့ ASKCI က ပြောကြားခဲ့ပါတယ်။

မင်္ဂလာအသုံးစရိတ်တရိပ်ရိပ်မြင့်တက်လာမှုဟာ အစိုးရကွန်မြူနစ်ပါတီလမ်းစဉ်နဲ့သွေဖည်နေပြီး သည်လို ခမ်းခမ်းနားနားကျင်းပတာဟာ ဆိုရှယ်လစ်စံနှုန်းအရ မလုပ်အပ်တဲ့အပြုအမူဖြစ်ကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနကပြောကြားခဲ့ပါတယ်။

မင်္ဂလာပွဲတွေကို ဆိုရှယ်လစ်တန်ဖိုးနဲ့အညီ တရုတ်ရိုးရာထုံးတမ်းအတိုင်းလက်ထပ်ပြီး မိသားစုတည်ဆောက်ကြဖို့ ဝန်ကြီးဌာနက အလေးထားပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်က ပြုလုပ်ခဲ့တဲ့သုတေသနအရ မင်္ဂလာအသစ်ဆောင်ကြတဲ့စုံတွဲ ၄၂ရာခိုင်နှုန်းမှာ မင်္ဂလာနေ့အတွက် ယွမ် ၅၀,၀၀၀ကနေ ၁၀၀,၀၀၀ကြား သုံးစွဲကြကြောင်း တရုတ်မင်္ဂလာပွဲဆိုင်ရာကျွမ်းကျင်သူ ဟန်လီကျိ က ပြောကြားခဲ့ပါတယ်။

အနည်းဆုံး ၂၃ရာခိုင်နှုန်းဟာ မင်္ဂလာစရိတ်ယွမ် ၁၀၀,၀၀၀ နဲ့ ၂၀၀,၀၀၀ ကြား သုံးစွဲခဲ့ကြပြီး ငါး ရာ ခိုင် နှုန်း က တော့ ယွမ် ၃၀၀,၀၀၀ အထက် သုံးစွဲခဲ့ကြပါတယ်။

အခုလို ငွေကြေးဖြုန်းတီးနေတာကို ပြည်သူ့ရေးရာဝန်ကြီးက ပြစ်တင်ရှုတ်ချခဲ့ပါတယ်။

'ငွေကြေးဖြုန်းတီး ကြီးကြီးကျယ်ကျယ်ကျင်းပတဲ့မင်္ဂလာပွဲကို ရှောင်ရှားပြီး ရိုးရာထုံးတမ်း အတိုင်း ချွေတာစုဆောင်းနိုင်တဲ့ မင်္ဂလာပွဲကိုကျင်းပသင့်ကြောင်း' ဝန်ကြီး ဌာနက ဖော်ပြထားပါတယ်။

**နှင်းသန့်**

[ref: Atimes, Dec 4, 2018.]

# မင်္ဂလာပွဲမှာ ဆင်တွေ၊ မြင်းတွေ အသုံးပြုခဲ့တဲ့အတွက် ပရီယန်ကာချိုပရာ ပြင်းပြင်းထန်ထန်ဝေဖန်ခံရ

**ဒီဇင်ဘာ ၄** – သည်သီတင်းပတ်ကုန်မှာကျင်းပခဲ့တဲ့မင်္ဂလာပွဲမှာ မီးရှူးမီးပန်းတွေ ပစ်ဖောက်ခဲ့တဲ့အပေါ် ပတ်ဝန်းကျင်ညစ်ညမ်းအောင်လုပ်တယ်ဆိုပြီးပရီယန်ကာချိုပရာနဲ့ နစ်ဂျိုးနပ်စ်တို့ကို အစောပိုင်းမှာ ဝေဖန်ခဲ့ကြပါတယ်။

အခု လည်း အိန္ဒိယနိုင်ငံဂျော့ချ်ပူရ်မှာကျင်းပတဲ့ မင်္ဂလာအခမ်းအနားမှာ ဆင်တွေ၊ မြင်းတွေကို သုံးစွဲခဲ့တဲ့အတွက် တိရစ္ဆာန်အခွင့်အရေးလှုပ်ရှားရေးအဖွဲ့ Peta က ထပ်မံဝေဖန်ခဲ့ပြန်ပါတယ်။

'ပရီယန်ကာဟာ မီးရှူးမီးပန်းတွေနဲ့ သရုပ်ပျက်အောင်လုပ်ရုံ[illegible]ဘူး၊ တိရစ္ဆာန်တွေကိုပါ အလွဲသုံးစားလုပ်တယ်' လို့ ပတ်တာအိန္ဒိယရဲ့စီအီးအိုမန်နီလာဗယ်လီယက်က ပြောကြားခဲ့ပါတယ်။

'ကိုယ်ခိုင်းသလို ငြင်းဆန်ခွင့်မရှိဘဲ လုပ်ရမယ့်တိရစ္ဆာန်တွေကို ညှဉ်းပန်းခိုင်းစေတာဟာ လူပုဂ္ဂိုလ်ကို ကြီးမြတ်အောင် လုပ်ရာမရောက်ဘဲ သိမ်ငယ်အောင်ပဲလုပ်ရာရောက်တယ်' လို့သူက ပြောပါတယ်။

မင်္ဂလာပွဲမှာ မိသားစုမိတ်သဟာနဲ့အတူ ကကြိုးဆင်ထားတဲ့ ဆင်တွေ၊ မြင်းတွေ စီးတာဟာ အိန္ဒိယမှာ တွေ့မြင်ရလေ့ရှိတဲ့ ရိုးရာတစ်ခုဖြစ်ပါတယ်။

အမေရိကန်အဆိုတော်ဂျိုးနပ်စ်(၂၆နှစ်)ဟာ မြင်းစီးခဲ့သလို သူနဲ့ဘောလိဝုဒ်စူပါစတား ချိုပရာ(၃၆နှစ်)တို့ဟာ ဆင်စီးပြီး အူမိတ်ဘဟာဝမ်တော်ဝင်နန်းတော်ဝင်းထဲမှာ လည်ပတ်ခဲ့ကြတယ်လို့ ပြောကြပါတယ်။

'ဆင်တွေ၊ မြင်းတွေမပါတဲ့ မင်္ဂလာပွဲကို လူတွေက သဘောကျနေကြပါပြီ၊ ဂုဏ်ယူပါတယ်၊ ဒါပေမဲ့ တိရစ္ဆာန်တွေအတွက်တော့ ပျော်စရာနေ့တော့မဟုတ်လောက်ဘူးထင်တယ်' လို့ပတ်တာအိန္ဒိယက ရေးသားထားပါတယ်။

ရင်ကျပ်ရောဂါသည်တွေကို ကူညီတဲ့လှုပ်ရှားမှုအဖွဲ့ရဲ့ပြောခွင့်ရှိသူပရီယန်ကာက စနေနေ့မှာ ပြုလုပ်ခဲ့တဲ့ မီးရှူးမီးပန်းပြပွဲကို လုံးဝရှုတ်ချကြောင်း ပြောကြားခဲ့ပါတယ်။ ဒီပါဝလီနေ့မှာ မီးရှူးမီးပန်းတွေကို မဖောက်ကြဖို့ မကြာသေးခင်ကမှ ပြည်သူတွေကို သူက တိုက်တွန်းခဲ့ပါတယ်။

ဒါပေမဲ့ သူတို့ရဲ့မင်္ဂလာအသုံးစရိတ်က လူပြောစရာ ဖြစ်ခဲ့ပါတယ်။ ဥပမာအနေနဲ့ သီတင်းပတ်ကုန်နှစ်ရက်အတွက် အူမိတ်ဘဟာဝမ်နန်းတော်တစ်ခုလုံးကို ဒေါ်လာ၄၆၁,၀၀၀ နဲ့ငှားရမ်းခဲ့ပါတယ်။



မင်္ဂလာပွဲကို တက်ရောက်မယ့် ဧည့်သည်တွေ ရဟတ်ယာဉ်နဲ့ လာနိုင်ဖို့အတွက် ရဟတ်ယာဉ်ကွင်းစီစဉ်ပေးခဲ့ကြောင်း နန်းတော်က ထုတ်ပြန်ခဲ့ပါတယ်။ **နှင်းသန့်**

[ref: TST, Dec 4, 2018.]

# အရေးပေါ်ဆင်းသက်ခဲ့ပြီးနောက် ဗီယက်ဂျက်လေယာဉ်မှူးနှစ်ယောက်ကို တာဝန်ဆိုင်းငံ့

**ဒီဇင်ဘာ ၃** – ပြီးခဲ့တဲ့ သီတင်းပတ်က ဗီယက်နမ်မှာ အရေးပေါ်လေယာဉ်ဆင်းသက်ခဲ့တဲ့ ဗီယက်ဂျက်လေယာဉ်မှူးနှစ်ယောက်ကို သူတို့ရဲ့ လေယာဉ်မောင်းခွင့်လိုင်စင်တွေ ယာယီဆိုင်းငံ့ခဲ့ပါတယ်။

သည်ဆုံးဖြတ်ချက်ကိုဗီယက်နမ်လေကြောင်းအာဏာပိုင်အဖွဲ့ (CAAV) က ချမှတ်ခဲ့တာလို့ ဗီယက်နမ်နယူးစ်အေဂျင်စီက တနင်္လာနေ့ကသတင်းဖော်ပြထားပါတယ်။ လိုင်စင်နဲ့ပတ်သက်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ကို အလုံးစုံစစ်ဆေးမှုပြုလုပ်အပြီးမှာ ချမှတ်သွားမယ်လို့ ဖော်ပြထားပါတယ်။

နိုဝင်ဘာ ၂၉ ရက်က ဟိုချီမင်းကနေ ဘွန်မာသောက်ကို ပျံသန်းတဲ့ VJ356 လေယာဉ်ခရီးစဉ်ဟာ ခက်ခက်ခဲခဲနဲ့ အရေးပေါ်ဆင်းသက်ခဲ့ရပါတယ်။

လေယာဉ်အရှေ့ဘီးတွေမှာ ပြဿနာတက်ခဲ့တဲ့အတွက်လို့ သိရပါတယ်။

လေယာဉ်ပြေးလမ်းနဲ့ စထိချိန်မှာ ရှေ့ဘီးတွေဟာ ပုံမှန်အတိုင်းရှိနေသေးပေမဲ့ နောက်ပိုင်း လေယာဉ်ရွေ့နေသေးချိန်မှာ ပေါက်ကွဲထွက်ခဲ့ပြီး အနည်းငယ်ပျက်စီးခဲ့ပါတယ်။

လေယာဉ်ဝန်ထမ်းတွေက လေယာဉ်ပေါ်ကနေ ခရီးသည် ၂၀၇ယောက်ကို အရေးပေါ်ကယ်ထုတ်ခဲ့ရတယ်လို့ လေကြောင်းအာဏာပိုင်က ပြောပါတယ်။

**နှင်းသန့်**

[ref: Bernama. Dec 3, 2018.]

www.free4readers.com






ပေဂျာတွေဟာ တစ်ချိန်က အလွန်အမင်း အသုံးများခဲ့ပေမဲ့ လက်ရှိအချိန်မှာ သုံးစွဲမှုအရေအတွက်က ၁၅၀၀အောက်ကို ရောက်ရှိခဲ့တယ်။

# နှစ်ပေါင်း ၅၀ အကြာ ဂျပန်ရဲ့ နောက်ဆုံးပေဂျာဆက်သွယ်ရေးလုပ်ငန်း အဆုံးသတ်

**ဒီဇင်ဘာ ၄** – ဂျပန်ရဲ့နောက်ဆုံးလက်ကျန် ပေဂျာလုပ်ငန်းက လာမယ့်နှစ်မှာ သူ့ရဲ့ဝန်ဆောင်မှုကိုအပြီးတိုင်ရပ်ပစ်တော့မယ်လို့ တနင်္လာနေ့က ကြေညာခဲ့တာကြောင့် နှစ် ပေါင်း ၅၀ ကြာ ပြီး နောက်မှာ ဂျပန်နိုင်ငံမှာ ပေဂျာခေတ် နိဂုံးချုပ်တော့မှာ ဖြစ်ပါတယ်။

ကျန်ရှိနေသေးတဲ့ တစ်ခုတည်းသော ပေဂျာဝန်ဆောင်မှုဖြစ်တဲ့ Tokyo Telemessage ဟာ ၂၀၁၉ စက်တင်ဘာမှာ တိုကျိုနဲ့ အနီးဝန်းကျင်နေရာသုံးခုဆီပေးနေတဲ့ သူ့ရဲ့ဝန်ဆောင်မှုကိုအဆုံးသတ်လိုက်ဖို့ဆုံးဖြတ်လိုက်ပြီး သည့်အတွက် 'အရမ်းကိုဝမ်းနည်းတယ်' လို့ ဖော်ပြခဲ့ပါတယ်။

'ပေဂျာတွေဟာ တစ်ချိန်က အလွန်အမင်း အသုံးများခဲ့ပေမဲ့ လက်ရှိအချိန်မှာ သုံးစွဲမှုအရေအတွက်က ၁၅၀၀အောက်ကိုရောက်ရှိခဲ့တယ်' လို့သည်ကုမ္ပဏီကထုတ်ပြန်ချက်တစ်ခုမှာပြောခဲ့ပြီး လွန်ခဲ့တဲ့နှစ် ၂၀ ကတည်းက သည်ကိရိယာထုတ်လုပ်မှုကိုရပ်တန့်ခဲ့တယ်လို့ထပ်ပြောခဲ့ပါတယ်။

၁၉၉၀ အလွန်နှစ်တွေမှာ အရမ်းကိုလူကြိုက်များခဲ့တဲ့ ပေဂျာဟာသူ့ရဲ့စာတိုပေးပို့တဲ့ဝန်ဆောင်မှုကြောင့် အထူးသဖြင့် အထက်တန်းကျောင်းသူတွေကြားမှာ စွဲလမ်းခဲ့ကြပါတယ်။

အားလပ်ချိန်တွေမှာ အထက်တန်းကျောင်းသူများစွာဟာ အများသုံးဖုန်းရှေ့မှာ တန်းစီနေပြီး ဂဏန်းတွေကို ကမန်းကတန်းရိုက်သွင်းပြီး အတန်းဖော်နဲ့ ရည်းစားတွေဆီကို စာတိုပေးပို့မှုတွေလုပ်ဆောင်ကြပါတယ်။

သည်နည်းပညာအသုံးပြုသူတွေရဲ့ အမြင့်ဆုံး အဆင့်ကိုရောက်ခဲ့တဲ့ ၁၉၉၆ ခုနှစ်မှာ သုံးစွဲသူအရေအတွက် ၁၀ သန်းကျော်အထိရှိခဲ့တယ်လို့အစိုးရရဲ့အချက်အလက်တွေအရသိရပါတယ်။

ဒါပေမဲ့ မိုဘိုင်းလ်ဖုန်းတွေ အလျင်အမြန်ပဲ နေရာယူပြီး ပေဂျာတွေကို နည်းပညာအမှိုက်ပုံးဆီ ပို့ပစ်ခဲ့ပါတယ်။

အဓိကကျတဲ့ကြေးနန်းကုမ္ပဏီဖြစ်တဲ့ NTT ဟာ ၁၉၆၈ ခုနှစ်မှာ ပေဂျာတွေကို စတင်မိတ်ဆက်ခဲ့ပြီးသူ့ရဲ့ဝန်ဆောင်မှုကို ၂၀၀၇ ခုနှစ်မှာ ရပ်ဆိုင်းခဲ့ပါတယ်။

ဂျပန်နိုင်ငံဆီ အလည်အပတ်လာရောက်သူတွေဟာ ဂျပန်မှာ သည်လိုဆန့်ကျင်ဘက်နည်းပညာတွေကိုအသုံးပြုနေတာကို အံ့သြခဲ့ကြပါတယ်။

အခြားတစ်ဖက်မှာတော့ဂျပန်ဟာနည်းပညာမြင့်မားပြီး ခေတ်ဆန်တဲ့ကိရိယာတွေများစွာရှိပေမဲ့ ကျောင်းဟောင်းတွေမှာ ထူးထူးခြားခြား အနေနဲ့ ဖက်စ်တွေကို ဆက်သွယ်ရေးနည်းလမ်းတစ်ခုအဖြစ်အသုံးပြုနေပါတယ်။

> “ဂျပန်နိုင်ငံဆီ အလည်အပတ်လာရောက်သူတွေဟာ ဂျပန်မှာ သည်လိုဆန့်ကျင်ဘက် နည်းပညာတွေကို အသုံးပြုနေတာကို အံ့သြခဲ့ကြပါတယ်”

ဂျပန်နိုင်ငံအပေါ် မြောက်ကိုရီးယားဒုံးကျည်နောက်ဆုံးအကြိမ်ဖြတ်သန်းချိန်မှာ အိပ်မက်ဆန်တဲ့လုပ်ရပ်တွေထဲကတစ်ခုကတော့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကအရေးပေါ် ဖုန်းခေါ်ဆိုမှုနဲ့ ပတ်သက်ပြီး သင်ယူနေတာကိုတီဗီမှာ ပြသခဲ့ပါတယ်။

ဆိုက်ဘာလုံခြုံရေးတာဝန်ခံ ဂျပန်ဝန်ကြီးက ကွန်ပျူတာနဲ့ပတ်သက်တဲ့လုပ်ငန်းတွေကို အခြားသူတွေဆီ သူလွှဲပြောင်း တာဝန်ပေးခဲ့တယ်လို့ ဝန်ခံပြောဆိုမှုက နိုင်ငံတကာ သတင်းခေါင်းကြီးပိုင်းမှာ ပါဝင်ခဲ့ပါတယ်။

အသက် ၆၈ နှစ် အရွယ် ၂၀၂၀အိုလံပစ်ပွဲတော်ရဲ့တာဝန်ခံဖြစ်တဲ့ ဆာကူရာဒါဟာ USB drive တစ်ခုရဲ့ အသုံးပြုပုံကိုဇဝေဇဝါဖြစ်နေခဲ့ဖူးပါတယ်။ **မေသက်**

[ref: AFP, Dec 4, 2018.]

## ရိုးလ်စ်ရွိုက်စ်က အေအိုင်ဆော့ဖ်ဝဲကုမ္ပဏီနဲ့ပေါင်းပြီး လေယာဉ်အင်ဂျင်စွမ်းရည်ကို ကြိုတင်ခန့်မှန်းမည်

**ဒီဇင်ဘာ ၅** – ဗြိတိသျှလေယာဉ်အင်ဂျင်လုပ်ငန်း ရိုးလ်စ်ရွိုက်စ်ဟာ ရှီကာဂိုအခြေစိုက် ဆော့ဖ်ဝဲလုပ်ငန်းအပ်တိတ် (Uptake) နဲ့ပူးပေါင်းပြီး သူ့ရဲ့ထရန့်(Trent)အင်ဂျင်တွေရဲ့ လည်ပတ်မှုဆိုင်ရာပြဿနာတွေကို ကြိုတင်ခန့်မှန်းသိရှိနိုင်အောင်လုပ်မယ်လို့ ကုမ္ပဏီတွေက အင်္ဂါနေ့က ပြောပါတယ်။

အပ်တိတ်ဟာ အချက်အလက်ပိုင်းခြားစိတ်ဖြာခြင်းနဲ့ စက်သင်ယူလေ့လာခြင်းတွေကို ပေါင်းစပ်ပြီး ရှုပ်ထွေးတဲ့စက်တွေရဲ့စွမ်းဆောင်ရည်ကို ကြိုတင်ခန့်မှန်းနိုင်ဖို့စက်မှုကုမ္ပဏီတွေကို အသိဉာဏ်တုဆော့ဖ်ဝဲရောင်းချနေပါတယ်။

ရိုးလ်စ်ရွိုက်စ်ရဲ့ထရန့်အင်ဂျင်တွေကို ဘိုးရင်းရဲ့ ၇၈၇ ဒရင်းလိုင်နာဂျက်လေယာဉ်တွေနဲ့ အဲဘတ်စ်ရဲ့ A330 နီယို လေယာဉ်တွေမှာ အသုံးပြုနေပြီး အင်ဂျင်တချို့ရဲ့ ဘလိတ်မှာ ပြဿနာတွေရှိနေတဲ့အတွက်သည်လေယာဉ်ကုမ္ပဏီတွေအတွက် လေ ယာဉ် တွေ အပ် ဖို့ နှောင့်နှေးကြန့်ကြာနေပါတယ်။

အပ်တိတ်ရဲ့ဆော့ဖ်ဝဲကြောင့် ရိုးလ်စ်ရွိုက်စ်ဟာ အင်ဂျင်စွမ်းဆောင်ရည်ကို အတွင်းကျကျသိနိုင်ပြီး လေယာဉ်ကုမ္ပဏီတွေအတွက် အင်ဂျင်တွေကို ပိုမိုမြန်ဆန်စွာ ပြုလုပ်နိုင်မှာဖြစ်ကြောင်း ကုမ္ပဏီတွေက ဆိုပါတယ်။

'စက်မှုလုပ်ငန်းသုံးအေအိုင်နဲ့ စက်သင်ယူမှုနည်းစနစ်တွေကြောင့် ကျွန်တော်တို့အင်ဂျင်တွေ အလုပ်လုပ်ချိန်ကို မြှင့်တင်နိုင်ပြီး ဖောက်သည်တွေအနေနဲ့ သူတို့ရဲ့ အဖိုးတန်ပစ္စည်းတွေရဲ့သက်တမ်းနဲ့ တန်ဖိုးကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်' လို့ ရိုးလ်စ်ရွိုက်စ်ရဲ့ အရပ်ဘက်လေကြောင်းလုပ်ငန်းမှဝန်ဆောင်မှုဆိုင်ရာ ဒုဥက္ကဋ္ဌ တွမ်ပါးလ်မားက ပြောခဲ့ပါတယ်။ **စုပြည့်စုံ**

[ref: Reuters, Dec 5, 2018.]

# SpaceX က တစ်ကြိမ်တည်းနဲ့ ဂြိုဟ်တု ၆၄ လုံးကို လွှတ်တင်ကာ စံချိန်ချိုး

**ဒီဇင်ဘာ ၄** – SpaceX ဟာစံချိန်ချိုးတဲ့မစ်ရှင်တစ်ခုအဖြစ် ဂြိုဟ်တု ၆၄ လုံးကို ကမ္ဘာ့ပတ်လမ်းအတွင်းကို တစ်ကြိမ်တည်းနဲ့ လွှတ်တင်ခဲ့ပါတယ်။

အယ်လွန်မက်စ်ရဲ့ ကုမ္ပဏီဟာ ရာသီဥတုဆိုးရွားမှုနဲ့ နောက်ဆုံးမိနစ်စစ်ဆေးမှုတွေကြောင့် အကြိမ်ကြိမ် ကြန့်ကြာခဲ့ပြီးနောက် တနင်္လာနေ့မှာတော့ ကယ်လီဖိုးနီးယားရှိ ဗန်ဒန်ဘတ်လေတပ်စခန်းကနေ ဒုံးကျည်တစ်ခုကို လွှတ်တင်နိုင်ခဲ့ပါတယ်။ သည်လွှတ်တင်မှုဟာ လွှတ်တင်ဖူးသမျှထဲမှာ ဂြိုဟ်တုအများဆုံးမျှဝေလိုက်ပါတဲ့ မစ်ရှင်တွေထဲက တစ်ခုဖြစ်သလို အမေရိကန်သမိုင်းမှာ တစ်ကြိမ်တည်းနဲ့ ဂြိုဟ်တုအများဆုံး လွှတ်တင်မှုဖြစ်ခဲ့တယ်လို့ သည်လွှတ်တင်မှုမှာ SpeaceX ရဲ့ ဖောက်သည်တစ်ခုဖြစ်တဲ့ Spaceflight အရ သိရပါတယ်။

ခေတ်မီကိရိယာတွေ၊ ဂြိုဟ်တုအသေးစားတွေဟာ အင်တာနက်ဝန်ဆောင်မှုကနေ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းစောင့်ကြည့်ရေးတွေအထိ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းအသစ်တွေကို စီစဉ်ရာမှာ အားကောင်းလာစေမယ်လို့ ကုမ္ပဏီအချို့က မျှော်လင့်နေကြပြီး သည်မစ်ရှင်ဟာ သည်လိုဂြိုဟ်တုတွေ လွှတ်တင်ဖို့ တောင်းဆိုချက်တွေ မြင့်မားလာတာကို ဖော်ပြနေပါတယ်။

SpaceX အတွက် တော့ SSO-A လို့ခေါ်တဲ့ တနင်္လာနေ့ မစ်ရှင်ဟာ ၂၀၁၈ ခုနှစ်ရဲ့ ၁၉ ကြိမ်မြောက်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပြီးခဲ့တဲ့နှစ်က ၁၈ ကြိမ်လွှတ်တင်မှုကို စံချိန်ချိုးခဲ့ပါတယ်။

SpaceXရဲ့ ရည်မှန်းချက်က ဟာ့ဒ်ဝဲတွေကို ပြန်လည်အသုံးပြုခြင်းအားဖြင့် လွှတ်တင်ဖို့ကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချနိုင်ဖို့ဖြစ်ပြီး သူ့ရဲ့ပြိုင်ဘက်တွေက မဖြစ်နိုင်ဘူး။ ဒါမှမဟုတ် စီးပွားရေးအရ တွက်ခြေမကိုက်ဘူးလို့ ထင်ခဲ့တဲ့အရာတစ်ခု ဖြစ်ပါတယ်။

ဘလော့ဂ်၅လို့ခေါ်တဲ့ Space X ရဲ့ Falcon 9 ဒုံးပျံနောက်ဆုံးမော်ဒယ်ဟာ အနားပေးမခံရခင် အကြိမ် ၁၀၀လောက်အထိ ပျံနိုင်အောင် တီထွင်ထားပြီး ခရီးစဉ်တွေ တစ်ခုနဲ့တစ်ခုကြားမှာ သိသိသာသာပြင်ဆင်မွမ်းမံစရာမလိုအပ်ဘဲ ၁၀ ကြိမ်အထိ အသုံးပြုနိုင်ပါတယ်။



ပြီးခဲ့တဲ့ ခြောက်လက နှစ်ကြိမ် ပျံသန်းခဲ့မှုဖြစ်တဲ့ Bangabandhu မစ်ရှင်အတွက် မေ ၁၁ ရက်မှာ ပထမအကြိမ်နဲ့ Merah Putih အတွက် ဩဂုတ် ၇ ရက်မှာ တစ်ကြိမ် SSO-A မစ်ရှင်က ပျံသန်းခဲ့မှုအတွက် ပထမအဆင့်ဒုံးပျံအားတိုးမြှင့်ကိရိယာကို အသုံးပြုခဲ့ပါတယ်။ **မေသက်**

[ref: CNN, Dec4, 2018.]

www.free4readers.com



# အမေရိကန်နဲ့ ကုန်သွယ်ရေးစာချုပ် ချုပ်နိုင်မည်ဟု တရုတ်ယုံကြည်စိတ်ချ



ထရမ့်နဲ့ တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်တို့ဟာ စနေနေ့က အာဂျင်တီးနားမှာပြုလုပ်တဲ့ ညစာစားပွဲတစ်ခုမှာ သူတို့ရဲ့ကုန်သွယ်ရေးစစ်ပွဲကို ယာယီစစ်ပြေငြိမ်းမှုပြုလုပ်ခဲ့ပါတယ်။

**ဒီဇင်ဘာ ၅-** တရုတ်ဟာ အမေရိကန်နဲ့ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုနိုင်မယ်လို့ ယုံကြည်ကြောင်း ဗုဒ္ဓဟူးနေ့က ဖော်ပြခဲ့ပါတယ်။ တကယ်လို့နှစ်နိုင်ငံက သူတို့ရဲ့သဘောထားကွဲလွဲမှုကို မဖြေရှင်းနိုင်ရင်ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံမှုကိုပြန်လုပ်မယ်လို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ထပ်မံသတိပေးခဲ့ပေမဲ့ အခုလို ယုံကြည်ကြောင်းပြောခဲ့တာဖြစ်ပါတယ်။

ထရမ့်နဲ့ တရုတ်ခေါင်းဆောင် ရှီကျင့်ဖျင်တို့ဟာ စနေနေ့က အာဂျင်တီးနားမှာပြုလုပ်တဲ့ ညစာစားပွဲတစ်ခုမှာ သူတို့ရဲ့ကုန်သွယ်ရေးစစ်ပွဲကို ယာယီစစ်ပြေငြိမ်းမှု ပြုလုပ်ပြီးနောက် အတော်အတန်တိတ်ဆိတ်နေတဲ့ ကာလအတွင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက အခုလို မှတ်ချက်ပြုခဲ့ခြင်းဖြစ်ပါတယ်။

သူ့ဝက်ဘ်ဆိုက်မှာ ထုတ်ပြန်ချက်မှာဝန်ကြီးဌာနက တရုတ်ဟာ အခု လက်ရှိသဘောတူထားတဲ့ အထူးပြုကိစ္စတွေကို အမြန်အကောင်အထည်ဖော်ဖို့ ကြိုးစားမှာဖြစ်ကြောင်း၊ အကြောင်းက နှစ်နိုင်ငံဟာ ရှင်းလင်းတဲ့ အချိန်ဇယားနဲ့ လမ်းပြမြေပုံနဲ့အညီ ရက် ၉၀ အတွင်းညှိနှိုင်းမှု လုပ်ငန်းတွေကို တက်ကြွစွာ လုပ်ဆောင်မှာဖြစ်ကြောင်းပြောခဲ့ပါတယ်။

‘အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်တို့ စိတ်ချယုံကြည်မှုရှိပါတယ်’ လို့ သူက ဆိုပြီး နောက်ဆုံးပြုလုပ်ခဲ့တဲ့ ဆွေးနွေးမှုတွေဟာ အလွန်အောင်မြင်မှုရှိတယ်လို့ ပြောခဲ့ပါတယ်။

ကမ္ဘာ့အကြီးဆုံးနှစ်နိုင်ငံကြား ကုန်သွယ်ရေးစစ်ပွဲ ထပ်မံကျယ်ပြန့်လာမယ့် အလားအလာဟာ ဒီတစ်နှစ်လုံး ကမ္ဘာ့ဈေးကွက်တွေနဲ့ ကမ္ဘာ့စီးပွားရေးအပေါ် ဖိစီးနေပြီး ရင်းနှီးမြှုပ်နှံသူတွေဟာ ဒီရပ်စဲမှုကြောင့် အစောပိုင်းက စိတ်သက်သာရာရခဲ့ပါတယ်။

ဒါပေမဲ့ သဘောတူထားတဲ့ ညှိနှိုင်းရက် ၉၀ အတွင်း သဘောထားအထူးကွဲပြားနေတဲ့ ကိစ္စတွေမှာ သိသာထင်ရှားတဲ့ သဘောတူညီချက်တစ်ခု ရရှိနိုင်ပါ့မလားဆိုတာ သံသယတွေ ချက်ချင်းဖြစ်ပေါ်လာပါတယ်။

သဘောတူညီချက်မရခဲ့ရင် မတ်လအစောဆုံးထားပြီး အမေရိကန်ဘက်က ကုန်သွယ်ခွန်ထပ်မံကောက်ခံလာမှာဖြစ်ပြီး တရုတ်ဘက်ကလည်း လက်တုံ့ပြန်နိုင်ခြေရှိပါတယ်။

အင်္ဂါနေ့မှာ ကမ္ဘာ့ငွေကြေးဈေးကွက်တွေ ယိမ်းယိုင်ပြီး ညှိနှိုင်းရကျပ်တဲ့အနေအထားအတွင်း လက်တွေ့မှာ ဘယ်လိုရလဒ်ထွက်ပေါ်မယ်ဆိုတာ သံသယတွေထွက်ပေါ်လာပြီး ကမ္ဘာ့တိုးတက်မှုကျဆင်းမှာကို စိုးရိမ်ပူပင်လာခဲ့ပါတယ်။

ထရမ့်က တိုက်ပွဲ၃လကြာ ရပ်စဲပြီးနောက် ရပ်စဲမှုထပ်တိုးမယ့် အလားအလာကို တွစ်တာကဖော်ပြခဲ့ပေမဲ့ တကယ်လို့ ဆွေးနွေးမှုက နေ ကောင်းမွန်တဲ့ရလဒ် ထွက်မလာခဲ့ရင် ကုန်သွယ်ခွန်တွေကို ပြန်လည်ကောက်ခံမယ်လို့ သတိပေးခဲ့ပါတယ်။

‘တရုတ်နဲ့ ဆွေးနွေးမှုတွေ စတင်နေပါတယ်၊ ရက်ထပ်မတိုးခဲ့ရင် သမ္မတရှီနဲ့ အာဂျင်တီးနားမှာ အလွန်ကောင်းမွန်ခွေးထွေးတဲ့ ညစာစားသုံးခဲ့ပြီး ရက် ၉၀ အကြာမှာ ဆိုင်းငံ့ကာလပြီးဆုံးမှာဖြစ်ပါတယ်’ လို့ထရမ့်က တွစ်တာမှာရေးခဲ့ပါတယ်။

> “ သဘောတူညီချက်မရခဲ့ရင်
> မတ်လအစောဆုံးထားပြီး
> အမေရိကန်ဘက်က
> ကုန်သွယ်ခွန်ထပ်မံ
> ကောက်ခံလာမှာဖြစ်ပြီး
> တရုတ်ဘက်ကလည်း
> လက်တုံ့ပြန်နိုင်ခြေရှိပါတယ် ”

တကယ်လို့ သူ့အစိုးရအဖွဲ့က ဘေဂျင်းနဲ့ ထိရောက်တဲ့ကုန်သွယ်ရေးစာချုပ်တစ်ခု မချုပ်နိုင်ရင် အမေရိကန်ထဲသွင်းတဲ့ တရုတ်ပစ္စည်းတွေကို ကုန်သွယ်ခွန်ကြီးကြီးမားမားကောက်ခံမယ်လို့ ထရမ့်က ဆိုပါတယ်။

ခေါင်းဆောင်နှစ်ဦးရဲ့ အစည်းအဝေးအပြီး မီဒီယာကို တရုတ် အကြီးတန်းတာဝန်ရှိသူတွေက သတင်းစာရှင်းလင်းပွဲလုပ်ရာမှာ တရုတ်ကထရမ့်-ရှီ သဘောတူညီချက်အကြောင်း အနည်းငယ်သာပြောခဲ့ပြီး သဘောတူညီချက်ထဲမှာ ပါဝင်တဲ့ အကြောင်းအရာတွေကို အမေရိကန်နဲ့တရုတ်ဘက်က ပြောဆိုရာမှာ ကွဲလွဲမှုတွေရှိနေပါတယ်။ **စုပြည့်စုံ**

[ref: Reuters, Dec 5, 2018.]

# ကုန်သွယ်ရေးကပ်ဆိုးဖြစ်လာနိုင်ကြောင်း WTO သတိပေး

**ဒီဇင်ဘာ ၅ -** နိုင်ငံတကာကုန်သွယ်ရေးရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ စနစ်ဟာ ကပ်ဆိုက်နေကြောင်း ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း (WTO)ကအင်္ဂါနေ့က သတိပေးခဲ့ပါတယ်။ သည့်အချိန်မှာ ဂျာမန်ကားလုပ်ငန်းတွေဟာ ဖိမ်ခံကားတင်သွင်းမှုအပေါ် အမေရိကန်က အခွန်ကောက်ခံမှာကို ရပ်ဆိုင်းစေဖို့အတွက် ဝါရှင်တန်မှာ စုဝေးနေကြပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေးကို ပြန်ဟန်ချက်ညှိဖို့အတွက် အမေရိကန်ရဲ့ကြိုးပမ်းမှုတွေကို ဆွေးနွေးဖို့ ဒိုင်မလာ၊ ဘီအမ်ဒဗလျူနဲ့ ဖောက်စ်ဝက်ဂွန်က ထိပ်တန်းတာဝန်ရှိသူတွေကို အိမ်ဖြူတော်စီးပွားရေးအကြံပေး လယ်ရီကပ်ဒလိုက ဝါရှင်တန်ကို ဆင့်ခေါ်ခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သွင်းကုန်ကားတွေကို အကောက်ခွန် အများအပြားကောက်ခံမယ်လို့ လအတန်ကြာသတိပေးပြီးနောက် တရုတ်နဲ့ကုန်သွယ်ရေးစစ်ပွဲကို ခေတ္တရပ်တန့်လိုက်ချိန်မှာ အခုလို အစည်းအဝေးကျင်းပခဲ့တာဖြစ်ပါတယ်။

‘စနစ်ကအခုအချိန်မှာအကျပ်အတည်းဆိုက်နေပြီး ဘယ်လိုဆက်ဖြစ်မယ်ဆိုတာဆက်ပြီး စောင့်ကြည့်ရဦးမယ်’ လို့ WTO လက်ထောက်အုပ်ချုပ်ရေးမှူးကားလ်ဘရော်နာက ဂျာမနီနိုင်ငံ၊ ဝုဖ်ဘာ့ဂ်မှာလုပ်တဲ့ ဟန်ဒဲလ်ဘလတ်ကားလုပ်ငန်းထိပ်သီးအစည်းအဝေးမှာ ပြောပါတယ်။

နိုင်ငံကြီးတွေက ဘုံစည်းမျဉ်းစည်းကမ်းတွေကနေ သွေဖည်ပြီး တစ်ဖက်သတ်လုပ်ဆောင်နေရင် ကမ္ဘာ့ကုန်သွယ်ရေးနဲ့ဖူလုံရေးကို ဆက်လက်မလုပ်ဆောင်နိုင်ကြောင်း ဘရော်နာက သတိပေးပါတယ်။

‘တရားဥပဒေဆိုင်ရာ သေချာမှုနဲ့ ခန့်မှန်းနိုင်မှုတွေ လိုအပ်ပြီး တကယ်လို့ လူတိုင်းက သူတို့ကြိုက်တာ သူတို့လုပ်နေရင် ပွဲပြီးသွားလိမ့်မယ်’ လို့ဘရော်နာကဆိုပြီး ဂျာမန်ကားလုပ်ငန်းရှင်တွေလာရောက်မှုကြောင့် ထရမ့်အစိုးရအဖွဲ့ဟာ ကမ္ဘာ့ကုန်သွယ်ရေးမှာ အခွန်ကောက်ခံမှုတွေရဲ့သက်ရောက်မှုကိုနားလည်လာလိမ့်မယ်လို့ ဆက်ပြောပါတယ်။

ထရမ့်က ၂၀၁၇ခုနှစ် တုန်းက ဂျာမန်ကားလုပ်ငန်းတွေကို သတိပေးခဲ့ရာမှာ ကုန်သွယ်ရေးထိန်းညှိမှုမလုပ်ဘူးဆိုရင် အမေရိကန်ကို တင်သွင်းတဲ့ ကားတွေကို သူကအခွန်၃၅ရာခိုင်နှုန်းကောက်ခံမယ်လို့ ဆိုပါတယ်။

နယူးယောက်ရဲ့ ရိပ်သာ ၅ လမ်းမှာမာစီဒီးဘန်စ်တွေသွားလာနေတာ များပြားလွန်းပြီး ဥရောပသားတွေက ချက်ဗလက်တွေကို များများစားစားမဝယ်ကြဘူးလို့ ထရမ့်က ဆိုပါတယ်။

ဥရောပသမဂ္ဂကိုယ်စား ကုန်သွယ်ရေးညှိနှိုင်းမှုတွေကို ဥရောပကော်မရှင်က တရားဝင် လုပ်ဆောင်ပေမဲ့အိမ်ဖြူတော်ကဂျာမန်ကားလုပ်ငန်းရှင်တွေကို ဆင့်ခေါ်ခဲ့ခြင်း ဖြစ်ပါတယ်။

ထရမ့်အစိုးရ တာဝန်ရှိသူတွေကို နားချဖို့အတွက် ဂျာမန်ကားလုပ်ငန်းရှင်တွေဟာ အမေရိကန်မှာ ကားအစိတ်အပိုင်းတွေ တိုးမြှင့်ထုတ်လုပ်မယ့် အစီအစဉ်တွေကို ပြသကြမှာဖြစ်ပါတယ်။

ဖောက်စ်ဝက်ဂွန်ဟာ လျှပ်စစ်ကားတွေအပါအဝင် အမေရိကန်မှာ ကားတွေတိုးမြှင့်ထုတ်လုပ်ဖို့အတွက်စီစဉ်နေကြောင်း ထပ်မံပြောကြားမှာဖြစ်ပါတယ်။

ဂျာမန်ကားလုပ်ငန်းတွေဟာ ကားနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို အမေရိကန်နဲ့ အများဆုံးလုပ်ကိုင်နေပါတယ်။ ဥပမာ ဘီအမ်ဒဗလျူနဲ့ မာစီဒီးဟာ အမေရိကန်စက်ရုံတွေမှာ သူတို့ရဲ့ ဘက်စုံသုံးကားအများစုကို တပ်ဆင်ထုတ်လုပ်ပြီး ဂျာမနီဇိမ်ခံကားတွေကို အမေရိကကို တင်သွင်းရောင်းချပါတယ်။




**စုပြည့်စုံ**

[ref: Reuters, Dec 5, 2018.]

www.free4readers.com







အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ တရုတ်သမ္မတရှီကျင့်ဖျင်တို့ အာဂျင်တီးနားမှာလုပ်တဲ့ ထိပ်သီးဆွေးနွေးပွဲတစ်ခုမှာ ကုန်သွယ်ခွန်သစ်တွေကို ရွှေ့ဆိုင်းဖို့ သဘောတူခဲ့ကြပါတယ်။

# အမေရိကန်နဲ့ ကုန်သွယ်ရေးတိုက်ပွဲ ရပ်ဆိုင်းပြီးနောက် အိုင်ပီချိုးဖောက်သူတွေကို တရုတ်အပြစ်ပေးမည်

**ဒီဇင်ဘာ ၅** - ဝါရှင်တန်နဲ့ ကုန်သွယ်ရေးဆိုင်ရာတိုက်ပွဲတစ်ခုခေတ္တရပ်ဆိုင်းပြီးနောက် တရုတ်ဟာ ဉာဏပစ္စည်းမူပိုင်ခွင့် (အိုင်ပီ) အထူးချိုးဖောက်သူတွေကို အိမ်ခြံမြေဝယ်ခွင့်တားမြစ်တာ၊ ဈေးကြီးတဲ့ အားလပ်ရက်တွေ မသွားနိုင်တာ ပိတ်ပင်တာအပါအဝင်အပြစ်ပေးမှုတွေပြုလုပ်မယ့်အကြောင်း အင်္ဂါနေ့က ကြေညာခဲ့ပါတယ်။

တရုတ်ရဲ့ အမျိုးသားစီမံကိန်းဌာနဖြစ်တဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနဲ့ အသွင်ပြောင်းလဲမှုကော်မရှင်ဟာ အစိုးရဌာန ၃၇ ခုနဲ့အတူ အိုင်ပီချိုးဖောက်သူတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ပူးတွဲမူဝါဒတစ်ခုကို ထုတ်ပြန်ခဲ့ပါတယ်။ အိုင်ပီချိုးဖောက်သူတွေဟာ အမည်ပျက်စာရင်းသွင်းခံရရင် ကြီးလေးတဲ့အပြစ်ဒဏ်တွေနဲ့ ကန့်သတ်ချက်အမျိုးမျိုးကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ တရုတ်သမ္မတရှီကျင့်ဖျင်တို့ အာဂျင်တီးနားမှာလုပ်တဲ့ ထိပ်သီးဆွေးနွေးပွဲတစ်ခုမှာကုန်သွယ်ခွန်သစ်တွေကိုရွှေ့ဆိုင်းဖို့သဘောတူခဲ့ပြီး သဘောတူညီချက်တစ်ခုရဖို့အတွက် ဆွေးနွေးညှိနှိုင်းသူတွေက ကြိုးပမ်းနေချိန်မှာ အိုင်ပီချိုးဖောက်သူတွေကိုအခုလိုဖြိုခွင်းခဲ့တာဖြစ်ပါတယ်။

ထရမ့်ဟာ အိုင်ပီခိုးယူမှုတွေကို အပြစ်ပေးတဲ့အနေနဲ့ တရုတ်သွင်းကုန်ဒေါ်လာဘီလျံပေါင်းများစွာကို အခွန်ကောက်ခဲ့ပါတယ်။ တရုတ်ရဲ့အိုင်ပီခိုးယူမှုကြောင့် အမေရိကန်ကုမ္ပဏီတွေဟာ တစ်နှစ်ကိုဒေါ်လာ ၆၀၀ ဘီလျံလောက်အထိဆုံးရှုံးရကြောင်း အမေရိကန်က ဆိုပြီး တရုတ်က သည်လိုခိုးယူကြောင်းကိုငြင်းဆန်ပါတယ်။

ကုန်သွယ်ရေးတိုက်ပွဲ ခေတ္တရပ်ဆိုင်းပြီးနောက် နှစ်နိုင်ငံဟာ တရုတ်နိုင်ငံမှာ အိုင်ပီကာကွယ်ရေးပိုမိုမြှင့်တင်ဖို့အတွက် တည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲတွေဖြစ်လာအောင် ဆွေးနွေးဖို့ သဘောတူခဲ့တယ်လို့အိမ်ဖြူတော်က ဆိုပါတယ်။

အိုင်ပီထဲမှာ မှတ်ပုံတင်မူပိုင်၊ ကုန်အမှတ်တံဆိပ်နဲ့ မူပိုင်ခွင့်လိုမျိုး ထိကိုင်လို့မရတဲ့ ဖန်တီးမှုတွေ ပါဝင်ပါတယ်။ အင်္ဂါနေ့က ထုတ်ပြန်တဲ့ မူဝါဒမှာတရုတ်ဟာ သည်ကဏ္ဍအတွက် လူမှုရေးချီးကျူးဂုဏ်ပြုမှုပုံစံစနစ်တစ်ခုကို တည်ဆောက်မှာဖြစ်ပြီး တစ်နိုင်ငံလုံးမှာ အိုင်ပီအထူးချိုးဖောက်သူတွေရဲ့ စာရင်းကိုထုတ်ပြန်မှာဖြစ်ပါတယ်။

စာရင်းထဲမှာပါဝင်တဲ့ လုပ်ငန်းတွေ၊ လူပုဂ္ဂိုလ်တွေကို မူပိုင်ခွင့်မှတ်ပုံတင်ရခက်ခဲအောင် အမျိုးသားအိုင်ပီအဖွဲ့အစည်းက ပြုလုပ်မှာဖြစ်ပါတယ်။

တခြားဌာနတွေကလည်း ပြစ်မှုကျူးလွန်သူတွေကို အစိုးရအထောက်အပံ့နဲ့ နိုင်ငံတော်ဝယ်ယူရေးစာချုပ်တွေ မရရှိနိုင်အောင် ကန့်သတ်တာ၊ တားဆီးတာတွေ ပြုလုပ်မှာဖြစ်ပါတယ်။ လုပ်ငန်းသို့မဟုတ်လူတစ်ဦးချင်းစီရဲ့ မှတ်တမ်းမှာ သူတို့ရဲ့ ပြစ်မှုတွေကို မှတ်တမ်းတင်ထားမှာဖြစ်ပါတယ်။

လူပုဂ္ဂိုလ်တွေဟာ နိုင်ငံပိုင်ကုမ္ပဏီတွေမှာ ဘုတ်အဖွဲ့ရာထူးရယူခြင်း၊ အိမ်ခြံမြေဝယ်ယူခြင်းနဲ့ အလွန်အကျူးသုံးဖြုန်းတဲ့ အားလပ်ရက် ခရီးထွက်ခြင်းတွေကိုလည်း ကန့်သတ်ခံရမှာဖြစ်ပါတယ်။

ဘဏ်တွေဟာ အကြွေးပေးဖို့အတွက်ပိုမိုစေ့စပ်စွာစဉ်းစားဖို့ ညွှန်ကြားခံရပြီး လုပ်ငန်းတွေဟာ ကော်ပိုရိတ် ငွေချေးစာချုပ်တွေ ထုတ်ရောင်းတာကို တားမြစ်ခံရပါတယ်။

> “
> တရုတ်ရဲ့ အိုင်ပီ
> ခိုးယူမှုကြောင့်
> အမေရိကန်
> ကုမ္ပဏီတွေဟာ
> တစ်နှစ်ကို
> ဒေါ်လာ ၆၀၀
> ဘီလျံလောက်
> အထိဆုံးရှုံးရကြောင်း
> အမေရိကန်က
> ဆိုပါတယ်
> ”

အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုင်သီဇာရဲ့ ရုံးခန်းက လတ်တလောထုတ်ပြန်မှုအတွင်း တရုတ်ဟာ အမေရိကန်ကုမ္ပဏီတွေမှာ အစိုးရကအကုန်အကျခံပြီး ဆိုက်ဘာတိုက်ခိုက်မှုတွေ လုပ်နေတယ်လို့ စွပ်စွဲထားပါတယ်။

ကုန်ပစ္စည်းအတုတွေ ထုတ်လုပ်တယ်လို့ နာမည်ဆိုးနဲ့ ကျော်ကြားနေတာကို ဖယ်ရှားဖို့အတွက် တရုတ်ဟာ အခုနှစ်တွေမှာ အိုင်ပီကာကွယ်ရေးကို ပိုမိုလုပ်ဆောင်လာပြီး အဲသည်အထဲမှာ မူပိုင်ခွင့်အငြင်းပွားမှုတွေကိုကိုင်တွယ်ဖြေရှင်းဖို့ အိုင်ပီအထူးတရားရုံးတွေ ထူထောင်တာတွေ ပါဝင်ပါတယ်။

**စုပြည့်စုံ**

[ref: AFP, Dec 5, 2018.]

# အမေရိကန်-တရုတ် ကုန်သွယ်ရေးအပျော်တွေ ဓဲလာချိန် အာရှဈေးကွက်တွေ ပြန်ပြုတ်ကျ

**ဒီဇင်ဘာ ၅** - အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲရပ်ဆိုင်းမှုအပေါ် ပျော်ရွှင်ပီတိဖြစ်မှုတွေဟာ နှစ်နိုင်ငံကြားက မတူကွဲပြားမှုတွေကို အဆုံးတိုင်ဖြေရှင်းပေးနိုင်မှာလားဆိုတဲ့ မေးခွန်းတွေအလယ်မှာ မှေးမှိန်စပြုလာချိန်မှာပဲ အင်္ဂါနေ့က အာရှစတော့ခ်ဈေးကွက် အများစုပြန်လည်ကျဆင်းခဲ့ပါတယ်။

ဒါပေမဲ့ ရေနံဈေးကတော့ ဆက်လက်မြင့်တက်နေပါတယ်။ သည်နှစ်နိုင်ငံသဘောတူညီချက်ကြောင့် တနင်္လာနေ့မှာဈေးတဟုန်ထိုးတက်လာသလို ထုတ်လုပ်မှုကန့်သတ်ဖို့ ရုရှား-ဆော်ဒီအားရေးဘီးယားသဘောတူညီမှုရတယ်ဆိုတဲ့သတင်းလည်း ထွက်လာတာကြောင့်ဖြစ်ပါတယ်။

ဒေါ်နယ်ထရမ့်နဲ့ ရှီကျင့်ဖျင်က သူတို့ရဲ့ ဆိုးရွားတဲ့ သွင်းကုန်ခွန်တိုက်ပွဲကို ရက် ၉၀ ကြာ ရပ်ဆိုင်းထားမယ်လို့သဘောတူညီခဲ့တဲ့အတွက် သည်တစ်ပတ်ပိတ်ရက်မှာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေကို ခရစ္စမတ်ပွဲတော် လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပါတယ်။

ဒါပေမဲ့ သုံးလကြာရပ်ဆိုင်းကာလက ဉာဏပစ္စည်းမူပိုင်ခွင့်လိုမျိုး အဓိကကိစ္စရပ်တွေအပေါ် သဘောတူညီချက်ရယူဖို့အတွက် လုံလောက်တဲ့အချိန်မဟုတ်မှာကို စိုးရိမ်မှုတွေ ရှိနေပါတယ်။

'အမေရိကန်နဲ့ တရုတ်က သူတို့ရဲ့ မတူကွဲပြားမှုတွေကို ရက်ပေါင်း ၉၀ အတွင်းမှာ ဖြေရှင်းနိုင်မှာလား' လို့ အမျိုးသားဩစတြေးလျားဘဏ်က အကြီးတန်းမဟာဗျူဟာချမှတ်သူ ရိုဒရီဂူကက်ထရေးက မေးခွန်းထုတ်ခဲ့ပါတယ်။

'ဒီကုန်သွယ်ရေးစစ်ပွဲယာယီရပ်ဆိုင်းမှုအပေါ် အပြုသဘောဆောင်တဲ့ ခံစားမှုတွေ ဆက်ထိန်းထားနိုင်မယ်ဆိုရင်ပိုပြီး အသေးစိတ်ကျပြီး တိုးတက်တဲ့ လက္ခဏာတွေ လိုအပ်ပါလိမ့်မယ်'

> “
> သွင်းကုန်ခွန်တိုက်ပွဲကို
> ရက် ၉၀ ကြာ
> ရပ်ဆိုင်းထားမယ်လို့
> သဘောတူညီခဲ့
> ကြတယ်
> ”

ကားတင်သွင်းမှုအပေါ် သွင်းကုန်ခွန်ကို သိသိသာသာလျှော့ချဖို့ တရုတ်က သဘောတူခဲ့တယ်လို့ ထရမ့်က တွစ်တာပေါ်မှာရေးသားခဲ့ပေမဲ့ သူ့ရဲ့ ထိပ်တန်းအကြံပေးတွေထဲက နှစ်ဦးက သည်ကိစ္စအပေါ်ရေရေရာရာမပြောနိုင်ခဲ့တဲ့အတွက် မသေချာမှုတွေ ရှိနေခဲ့ပါတယ်။

**မေသက်**

[ref: AFP. Dec 4, 2018]

www.free4readers.com






အာရှမှာ အကြီးဆုံးလေဆိပ်ကြီးထဲက တစ်ခုဖြစ်တဲ့ စင်ကာပူရဲ့ ချန်ဂီလေဆိပ်မှာ ဝင်ထွက်နေတဲ့လေယာဉ်တွေဟာ သည်လမ်းကြောင်းကို အသုံးပြုနေရတာ ဖြစ်တယ်။

# ဝေဟင်ပိုင်နက်ထိန်းချုပ်မှု စင်ကာပူထံကနေ ပြန်လွှဲယူဖို့ မလေးရှားကြိုးပမ်းနေ

**ဒီဇင်ဘာ ၄** - ၁၉၇၄ ခုနှစ်ကတည်းက စင်ကာပူနိုင်ငံက စီမံထိန်းချုပ်လုပ်ကိုင်ခဲ့တဲ့ ဝေဟင်ပိုင်နက်ထိန်းချုပ်မှုကို ပြန်လည်လက်လွှဲရယူလိုကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီးက အင်္ဂါနေ့မှာ ပြောကြားခဲ့ပါတယ်။

စင်ကာပူဟာ မလေးရှားထံက ခွင့်ပြုချက်မရဘဲ မလေးရှားဝေဟင်ပိုင်နက်ပေါ်ဖြတ်ပျံမယ့် လမ်းကြောင်းတစ်ခုအပါအဝင် တာဘိုဂျက်လေယာဉ်နဲ့ စီးပွားဖြစ်သုံး ဂျက်လေယာဉ်တွေ ဆင်းသက်နိုင်ဖို့အတွက် ၎င်းရဲ့ဆယ်လီတာလေဆိပ်ငယ်မှာ လေယာဉ်ဆင်းသက်ရေးကိရိယာစနစ်သစ်တစ်ခုတပ်ဆင်ခဲ့ကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီး အန်သိုနီလော့က လွှတ်တော်မှာပြောကြားခဲ့ပါတယ်။

အဆိုပါ လေယာဉ်လမ်းကြောင်းကြောင့် စင်ကာပူကျွန်းနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့မလေးရှားကျွန်းဆွယ်တောင်ပိုင်း ဂျိုဟိုးပြည်နယ်ရှိ ရေကြောင်းသင်္ဘောသွားလာမှုနဲ့ အဆောက်အအုံဆောက်လုပ်မှုအမြင့်သတ်မှတ်ချက်တွေကို ထိခိုက်စေကြောင်း သူက ပြောပါတယ်။

သည်လမ်းကြောင်းနဲ့ပတ်သက်ပြီး နိုဝင်ဘာ ၂၈ နဲ့ ၂၉ မှာ အတည်ပြုပေးဖို့ မလေးရှားက ငြင်းဆန်ခဲ့ပြီး ၁၉၇၄ ခုနှစ်ကတည်းက ကြပ်မတ်လုပ်ဆောင်ပေးဖို့ စင်ကာပူကို လက်လွှဲခဲ့တဲ့ ဂျိုဟိုးဝေဟင်ပိုင်နက်ကို ပြန်လည်လွှဲပြောင်းယူဖို့ စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၉ ရက်မှာ စင်ကာပူကို အသိပေးအကြောင်းကြားခဲ့ပါတယ်။ ပထမအဆင့် အနေနဲ့ ၂၀၁၉ နှစ်ကုန်မှာ လက်လွှဲပြန်ယူမှာဖြစ်ပြီး ၂၀၂၃ မှာနောက်ထပ်တစ်ဆင့်ထပ်မံလက်လွှဲယူမှာဖြစ်ပါတယ်။

'ဒီကာလတွေအတွင်းမှာ လေယာဉ်လမ်းကြောင်းခရီးစဉ် ထိန်းချုပ်မှုကို အဆင့်မြှင့်တင်လုပ်နိုင်ခဲ့ပြီဖြစ်တာကြောင့် ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဝေဟင်ပိုင်နက်ကို ပြန်လည်လက်လွှဲယူပြီး လုပ်ကိုင်နိုင်တဲ့အချိန်ရောက်ပြီ' လို့ သူက ပြောပါတယ်။

'ဒါကြောင့် စင်ကာပူက အဆင့်တူပုဂ္ဂိုလ်နဲ့စပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်လိုပါတယ်'

ဒါပေမဲ့ ဘယ်လိုပုံစံမျိုးနဲ့ လက်လွှဲယူသွားမလဲဆိုတာကို လော့က အသေးစိတ်ပြောကြားခဲ့ခြင်း မရှိပါဘူး။

လော့ရဲ့ပြောကြားချက်နဲ့ ပတ်သက်ပြီး စင်ကာပူပို့ဆောင်ရေးဝန်ကြီးဌာနကတော့ 'စင်ကာပူအနေနဲ့မလေးရှားရဲ့ အချုပ်အခြာအာဏာကို လေးစားပါတယ်' လို့ တုံ့ပြန်ပြောကြားခဲ့ပါတယ်။

'ဒီဒေသမှာရှိတဲ့လေကြောင်းပိုင်နက်ဟာ ကမ္ဘာပေါ်မှာအရှုပ်ထွေးဆုံးတွေထဲကတစ်ခုဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်သူတွေရော ကျွန်တော်တို့နှစ်နိုင်ငံစီးပွားရေးတွေအတွက်ပါ အကျိုးများစေခဲ့ပြီးဖြစ်ပါတယ်၊ ဒါကြောင့် ဒီအတွက် အဆိုပြုထားတဲ့ ဘယ်လိုအပြောင်းအလဲမဆို ပါဝင်ပတ်သက်နေသူ တော်တော်များများကို ထိခိုက်မှုရှိလိမ့်မယ်' လို့ သူက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

အာရှမှာ အကြီးဆုံးလေဆိပ်ကြီးထဲကတစ်ခုဖြစ်တဲ့ စင်ကာပူရဲ့ချန်ဂီလေဆိပ်မှာ ဝင်ထွက်နေတဲ့ လေယာဉ်တွေဟာ သည်လမ်းကြောင်းကို အသုံးပြုနေရတာကြောင့် မလေးရှားလက်အောက်ကို ထည့်ပေးချင်ပုံမရပါဘူး။

> “
> **အဆိုပါ လေယာဉ်လမ်းကြောင်းကြောင့် မလေးရှားကျွန်းဆွယ် တောင်ပိုင်း ဂျိုဟိုးပြည်နယ်ရှိ ရေကြောင်းသင်္ဘော သွားလာမှုနဲ့ အဆောက်အအုံ ဆောက်လုပ်မှုအမြင့် သတ်မှတ်ချက်တွေကို ထိခိုက်စေပါတယ်**
> ”

တစ်ချိန်က စင်ကာပူဟာ မလေးရှားနိုင်ငံအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၁၉၆၅ မှာ သီးခြားနိုင်ငံအဖြစ် ခွဲထွက်ခဲ့ပြီး နှစ်ပေါင်း အတော်ကြာအောင် နိုင်ငံရေးနဲ့စီးပွားရေးဆက်ဆံမှု တင်းမာခဲ့ပါတယ်။ အထူးသဖြင့် မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်ရဲ့ ပထမသက်တမ်း(၁၉၈၁–၂၀၀၃)ကာလမှာ ဆက်ဆံရေး အေးစက်ခဲ့ပါတယ်။

သည်နှစ်မှာ ဝန်ကြီးချုပ်ပြန်ဖြစ်ခဲ့တဲ့ မဟာသီက စင်ကာပူနဲ့ ချုပ်ဆိုထားတဲ့ ရထားလမ်း စီမံချက်ကို ဆိုင်းငံ့ခဲ့ပြီး ၁၉၆၂ မှာ သဘောတူခဲ့တဲ့ ရေပိုင်နက်ဆိုင်ရာ သဘောတူညီချက်ကိုလည်း ပြန်လည်ညှိနှိုင်းဆွေးနွေးလိုကြောင်း ပြောကြားခဲ့ပါတယ်။

**နှင်းသန့်**

[ref: Reuters,Dec 4, 2018.]

# လေထုညစ်ညမ်းမှုစစ်ဆေးရေးအရာရှိ သေဆုံးမှုအတွက် လူနှစ်ယောက်ကို တရုတ်ရဲ ထိန်းသိမ်းထား

**ဒီဇင်ဘာ ၃** - ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းချိုးဖောက်မှုတွေကို စစ်ဆေးတဲ့ စုံစမ်းရေးအရာရှိတစ်ဦး သေဆုံးမှုနဲ့ပတ်သက်ပြီး တရုတ်ရဲတပ်ဖွဲ့က တရုတ်နိုင်ငံအရှေ့ပိုင်းရှိကျန်းပြည်နယ်က လူနှစ်ယောက်ကို ထိန်းသိမ်းထားတယ်လို့ သိရပါတယ်။

ဝမ်လင်းမြို့က ပတ်ဝန်းကျင်ဆိုင်ရာဌာနနဲ့ ရဲတပ်ဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ကြတဲ့ ဥပဒေစိုးမိုးရေးအဖွဲ့တစ်ခုရဲ့ စစ်ဆေးရေးအရာရှိ ချန်ဘင် ဆိုသူဟာ လေထုညစ်ညမ်းမှုနဲ့ပတ်သက်ပြီး စစ်ဆေးနေချိန် စနေနေ့ညနေပိုင်းမှာ လူနှစ်ယောက်က သူ့ကို ကားနဲ့ တက်ကြိတ်ခဲ့ကြောင်း ချိုင်းနားဒေးလီးမှာ ဖော်ပြထားပါတယ်။

တရုတ်ဟာ အောက်ခြေအထိ သက်ရောက်မယ့် ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒတွေကို ချမှတ်လျက်ရှိပေမဲ့ ဒေသခံအာဏာပိုင်အချို့က အကျိုးအမြတ် ရရှိနေတဲ့ စက်ရုံတွေကိုဖြိုခွင်းရေးလုပ်ဖို့ လက်တွန့်လျက် ရှိပါတယ်။

စစ်ဆေးရေးအရာရှိတွေဟာ မကြာခဏဆိုသလို အလုပ်တာဝန်နှောင့်ယှက်ခံရသလို အကြမ်းဖက်ခြိမ်းခြောက်ခံရတတ်ပါတယ်။

ဩဂုတ်လကလည်း ရှန်ရှီးပြည်နယ်က ဆောက်လုပ်ရေးလုပ်ငန်းခွင် ညစ်ညမ်းမှုကို သွားရောက်စစ်ဆေးတဲ့ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး အရာရှိတွေကို ဆောက်လုပ်ရေး အလုပ် သမားတွေက ဝိုင်းရိုက်ခဲ့ပါတယ်။



ဗဟိုအစိုးရကတော့ မူဝါဒတွေ၊ တရားဥပဒေတွေချမှတ်ပြီး လာဘ်စားမှု တိုက်ဖျက်ရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြစ်မှုကျူးလွန်သူတွေကို နှိပ်ကွပ်လျက် ရှိပါတယ်။

ဘေဂျင်းအစိုးရဟာ လျော့ရဲနေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့တွေကို ပြန်လည်အားကောင်းလာအောင် လုပ်ဆောင်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း အစစ်အဆေးမခံတဲ့ ကုမ္ပဏီတွေကို အပြစ်ပေးလျက်ရှိပြီး ရလဒ်လည်း တိုးတက်မှု ရှိတယ်လို့ ဆိုပါတယ်။

သည်နှစ်ပထမ၁၀လအတွင်းမှာ ညစ်ညမ်းမှုဆိုင်ရာပြစ်မှုနဲ့ လူ ၃၅၀၀ ကျော်ကို တရုတ်က တရားစွဲဆိုခဲ့ပြီး မနှစ်ကထက် ၄၀ရာခိုင်နှုန်းမြင့်တက်လာပါတယ်။

**နှင်းသန့်**

[ref: Reuters, Dec 3, 2018.]